# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေးသတ္တမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကို ယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၂.၆၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြ ခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုး သား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်

လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းတင်အောင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ ၂၁-၂-၂၀၁၂ ရက်နေ့မှ ၂၄-၂-၂၀၁၂ ရက်နေ့ထိ ခွင့် (၄)ရက် သတ်မှတ်ပေးပါရန် ဦးမြအုန်း ၏ ကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင် မှ လေးစားစွာ ခွင့်တိုင်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြား ချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမနားနိုင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်း ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဟာ ကျန်းမာရေးဆေးစစ်ရန် ခုတင်(၁၀၀၀)ဆေးရုံကို သွားရန်ရှိပါသဖြင့် ၂၁-၂-၂၀၁၂ တစ်ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းကိုယ်စား

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ကျွန်တော် ဦးမနားနိုင်း မှ ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် သည် ကိစ္စတစ်ရပ်ဆောင်ရွက်ရန် ရှိပါသဖြင့် ယနေ့ ၂၁-၂-၂၀၁၂ အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးမျိုးမြင့် ၏ ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအေး မှ လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ဌွေး တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခင်မောင်ဌွေးမန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌွေး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ၏ ကိုယ်စားခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ဦးစိုးအောင်သည် ခုတင်(၁၀၀၀) ဆေးရုံကြီး မှာ မျက်စိဝေဒနာ ဆက်လက်ကုသရမည် ဖြစ်ပါသဖြင့် ၂၁-၂-၂၀၁၂ ရက်နေ့မှ ၂၄-၂-၂၀၁၂ ရက်နေ့အထိ ခွင့် (၄)ရက်သတ်မှတ်ပေးနိုင်ပါရန် ဦးစိုးအောင် ၏ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းသန့်ဇင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုင်းသန့်ဇင်ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဟာ နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံမှာ အစာအိမ်ရောဂါအတွက် တစ်ပတ်ခန့် တက်ရောက် ဆေးကုသမှုခံယူရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍

ယနေ့ ၂၁-၂-၂၀၁၂ ရက်နေ့မှ ၂၄-၂-၂၀၁၂ ရက်နေ့အထိ ခွင့်(၄)ရက် သတ်မှတ်ပေး ပါရန် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော် က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ စာအုပ်(၇၅)အုပ် လှူဒါန်းခြင်းအတွက်အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည် ဖြစ်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ က ၂၆-၁-၂၀၁၂ ရက်နေ့တွင် ပထမအကြိမ်အဖြစ် စာအုပ် (၆၀)၊ ဒု တိယအကြိမ်(၁၅)အုပ်၊ စုစုပေါင်းစာအုပ်(၇၅)အုပ်ကို အမျိုးသားလွှတ်တော်စာဖတ်ခန်းသို့ ပေးပို့လှူဒါန်းထားပါတယ်။

သို့ပါ၍ အမျိုး သားလွှတ်တော် စာကြည့်တိုက်တွင် တစ်စုတစ်စည်းတည်း ထားရှိ ဖတ်ရှုခွင့် ပေးထားမည်ဖြစ်ပါ ကြောင်းနှင့် လှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ပါကြောင်း ကြေညာပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေ လှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်မှတ်တမ်းတင် ထားမည်ဖြစ်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်း ဒေသကြီးမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော် စာကြည့်တိုက် အတွက် အလှူငွေ ၁၂၀၀၀၀ိ/-(ကျပ်တစ်သိန်းနှစ်သောင်း ) လှူဒါန်းထားပါတယ်။ အလှူငွေ လှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းသည့် မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး တစ်ဦး တည်းက ဖြေကြား ရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီးကျေးရွာ ဆက်သွယ်ရေး မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် နှင့် အိမ်မဲမြို့နယ်၊ မဲဇလီစာဖြူစု နှင့် မြောင်းမြမြို့နယ်၊ ကန်ကြီး၊ ကျုံတုံးကျေးလက် မြေသားလမ်းအား ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ၊** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဌေးနိုင် က အိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီးကျေးရွာ ဆက်သွယ်ရေး မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် နှင့် အိမ်မဲမြို့နယ်၊ မဲဇလီစာဖြူစု နှင့် မြောင်းမြမြို့နယ်၊ ကန်ကြီး၊ ကျုံတုံးကျေးလက် မြေသားလမ်းအား ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဌေးနိုင်၊ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒု တိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေ။ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဌေးနိုင် ဖြစ်ပါတယ်။ ကျေးလက်ဒေသနေ ပြည်သူများရဲ့ကိုယ်စား ပြည်သူများလိုလားတောင့်တတဲ့ ကျေးလက်မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးပါရန် တင်ပြသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်ကို ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ ခွင့်ပန်အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ဟာ ကျေးလက်ဒေသများ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးရေးနောက်ကျလျက် ရှိပါတယ်။ အထူးသဖြင့် ယနေ့ ကျွန်တော်တင်ပြမယ့် ကျေးလက်လမ်းများဟာ အိမ်မဲမြို့နဲ့ ဝေးကွာခြင်း၊ အိမ်မဲမြို့နယ်ရဲ့ နယ်စပ် ဒေသမှာရှိခြင်းတို့ကြောင့် ပိုမိုပြီးဖွံ့ဖြိုးရေး နောက်ကျလျက်ရှိပါတယ်။ တင်ပြမယ့်လမ်းများဟာ အိမ်မဲမြို့ ဆက်သွယ်ရေးအတွက် ကျေးရွာအုပ်စုကြီးတွေကို ဆက်သွယ်ထားတဲ့ လမ်းနှစ်သွယ်ပဲ ဖြစ်ပါတယ်။ ဒီလမ်းများကို ကျောက်ချောလမ်းအဖြစ် ပြုပြင်တည်ဆောက်ပေးကာမှ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေတဲ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားရေးပါတိုးတက်လာမှာဖြစ်လို့ ကျေးရွာနေ ပြည်သူများကလည်း တောင့်တ၊ ပြည်သူများရဲ့ဆန္ဒအရ ကျွန်တော် တင်ပြ မေးမြန်း ရခြင်းဖြစ်ပါတယ်။ အိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီးကျေးရွာ တို့ကို ဆက်သွယ်တဲ့လမ်းကို ဦးစွာမေးမြန်းခွင့်ပြုပါခင်ဗျား။ အဆိုပါ ညောင်ဝိုင်းကြီးကျေးရွာအု ပ်စု၊ ညောင်ဝိုင်းကြီးကျေးရွာ တံခွန်တိုင်ကျေးရွာတို့ဟာ အိမ် မဲမြို့နယ်ရဲ့ အနောက်တောင်ဘက်မှာ ရှိပြီး မြောင်းမြမြို့နယ် ကံကြီးဒေါင့်မြို့နယ်တို့နဲ့ ဆက်စပ် လျက်ရှိပါတယ်။ အိမ်မဲမြို့နယ်ကို ဆက်သွယ်သွားလာချင်ရင် မြောင်းမြမြို့နယ် အတွင်းမှာရှိတဲ့ ကန်ကြီး ကျေးရွာကိုလာပြီးမှ မြောင်းမြ-အိမ်မဲ-ရန်ကုန်လမ်းအတိုင်း အိမ်မဲမြို့ကို သွားရောက် ရတာ ဖြစ်ပါတယ်။ ဒါကြောင့် အိမ်မဲမြို့နယ် ညောင်ဝိုင်း ကြီးကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာနဲ့မြောင်းမြမြို့နယ် ကံကြီးကျေးရွာတို့ကို ဆက်သွယ်ရေးလမ်းဟာ

အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေအတွက် အဓိကလိုလား တဲ့ လိုအပ်တဲ့လမ်း လည်း ဖြစ်ပါတယ်။ ဆက်သွယ်ရေးမြေသားလမ်းဟာ (၂၉၅၀၀)ပေ ရှိပါတယ်။ အဆိုပါမြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေး မယ်ဆိုရင် ဒေသမှာရှိတဲ့ တံခွန်တိုင်အများစုကျေးရွာ၊ သခွပ်ပင်ကျောင်းကျေးရွာ၊ ကြာပိတ်ကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ညောင်ဝိုင်းကြီးကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ရှမ်းစုကျေးရွာ၊ ကွမ်းခြံကုန်း ကျေးရွာနဲ့ မြောင်းမြ မြို့နယ်အတွင်းရှိ ကန်ကြီးကျေးရွာစသည်ဖြင့် ကျေးရွာအုပ်စုကြီး (၇)စုကို ဖြတ်ဖောက်မယ့်လမ်းပဲ ဖြစ်ပါတယ်။ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးပြီ ဖြစ်ပါတယ်။ အထူးသဖြင့် မြောင်းမြမြို့နယ် က န်ကြီး ကျေးရွာမှာ အ ခြေခံပညာအထက်တန်းကျောင်းခွဲ တည်ရှိ ပါတယ်။ ဒါကြောင့် အိမ်မဲ မြို့နယ် အစွန်အဖျားကျေးရွာများက ကျောင်းသားကလေး များဟာ ကန်ကြီးကျေးရွာကို လာပြီး ကျောင်းတက်ကြရတာ ဖြစ်ပါတယ်။ အဆိုပါလမ်းဟာ မိုးတွင်းအခါမှာ မြေသားလမ်းဖြစ်လို့ ရွှံ့နွံများထူထပ်သဖြင့် လှေငယ်များ၊ ပဲ့ထောင်များဖြင့် ကျောင်းသွားကျောင်း ပြန် ပြုလုပ်နေရတဲ့ လမ်းလည်း ဖြစ်ပါတယ်။

ဖြည့်စွက်တင်ပြလိုတာက မကြာခင် ဖွင့်လှစ်ပေးတော့မယ့် ရွာသစ် တိုက်နယ် ဆေးရုံကြီး ရှိလာတော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် အဲဒီ ကျေးရွာများဟာ ကန်ကြီးကနေပြီး (၁၀)မိုင်ခန့်သာဝေးတဲ့ ရွာသစ်တိုက်နယ်ဆေးရုံကို ကျန်းမာရေး အလို့ငှာ စောင့်ရှောက်မှုတွေ အပြည့်အဝရကြတော့မှာလည်း ဖြစ်ပါတယ်။ ဒီဒေသလမ်းပေါ်မှာ တံတား (၂)စင်းရှိပါတယ်။ အဆိုပါ တံတားတွေကတော့ (၇၀)ပေရှိတဲ့ တံခွန်တိုင် -ကွမ်းခြံကုန်းတံတားနှင့် ပေ(၃၀)ကျယ်တဲ့ ညောင်ဝိုင်းတံတားတို့ပဲ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေဟာ သွားရေးလာရေး အဆင်ပြေဖို့ အဆိုပါတံတား (၂)စင်းကိုလည်း ကိုယ်ထူကိုယ်ထ တည်ဆောက်ဖို့ ကြိုးပမ်းအားထုတ် နေပါတယ်။ သို့သော်လည်း ကျေးလက်နေ ပြည်သူတွေအတွက် လိုအပ်ချက် ရှိနေပါတယ်။ နိုင်ငံတော်မှ ကျေးလက်ကျောက် ချောလမ်း ခင်းပေးမယ်ဆိုရင် အဆိုပါ တံတား (၂)စင်း တည်ဆောက်တဲ့ ကု န်ကျစရိတ်ကို သုံးပုံတစ်ပုံခန့် မျှခံပါမယ်လို့လည်း ကျွန်တော်တို့ကို ကတိပြု ထားကြောင်း သိရှိရပါတယ် ခင်ဗျား။ ဒါကြောင့် ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တို င်ကျေးရွာနဲ့ မြောင်းမြမြို့နယ် ကန်ကြီးကျေးရွာ ကျေးလက်ကျောက်ချောလမ်း ဖြစ်မြောက်သွားပါက ကျေးလက် နေပြည်သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများဟာ အရှိန်အဟု န် မြင့်တက် လာမှာဖြစ်ပါတယ်။ ကျေးရွာများဟာ မြို့နယ်နှစ်မြို့နယ်ရဲ့ အစွန်အဖျားကျေးလက်ဒေသများ

ဖြစ်သည့်အားလျော်စွာ တိုးတက်ဖွံ့ဖြိုးမှု အလွန်နှေးကွေးနေပါသောကြောင့် အဆိုပါ လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါကြောင့် အိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကြီးရွာ၊ တံခွန်တိုင်ကျေးရွာနဲ့ မြောင်းမြမြို့နယ် ကန် ကြီးကျေးရွာတို့ကို ဆက်သွယ်ထားသော မြေလမ်းအား ကျေးလက်ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ /မရှိ။ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင်စတင်၍ လမ်းအပိုင်းအလိုက် ခင်းပေးနိုင်မည်တို့ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ဒုတိယလမ်းဖြစ်တဲ့ အိမ်မဲမြို့နယ် မယ်ဇလီစာဖြူစုနဲ့ မြောင်းမြမြို့နယ် ကန် ကြီးတိုက်နယ် ကျုံတုန်း ကျေးလက်မြေသားလမ်းနှင့် ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ဒီလမ်းဟာအရှည်(၂၇)မိုင်ရှိပါတယ်။ မြေသားလမ်းဖြစ်ပြီး စည်ပင်သာယာက တာဝန်ယူတဲ့လမ်းလည်း ဖြစ်ပါတယ်။ မြောင်းမြမြို့နယ်အတွင်း (၈)မိုင်ပါဝင်ပြီး အိမ်မဲမြို့နယ်အတွင်းမှာ (၁၉)မိုင်ပါဝင်ပါတယ်။ အိမ် မဲမြို့နယ် မယ်ဇလီ စာဖြူစုက ကြခတ် ကွေ့ကျေးရွာအုပ်စု၊ ထန်းလေးပင် ကျေးရွာအုပ်စု၊ ခြောက်အိမ်တန်း ကျေးရွာအုပ်စု၊ ကျုံမရမ်းကန်စု ကျေးရွာအုပ်စု၊ ကြာထော်ညောင်ချောင်းကျေးရွာအုပ်စု၊ မယ်ဇလီပင်လောင်းကျေးရွာအုပ်စု၊ ပုလုညောထိုင်း ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားတဲ့ ကျေးလက်ဖွံ့ဖြိုးရေး လမ်းလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ပုလုညောင်ဝိုင်းကျေးရွာမှ မြောင်းမြမြို့နယ် မရမ်းချောင်းကျေးရွာအုပ်စု၊ အုန်းပင်ကျေးရွာအုပ်စု၊ မွေတော်ကျေးရွာအုပ်စုနဲ့ ကန်ကြီးတိုက်နယ် ကျုံတုံးအထိရောက်ပြီး၊ မြောင်းမြကြိုးတံတားအထိ ပေါက်တဲ့လမ်းလည်း ဖြစ်ပါတယ်။ အစွန်အဖျားကျေးရွာအုပ်စုကြီးမျာစိုပတ်ပြီးတော့ ဖောက်ထားတဲ့ လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းကို ၁၉၉၃ ခုနှစ်တုန်းက မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ဒီဆက်သွယ်ရေးလမ်းမကြီးတစ်လျှောက် တံတားငါးစင်းရှိပါတယ်။ မယ်ဇလီစာဖြူစုတံတား၊ အကျယ်(၁၀)ပေ၊ ရွာလေးတံတား အကျယ် (၁၅)ပေ၊ သပြေချောင်း တံတား အကျယ်(၃၀)ပေ၊ ခြောက်အိမ်တန်းတံတား အကျယ် (၂၀)ပေ၊ မယ်ဇလီတံတား အကျယ် (၂၀)ပေတို့ ဖြ စ်ပါတယ်။ ၎င်းအပြင် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့က မယ်ဇလီစာဖြူစုမှ ကျေးလက် ကျောက်ချော လမ်း (၁)မိုင်ကိုလည်း ခင်းပေးထားပြီး ဖြစ်ပါ တယ်။ အဆိုပါ မယ်ဇလီစာဖြူစုနဲ့ ကျုံတုံးကျေးရွာကန်ကြီး ဆက်သွယ်တဲ့လမ်းဟာ ကျေးလက်ကျောက်ချောလမ်း ခင်းပြီးပါက ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားလာသလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်လို့

ပြည်သူများလိုလား တောင့်တ လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အိမ်မဲမြို့နယ် မယ်ဇလီ စာဖြူစုနှင့် မြောင်းမြမြို့နယ် ကန်ကြီး-ကျုံတုံးကျေးလက်မြေသားလမ်းကို ကျောက်ချောလမ်း အဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်၍ လမ်းအပိုင်းအလိုက် ခင်း ပေးနိုင်မည်တို့ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချောက်မြို့နယ်၊ ဝွေးပင်ကျေးရွာအုပ်စု၊ ဝွေးပင်စံပြကျေးရွာတွင် သောက်သုံးရေ အခက်အခဲအား ဖြေရှင်းပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း က ချောက်မြို့နယ်၊ ဝွေးပင်ကျေးရွာအုပ်စု၊ ဝွေးပင်စံပြကျေးရွာတွင် သောက်သုံး ရေ အခက်အခဲအား ဖြေရှင်းပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးအောင်ငြိမ်းမကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှအမျိုးသား လွှတ်တော်ကိုယ်စား လှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ ကိစ္စကတော့ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ဝွေးပင်ကျေးရွာအုပ်စု၊ ဝွေးပင်စံပြကျေးရွာတွင် စက်ရေတွင်း ပျက်စီးနေပြီးတော့ တူးဖော်ထားတဲ့ သောက်သုံးရေကန်မှာလည်းပဲ ရေခမ်းခြောက်ကာ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေခြင်း ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ချော က်မြို့နယ်၊ ဝွေးပင်ကျေးရွာအုပ်စု၊ ဝွေးပင်စံပြကျေးရွာဟာ ရန်ကုန်-မကွေး-ရေနံချောင်း- မန္တလေးကားလမ်းမကြီးပေါ်မှာ တည်ရှိပြီး တော့မှ အိမ်ထောင်စု(၂၉၁)စု၊ လူဦးရေ(၁၆၀၀)ခန့်ရှိပါတယ်။ ဝွေးပင်စံပြကျေးရွာတွင် အထက်တန်း ကျောင်း(ခွဲ)တစ်ကျောင်း(တက္ကသိုလ်ဝင်တန်းစာဖြေဌာနရရှိပြီး)ဖြစ်ပါတယ်။ ကျန်းမာရေးဆေးပေးခန်း၊

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့ဆက်သွယ်ရေးရုံး ၊ စာတိုက်၊ စည်ပင် သာယာဈေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးရွာစာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း များအစရှိသည့် အဖွဲ့အစည်း များလည်းရှိပါတယ်။ ချောက်မြို့နယ်၊ ငွေးပင်ကျေးရွာ မှာ စက်ရေတွင်း အမှတ်(၃၀၀၁)အား ၁၉၇၉ ခုနှစ်မှာတူးဖော်ခဲ့ရာ အနက်ပေ(၁၂၁၂)ပေရှိပြီး GI 6" MONO Pump အမျိုးအစားဖြင့် တပ်ဆင်အသုံးပြုခဲ့သည်မှာ (၃၂)နှစ်ကျော် ရှိပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ဎင်းစက်ရေတွင်းဟာ ရေထွက်နည်းလာပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့သို့ ကျေးရွာမှတင်ပြခဲ့ရာ (၃-၄-၂၀၁၁) ရက်နေ့မှစပြီးရေပန့်နှင့် ရေထုတ်ပိုက်များ ပြန်လည် စစ်ဆေးခြင်း၊ မူလပေ(၉၀၀)မှ(၉၇၀)ပေအထိ MONO Pump တိုးချဲ့ပြီး တပ်ဆင်မောင်းနှင် ခဲ့သော်လည်းပဲ ရေကောင်းစွာမထွက်ရှိတော့ပါခင်ဗျား။(၂၉-၄-၂၀၁၁) ရက်နေ့မှာ (JICA) အဖွဲ့မှ 750 CFM Compressor ဖြင့် (၂) ရက်ကြာ ရေမှုတ်တွင်း ဆေးခြင်း ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ယခုအခါမှာစက်ရေတွင်းဟာ သက်တမ်းကြာမြင့်ပြီဖြစ်တဲ့အပြင် ရေကြောတွင် သဲပို့ဇကာပိတ်နေခြင်းများ ဖြစ်ပေါ်နေကြောင်း နှင့် ရေလုံးဝမထွက်တော့တဲ့အတွက် ၂၀၁၁ ခုနှစ်၊ မေလ၂၅ ရက်နေ့မှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖွဲ့ပြီးတော့မှ တွင်းပျက်စာရင်းအဖြစ် အသိအမှတ်ပြုပြီး ဖြစ်ပါတယ်။ ဎင်းစက်ရေတွင်းကို ငွေးပင်ကွက်သစ်၊ ငွေးပင်ရွာမ၊ ဆူးတပ်ကျေးရွာ၊ သပြေပင်ကျေးရွာတို့မှ ရွာပေါင်း (၄)ရွာရှိ လူဦးရေပေါင်း (၃၈၀၀)ခန့် မှီခိုသောက်သုံး နေရပါတယ်။ စက်ရေတွင်း ပျက်သွားသဖြင့် မိုးရေခံ၊ သောက်သုံး ရေကန်များကိုသာ မှီ ခိုသုံးစွဲနေရပါတယ်။ ဎင်းရေကန် များမှာလည်း ရွာအနီး ပတ်ဝန်းကျင် ကျေးရွာ(၆)ရွာမှာ အိမ်ထောင်စုဝ င်များ မှီခိုသောက်သုံး နေရတဲ့အပြင် ရေကန်မှာ လည်း ရေခမ်းခြောက်စပြုလာပြီ ဖြစ်ပါတယ်။

သို့ပါ၍ မကွေးတိုင်း ဒေသကြီး၊ ချော က်မြို့နယ်၊ ငွေးပင်စံပြကျေးရွာတွင် ပျက်စီး နေသော စက်ရေတွင်းအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြင်ဆင်ခဲ့သော်လည်းပဲ မအောင်မြင်ခဲ့တဲ့အတွက် တွင်းအသစ်ထပ်မံ တူးဖော်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ဒါကြောင့် ငွေးပင်စံပြကျေးရွာတွင် သောက်သုံးရေ အခက်အခဲ ဖြစ်နေပါသဖြင့် စက်ရေတွင်းအသစ် ထပ်မံတူးဖော်ပေးနိုင်ပါရန် ဓာတ်ပုံမှတ်တမ်း များနှင့်လည်း တင်ပြထားရှိပါတယ်။ ဎင်းရေတွင်း ရေကန်များကိုလည်း ကျွန်တော်တို့ ကိုယ်တိုင် ရောက်ရှိ တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။ သောက်သုံးရေ

အခက်အခဲဖြစ်နေမှုအခြေအနေများကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို သိရှိလိုပါသဖြင့် ကျေးလက်နေ ပြည်သူလူထုအကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြောက်ဦးမြို့၊ကုန်သည်တန်း ချောင်းကူးတံတားကို ကွန်ကရစ်တို င် နှင့် အခင်းပျဉ်းကတိုးသစ်မာတို့ဖြင့် အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် နှင့် မြောက်ဦးမြို့ပေါ်ရှိ ဗန္ဓုလတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်ကျော်က မြောက်ဦးမြို့ ကုန်သည်တန်းချော င်းကူးတံတားကို ကွန်ကရစ်တိုင် နှင့် အခင်း ပျဉ်းကတိုး၊ သစ်မာတို့ဖြင့် အမာခံတံတားအဖြစ် တည်ဆောက်ပေးရန်နှင့် မြောက်ဦးမြို့ပေါ်ရှိ ဗန္ဓုလတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့် မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်**စု**န်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရ ဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြောက်ဦးမြို့နယ်၊ ကုန်သည်တန်း ချောင်းကူးတံတားကို ကွန်ကရစ်တိုင်နှင့် အခင်းပျဉ်းကတိုးသစ်မာတို့ဖြင့် အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိ မေးခွန်းတစ်ခုနှင့် နောက်မေးခွန်းတစ်ခုကတော့ မြောက်ဦးမြို့ပေါ် ရှိ ဗန္ဓုလတံတားကို သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းတို့ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော်နည်းနည်း ရှင်းလင်းဆွေးနွေးပေးပါမယ်။ ပထမမေးခွန်းဖြစ်တဲ့ ကွန်ကရစ်တံတား အကြောင်းကို အရင်ပြောပါမယ်။ မြောက်ဦးမြို့ပေါ်မှာရှိနေတဲ့ ကုန်သည်တန်း တံတားဟာ အရှည်ပေ(၁၂၀)ကျော်ခန့်ရှိပါတယ်။ မြို့၏တောင်ဘက်ခြမ်း နှင့် မြောက်ဘက်ခြမ်းကို ဆက်သွယ်ထားတဲ့ ချောင်းကူးတံတားလည်း

ဖြစ်ပါတယ်။ မြို့သူ /မြို့သားများ၊ ရွာသူ /ရွာသားများ၊ ကျောင်းသူ/ကျောင်းသားများ၊ ဈေးသူ/ဈေးသားများ နေ့စဉ်နှင့် အမ္ဘ ဖြတ်သန်းသွားလာနေကြတဲ့ တံတားတစ်ခုလည်းဖြစ်ပါတယ်။ ဤကုန်သည်တန်းတံတားကို သာမန်သစ်ဖြူသစ်မာများနှင့် ယာယီသဘောသာ ဆောက်လုပ်ထားတာကြောင့် အနှစ် (၂၀)ခန့် ကာလအတွင်းမှာ မိုးများသည့် နှစ်တွေမှာ ချောင်းရေစီးပြင်းထန်သည့်အတွက် တံတား (လုံး၀)ကျိုးပျက်သွားခဲ့တာလည်း (၃)ကြိမ်ထိ ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီနှစ်မိုးတွင်းကာလမှာလည်း ကျိုးပျက်သွားခဲ့ ပါတယ်။ ဒီတံတားမှ နေ့စဉ်ဖြတ်သန်း သွားလာနေကြသူတွေဟာ တော်တော်ကို အခက်အခဲနှင့် ကြုံတွေ့ကြရပါတယ်။ ဒါကြောင့် ဒီတံတားကို ရေရှည်ခိုင်ခံ့စေရန်အတွက် ကွန်ကရစ်တိုင်များဖြင့်မြှင့်လုပ်ပြီး အခင်းကိုလည်းပျဉ်းကတိုးသစ်မာဖြင့် အမာခံတံတားအဖြစ် ပြောင်းလဲဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ဗန္ဓုလတံတားအကြောင်းဆက်ပြောပါမယ်။ ဗန္ဓုလတံတားဟာ မြောက်ဦးမြို့ပေါ်ရှိ တံတားတစ်ခုဖြစ်ပြီး အရှည်ပေ (၁၆၀) ကျော်ခန့်ရှိပါတယ်။ ဤတံတားကြီးဟာ မြောက်ဦးမြို့ပေါ်မှာ အသွားအလာ အများဆုံးသော တံတားတစ်ခုဖြစ်ပါတယ်။ သင်္ဘောဆိပ်သွား တဲ့လမ်းတံတား တစ်ခုဖြစ်သည့်အပြင် မြို့တွင်း အဓိကဗဟိုလမ်းမကြီး၏ တံတားလည်းဖြစ်ပါ တယ်။ ဒီဗန္ဓုလတံတားဟာ သစ်သားတံတား ဖြစ်တာကြောင့် မကြာခဏ ပျက်လိုက်၊ ပြုပြင်လိုက် အနေအထားမျိုးဖြစ်နေပ ါတယ်။ တံတားရဲ့ သစ်သားအခင်းများကို သံရိုက်ထားတာတွေ ချောင်လာတဲ့အခါ၊ လွဲလာတဲ့အခါ၊ ရွှေ့လာတဲ့အခါ ကား၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီး စသည့်ယာဉ်များ သွားလာရာမှာ အခက်အခဲရှိပါတယ်။ အန္တရာယ်လည်းဖြစ်တတ်ပါတယ်။ မကြာခဏလည်း ဖြစ်လေ့ဖြစ်ထရှိ တတ်ပါတယ်။ မြောက်ဦးမြို့ဟာ သမိုင်း ဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များပေါများကြွယ်ဝတဲ့ ဒေသတစ်ခုဖြစ်တာကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ တော်တော်များများရောက်ကြပါတယ်၊ ယခင်ကထက်ဒီနှစ် ပိုမိုလာရောက်လာပါတယ်။ ဒီနိုင်ငံရပ်ခြားခရီးသွားဧည့်သည်များဟာ မြောက်ဦးမြို့ကို လာလို့ရှိရင်သင်္ဘောဆိပ်မှ တက်လာရင် ဒီဗန္ဓုလတံတားကိုဖြတ်ကျော်ပြီးမှ သွားရပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက်မှ ဒီနေ့အထိ သစ်သားတံတား အဆင့်သာရှိနေသေးတဲ့ ဒီတံတားကို မြို့နှင့်သင့်တင့် လျှောက်ပတ်သော သံကူကွန်ကရစ်တံတားတစ်ခု အဖြစ် အဆင့်တိုးမြှင့် ဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျုံပျော် - ရေကြည်-လေးမျက်နှာမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် နတ်စင်ငူ -ရေနက်ချောင်းကူး တံတား တည်ဆောက်ပေးရန် နှ င့် ရေကြည်မြို့နယ်၊ ချင်းကုန်း -ငပိဆိပ်ကျောက်ချောလမ်း ပြီးမြောက်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း က ကျုံပျော်-ရေကြည်-လေးမျက်နှာမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် နတ်စင်ငူ - ရေနက်ချောင်းကူး တံတား တည်ဆောက်ပေးရန် နှင့် ရေကြည်မြို့နယ်၊ ချင်းကုန်း -ငပိဆိပ် ကျောက်ချောလမ်း ပြီးမြောက်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးဉာဏ်လင်း၊ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်း က မေးခွန်း (၂)ခုမေးမြန်းလိုပါ တယ်။ ဖတ်ကြားတင်ပြခွင့်ပြုပါရန်ပန်ကြားအပ်ပါတယ်။ပထမမေးခွန်းကိုတင်ပြပါ့မယ်။ ကျုံပျော်၊ ရေကြည်၊ လေးမျက် နှာမြို့နယ်ဒေသဖွံ့ဖြိုးရေးအတွက် နတ်စင်ငူ -ရေနက်ချောင်းကူးတံတား တည်ဆောက်ပေးနိုင်မည့် အစီအစဉ်ရှိ /မရှိမေးခွန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာအုပ်စု ဒုတ်ရိုက်ကျေးရွာနှင့် ရေကြည်မြို့နယ်၊ ကျုံပဒုတ်ကျေးရွာအုပ်စု လယ်တီကျေးရွာတို့ ရဲ့ ကြားမှာတည်ရှိတဲ့ နတ်စင်ငူ -ရေနက်ချောင်းကို ဖြတ်တဲ့တံတားတစ်စင်း အမှန်လိုအပ်လျက် ရှိပါတယ်။ နိုင်ငံတော်က ခန့်မှန်းအတိုင်းအတာ အရှည်ပေ (၂၀၀)၊အကျယ် (၁၂)ပေ၊ အမြင့် (၂၅)ပေရှိ အဆိုပါတံတားကို တည်ဆောက်ပေးမယ် ဆိုပါက ကျုံပျော် မြို့နယ်၊ သောင်ကြီး -ဒိုက်ပျက်လမ်းမကြီးနှင့်လည်းကောင်း၊ ရေကြည်မြို့နယ်၊ ဇရပ်လှ -ရေနောက် -ကိုးတဲ ကွင်းလမ်းမကြီးနှင့် လည်းကောင်း ဆက်သွယ်သွားလာနိုင်မှာ ဖြစ်ပါတယ်။ ကျုံပျော်မြို့နယ် ဒို က်ပျက်အုပ်စု သင်တောဂယက်အုပ်စု၊ မျက်နီကွင်းအုပ်စု ၊ သရက်ချောင်းအုပ်စုများရှိ ကျေးရွာခွဲ (၁၉)ရွာ၊ ရေကြည်မြို့နယ် ကျုံပဒုတ်အုပ်စု၊ ကညင်ငူ အုပ်စု၊

ပိတောက်ချောင်းအုပ်စုများရှိကျေးရွာ(၉)ရွာ၊ လေးမျက်နှာမြို့နယ် ရေနောက်အုပ်စု၊ ကိုး တဲအုပ်စု၊ ထိန်တောကြီးအုပ်စုတို့ရှိ ကျေးရွာခွဲ (၉)ရွာ စုစုပေါင်းကျေးရွာအုပ်စု(၁၀)အုပ်စုရှိ ကျေးရွာပေါင်း (၃၇)ရွာမှ ကျေးလက်ပြည်သူများ အနေဖြင့်လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ဒေသစီးပွားရေး ၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါ ဒုတ်ရိုက်ကျေးရွာနှင့် လယ်တီကျေးရွာ ဆက်သွယ်ပေးသည့် နတ်စင်ငူ-ရေနက်ချောင်းကူးတံတား တည်ဆောက်ပေး နိုင်ပါရန်နှင့် တည်ဆောက်ပေးနိုင်ခြင်းရှိ /မရှိ သိရှိလိုပါ၍ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကို တင်ပြပါမယ်။ ကာလကြာမြင့်ပြီဖြစ်တဲ့ ချင်းကုန်း -ငပိဆိပ် ကျောက်ချောလမ်း ပြီးမြောက်ရေးအတွက် ကို ပြည်ထောင်စု အဆင့် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝ န်ယူဆောင်ရွက် ပေးရန် ရှိ/မရှိနှင့် စပ်လျဥ်း၍ မေးမြန်း သွားမှာ ဖြစ်ပါတယ်။ ရေကြည်မြို့နယ်၊ ရေသိုးကျေးရွာ အုပ်စု ချင်းကုန်းကျေးရွာနှင့် ဘွဲ့ငူ ကျေးရွာအုပ်စု ငပိဆိပ် ကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းမကြီးဟာ ပေပေါင်း (၁၆၄၀၀)ရှည်လျားပါတယ်။ အဆိုပါလမ်းမကြီးကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်က စတင်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းအဖြစ် စတင် ဆောင်ရွက်ခဲ့ရာ ပေပေါင်း (၁၀၇၄၀)ပြီးမြောက်ခဲ့ပြီးပေပေါင်း(၁၅၆၆၀)ကျန်ရှိလျက်ရှိနေပါတယ်။ အဆိုပါကျောက်ချောလမ်းမှာ ဒေသတွင်းကျေးရွာအုပ်စု (၂၀)မှ ပြည်သူ များရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး တို့ကို အကျိုးပြုလျက်ရှိပါတယ်။ လုပ်ငန်းစတင်ချိန်နှင့် ပြီးမြောက်ချိန်ကာလကြာမြင့်သဖြင့် ပြီးစီးပြီးဖြစ်တဲ့လမ်းတွေဟာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ အကျိုး သက်ရောက်မှုများ အားနည်းခဲ့ရပါတယ်။ ရေကြည်မြို့နယ်ဟာ စီးပွားရေး အင်အား နည်းပါးတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြို့နယ်ရဲ့ရန်ပုံငွေအခွန်အခဖြင့် ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် အခွင့်အလမ်း နည်းပါးပါတယ်။ သို့ဖြစ်တဲ့အတွက် ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်အောင်မြင် စေရေးအတွက် လည်းကောင်း ကျန်ရှိနေတဲ့လမ်းပိုင်း ကို ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်မှု အစီအစဥ်ရှိ/မရှိကို သိရှိလို ပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အုတ်ဖိုမြို့နယ်အတွင်းရှိ ခြောက်တင်းကွင်း၊ ကွဲဖြူမ၊ ရွာရှောင်၊ ဝိုင်း ကျေးရွာများ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ဂုံညင်းတန်း၊ ဘုတ်သိုး၊ ဒီး ဒူးပင်၊ ကန်သာယာ ကျေးရွာချင်းဆက်လမ်း နှင့် ကြက်ဆူတော၊ ထူးချောင်း၊ ကင်ပွန်းခြုံ၊ အိုးသည်ကုန်း ကျေးရွာချင်းဆက်လမ်းများအား ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦး က အုတ်ဖိုမြို့နယ်အတွင်းရှိ ခြောက်တင်းကွင်း၊ ကွဲဖြူမ၊ ရွာရှောင်၊ဝိုင်းကျေးရွာများ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ဂုံညင်းတန်း၊ ဘုတ်သိုး၊ ဒီးဒူးပင်၊ ကန်သာယာ ကျေးရွာချင်းဆက်လမ်းနှင့် ကြက်ဆူတော၊ ထူးချောင်း၊ ကင်ပွန်းခြုံ၊ အိုးသည်ကုန်း ကျေးရွာချင်း ဆက်လမ်းများအား ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ မဲဆန္ဒရှင် ပြည်သူများ၏ မေးမြန်း တင်ပြမှု များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အုတ်ဖိုမြို့နယ်ဟာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များရဲ့အားနဲ့ အားလုံး ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီလုပ်ငန်းများအပြင် ယခု မေးမြန်းမယ့် မေးခွန်းများပါ လမ်းများသည် ဒေသ အစီအစဉ်ဖြင့် ဆောင်ရွက်ရန်ခက်ခဲနေတဲ့အတွက် ဒေသခံ ပြည်သူများ ကလည်း လိုလိုလားလား တောင့်တနေသည့်အတွက်လည်းကောင်း ဤမေးခွန်းများကို မေးမြန်း ရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ ပထမမေးခွန်းများ အနေနဲ့ ကျွန်တော်တို့

အုတ်ဖိုမြို့နယ် ကျေးရွာချင်း တွေ ဆက်တဲ့လမ်းဖြစ်တဲ့ ခြောက်တင်းကွင်း ၊ ကွဲဖြူမ၊ ရွာရှောင်၊ ဝိုင်းကျေးရွာ ချင်းဆက်လမ်းဟာ(၁၃)မိုင်ရှည်လျားပြီး ကျေးရွာအုပ်စု(၉)အုပ်စုမှ ဒေသခံပြည်သူများ အသုံးပြုလျက်ရှိသည့်အတွက် ကျေးရွာချင်းဆက်လမ်းများအား လမ်းအဆင့်မြှင့်တင်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သ ည့်အချိန်တွင် ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိပါက မည်သည့် အကြောင်းများကြောင့် ဆိုသည်ကို မေးမြန်းလိုပါသည်ခင်ဗျား။

ဆက်လက်ပြီး အုတ်ဖိုမြို့နယ်ကလည်း ကျေးရွာချင်းဆက်လမ်းတွေဖြစ်တဲ့ ဂုံညင်းတန်း၊ ဘုတ်သိုး၊ ဒီးဒူးပင် ၊ ကန်သာယာ ကျေးရွာချင်းဆက်လမ်းဟာ (၅)မိုင်ရှည်လျားပြီး ကျေးရွာခွဲ (၇)ရွာမှ ဒေသခံပြည်သူများ အသုံးပြု လျက်ရှိတဲ့ ကျေးရွာချင်း ဆက်လမ်းများကို ရာသီမရွေး သွားလာနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်။ အစီအစဉ် မရှိပါက မည်သည့်အကြောင်းများကြောင့်ဆိုသည်ကို သိရှိလိုပါတယ်။

နောက်ဆုံးမေးခွန်းအနေနဲ့ အုတ်ဖိုမြို့နယ်မှာပဲ ကျေးရွာများဆက်သွယ်တဲ့ ကျေးရွာ ချင်းဆက်လမ်းတွေဖြစ်တဲ့ ကြက်ဆူတော ၊ ထူးချောင်း၊ ကင်ပွန်းခြုံ၊ အိုးသည်ကုန်း ကျေးရွာ ချင်းဆက်လမ်းဟာ (၇)မိုင် ရှည်လျားပြီးတော့ ကျေးရွာအုပ်စု(၈)အုပ်စုမှ ဒေသ ခံပြည်သူများ အသုံးပြုလျက်ရှိသော ကျေးရွာချင်းဆက် လမ်းတွေကို ရာသီမရွေးသွားလာနိုင် သည့် လမ်းများ အဖြစ် အဆင့်မြှင့်တင်နိုင်ရေး အတွက် ကူညီဆောင်ရွက် ပေးနိုင်ပါရန် အစီအစဉ်ရှိ /မရှိ သိရှိ လိုပါတယ်၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့် ဆိုသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပန်းတနော်မြို့နယ်အတွင်း သန့်ရှင်းသောသောက်သုံးရေများ ရရှိရေးအတွက် လက်နှိပ်တုံကင်များ တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးဝင်းသိန်း က ပန်းတနော်မြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေများရရှိရေးအတွက်

လက်နှိပ်တုံကင်များ တူးဖော်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

[ဦးဝင်းသိန်း ခွင့်ပန်ကြားထားပါသည်။]

မေးမြန်းတဲ့ကိုယ်စားလှယ်မရှိတဲ့အတွက် ဒုတိယ ဝန်ကြီးက ဒီမေးခွန်း ကို နှုတ်ဖြင့် ဖြေကြားစရာမလိုပါဘူး။ စာဖြင့်ဖြေကြားပြီးတော့ပေးပို့ဖို့ ဖြစ်ပါတယ်။

**ကျိုခါးမြို့နယ်ခွဲနှင့် ခမ်းပတ်မြို့နယ်ခွဲတို့အား ချိတ်ဆက်စေမည့် လမ်းကြမ်းအား ဆက်လက်၍ ဖောက်လုပ်ပေးရန် နှင့် မဏိပူရ မြစ်ဖြတ်တံတား တည်ဆောက် ပေးရန်အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က ကျိုခါးမြို့နယ်ခွဲနှင့် ခမ်းပတ်မြို့နယ်ခွဲတို့အား ချိတ် ဆက်စေမည့် လမ်းကြမ်းအား ဆက်လက် ၍ ဖောက်လုပ်ပေးရန်နှင့် မဏိပူရမြစ် ဖြတ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့အစည်းအဝေးသို့ တက်ရောက် လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေ ဖြင့် ချင်းပြည်နယ် ၊ ဖလမ်းခရိုင်အတွင်းရှိ ကျိုခါးမြို့နယ်ခွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး တ မူးခရိုင်အတွင်းရှိ ခမ်းပတ် မြို့နယ်ခွဲတို့အား ခရိုင်ချင်းဆက် ချိတ်ဆက်ပေးမည့်လမ်းကြမ်းအား ဆက်လက်ဖောက်လုပ်ပေးရန် တံတားတည်ဆောက်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီးမေးခွန်းများ မေးမြန်းမှာ ဖြစ်ပါ တယ်။ ကျိုခါးမြို့ဟာ ချင်းပြည်နယ်၊ဖလမ်းမြို့နယ်အတွင်းရှိ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ကျိုခါး မြို့နယ်ခွဲတို့ကို ဆက်သွယ်ပေးသောကားလမ်းမကြီး၏ အနောက်ဘ က် အစွန်ဆုံးဒေသတွင်

တည်ရှိသောမြို့ ဖြစ်ပါသည်။ပထဝီအနေအထားအရှောင်ပြရလျှင် မြန်မာနိုင်ငံ၏အနောက်ဖက်တွင် တည်ရှိသော အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက် နယ်နိမိတ်မှတ်တိုင် (၀၁)ဘုတ်တိုင်များ ဖြင့်နယ်နိမိတ်ပိုင်းခြား ထားပါတယ်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီးဟာမူးခရိုင်အတွင်းရှိခမ်းပတ် မြို့နယ်ခွဲ၏ နယ်နိမိတ် ညွှန်းပြမြေပုံသည် တွန်းဇံမြို့နယ်၏ နယ်နိမိတ်နှင့်ထိစပ်၍ ပိုင်းခြားထား လျက်ရှိပါတယ်။ ဒါကြောင့် နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်အညီ ကျေးလက် ဒေသဖွံ့ဖြိုးရေး အစီ အစဥ်ဖြင့် တာဝန်ကြီး (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။ ယင်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသား ဒေသခံ ပြည်သူများအတွက် လူနေမှုအဆင့်အတန်း အပြည့်အဝလွှမ်း ခြုံပေးနိုင်ရန်နှ င့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေး အဖြစ်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စောင့်ရှောက်မှုကို သာ မျှော်လင့် နေပါတယ်။ အဆိုပါ မြို့နယ်ခွဲနှစ်ခုရဲ့ ဆက်သွယ်ရေးလမ်းကြောင်းပေါ်၌ တည်ရှိထားတဲ့ ကျီခါး မြို့နယ်ခွဲအတွင်းရှိ ကျေးရွာတချို့နှင့် တွ န်းဇံမြို့နယ်အတွင်းရှိ ကျေးရွာတချို့ဟာ ဝေးလံခေါင်းပါး ဆုံးဒေသဖြစ်ခြင်း၊ မိရိုးဖလာအရ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ခြင်းဖြင့် အသက်မွေးစမ်းကျောင်း လုပ်ကိုင်ရခြင်း၊ တောင်ယာထွက်သီးနှံများဖြစ်ထွန်းမှုနည်းပါးခြင်း၊ တောင်ထိပ်တွင် နေထိုင်ရသဖြင့် ရေရှားပါးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းအနေဖြင့် ခြေလျင်သွားနေရခြင်းတို့ကြောင့် အခက်အခဲ များစွာဖြင့် ရင်ဆိုင် လှုပ်ရှားရုန်းကန်နေကြရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်တဲ့ Community Development for Remote Townships နဲ့ ပူးပေါင်းလျက်ဝေးလံခေါင်းပါးသောမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေး စီမံကိန်းအတွက်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အသိပညာ များကို မြေပြင်လှုပ်ရှားကွင်း ဆင်းလေ့လာပြီး ရွာ ငယ်များကို စိစစ်၍နယ်မြေအုပ်စု Cluster အသီးသီးဖွဲ့စည်း၍ Cluster Head များ ခန့်ထားပေးပါတယ်။ ၎င်းကျေးရွာရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ ၊ ကျေးရွာအတွင်းရှိ သြဇာရှိပုဂ္ဂိုလ်များ ဖိတ်ကြား၍ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လျက် ဒေသရဲ့လိုအပ်ချက်ပါအချက်အလက်Data များစုစည်း၍ သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံပါတယ်။ ဤသို့ဖြင့် ပညာရေး ကဏ္ဍနှင့် စပ်လျဉ်း၍ ကျောင်းဥပဓိရုပ်မကောင်းသော ကျောင်းများ ပြုပြင်မွမ်းမံတည်ဆောက်ပေးခြင်းနဲ့ (Water Supply) ကျောင်းရေရရှိရေးအတွက် Score Sanitation Hygiene and Environment

သဘာဝပတ်ဝန်းကျင်မှ ကျန်းမာရေးနဲ့ ညီညွတ်သော ရေထွက်ပင်ရင်း၊ ရေကောင်းရေသန့်များ ရရှိရေးကို အထူးဦးစားပေး၍ ကူညီပံ့ပိုးပေးခြင်း၊ ကျန်းမာရေးနဲ့ ပတ်သက်၍ ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ပေးခြင်း၊ အရန်သားဖွား ဆရာမများ သင်တန်းပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် ကျေးရွာတစ်ရွာ နဲ့တစ်ရွာလွယ်ကူစွာ သွားလာနိုင်ရေးကို အဆင်ပြေစေရန် ချောင်းကူးတံတား၊ ကြိုးတံတားများ ဆောက်လုပ် ပေးခြင်းနဲ့ လယ်ယာလုပ်ငန်းနဲ့ပတ်သက်၍ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ပေးခြင်း စသည်အားဖြင့် ကူညီပံ့ပိုးခဲ့ပါတယ်။ အဆိုပါ စီမံကိန်းလုပ်ငန်းများသာမက နယ်စပ်ရေးရာဝန်ကြီးဌာန နဲ့ CRDP လူမှုဖွံ့ဖြိုးရေး စီမံကိန်းမှ လမ်းကြမ်းဖောက်လုပ်ပေးရေးကိုပါ စေတနာအပြည့်အဝနဲ့ ရက်ရက်ရောရော ပါဝင်ကူညီပေး တဲ့အတွက် များစွာနှစ်ထောင်းအားရကြည်နူး၍ မျက်ဝါး ထင်ထင်တွေ့မြင်ရတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြော င်းနဲ့ အမှတ် (၉၄၁)စစ်မြေပြင်တပ်မတော်အင်ဂျင်နီယာတပ်မှ လမ်းအူကြောင်းရှာပေး၍ စက်ယန္တရားများဖြင့် အဘက်ဘက်မှ ကူညီပံ့ပိုးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်ကြီး (၅)ရပ်ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍနဲ့စပ်လျဉ်းပြီး ဤလမ်းကြမ်းကို ချင်းပြည်နယ်၊ ဖလမ်းခရိုင်အတွင်းရှိ ကျိခါးမြို့နယ်ခွဲနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၏ တမူးခရိုင် ၊ ခမ်းပတ်မြို့နယ်ခွဲတို့ကို ချိတ်ဆက်ပေး၍ တွ န်းဇံမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းဖွံ့ဖြိုးမှုကို လွှမ်းခြုံ ဖော်ဆောင်စေနိုင်ပြီး တိုင်းရင်းသားကျေးရွာများအချင်းချင်း ချိတ်ဆက်စေမယ့် လမ်းကြမ်းကို ဆက်လက်ဖောက်လုပ်ပေးခြင်းဖြင့် ၎င်းဒေသတစ်ခုလုံးရဲ့ လူမှုဘဝ ပြည့်ပြည့်ဝဝ လွှမ်းခြုံ ပေးနိုင်မယ်ဟု ထင်မြင်သုံးသပ်မိပါတယ်။ သို့ပါ၍ ချင်းပြည်နယ်၊ ဖလမ်းခရိုင်အတွင်းရှိ ကျိခါးမြို့နယ်ခွဲနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်းရှိ ခမ်း ပတ်မြို့နယ်ခွဲတို့ကို ဆက်သွယ် ပေးတဲ့ လမ်းကြမ်းဟာ အတိုဆုံးခရီးနဲ့ အသက်သာဆုံးခရီးသာမက တွန်းဇံ၊ ကျိခါးမြို့နယ် အတွက် ထွက်ပေါက်လမ်း အသစ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်စွာ ယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါမေးခွန်းများဖြင့်တင်ပြမေးမြန်းလိုပါတယ်။ (၁) ဖလမ်းခရိုင်၊ ကျိခါးမြို့နယ်ခွဲနဲ့ တမူးခရိုင်၊ ခမ်းပတ်မြို့နယ်ခွဲတို့အား ချိတ် ဆက်စေမယ့် လမ်းကြမ်းအား ဆက်လက်၍ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ /မရှိသိရှိ လိုပါကြောင်း ။(၂) လမ်းကြမ်းဖောက်လုပ်ပေးမည့် အပြင် မဏိပူရမြစ်ကူးတံတားတစ်စင်းပါ တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိ မေးမြန်းလိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ပတ်သက်ပြီးနယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကတစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၄၇။**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယ ဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးနိုင် ၏ အိမ်မဲမြို့နယ်အတွင်းရှိ မြေသားလမ်းများအား ကျောက်ချောလမ်းအဆ င့် တိုးမြှင့်ပေးရေးမေးခွန်းနဲ့ပ်လျဥ်း၍ ပြန် လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအနေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရများအနေဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးကို ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက် လမ်းများ အဖြစ် အလေးထားဆောင်ရွက်ပေးလျက် ရှိပါ တယ်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေဖြင့်လည်း အခွန်အကောက်များနှင့်အခွင့်အရေးလိုင်စင်များမှရရှိသော ဝင်ငွေများ ဖြင့် မြို့ပြနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ နှစ်အလိုက်သုံး စွဲမည့် လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များ၏ အတည်ပြုချက် ရယူပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း ၂၀၁၂ -၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ငွေလုံးငွေရင်းအနေဖြင့် ရန်ပုံငွေ တောင်းခံထားခြင်း မရှိသော်လည်းဘဲ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှာ ခရိုင်ချင်းဆက်လမ်းများ ပြုပြင်ရန် ဆောင်ရွက်ရန်အတွက် ဖြည့်စွက်ငွေ (၄၉၁.၅၆၅)သန်း တင်ပြတောင်းခဲ့ပေးပြီးဖြစ်ပါတယ်။

ယခု မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လျာထားငွေကျပ်သန်းပေါင်း (၄၆၁.၃၉၅)သန်း ဖြစ်ပြီးတော့ မြို့ပြ /ကျေးလက် တံတားလမ်း အတွက် ငွေကျပ် (၁၆၁.၄၈၈)သန်း ဖြင့်လည်းကောင်း၊ အိမ်မဲမြို့နယ် စည်ပင်သာယာရေး အနေဖြင့် ၂၀၁၁-၂၀၁၂ မှာ ဘဏ္ဍာရေးလျာထားငွေမှာ ကျပ် (၁၅၃.၃)သန်း ဖြစ်ပြီးတော့ မြို့ပြနဲ့ ကျေးလက်လမ်းများ၊ တံတားများအတွက်ကို (၇၅.၅၀၅)သန်း နဲ့ အသီးသီး လျာထား ဆောင်ရွက် ပေးလျက်ရှိပါတယ်။ယခု တင်ပြထားသောအိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ၊ တံခွန်တိုင်ကျေးရွာ အုပ်စုနှင့် မြောင်းမြ ကန်ကြီးကျေးရွာ ဆက်သွယ်တဲ့ မြေလမ်းမှာ မြောင်း မြမြို့နယ်အတွင်းမှာ လမ်းအရှည်(၀/၂)မိုင်နှင့် အိမ်မဲမြို့နယ်အတွင်းမှာ လမ်းအရှည် (၅/၅)မိုင်ရှိပြီးတော့အဆိုပါ လမ်းကို ကျောက်ချောလမ်းခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ (၂၆၂.၄၅၅)သန်း ဖြစ်ပါတယ်။ အဆိုပါလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ လမ်းအရှည် (၀/၆)မိုင်ကို အဖွဲ့ရန်ပုံငွေ နဲ့(၃၁.၀၅၅)သန်းဖြင့်ကျေးလက်ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း တင်ပြလိုပါတယ်။ ကျန်လမ်းပို င်းများကိုလည်းပဲ အဖွဲ့ရန်ပုံငွေ ရရှိမှုပေါ်မှာ မူတည်ပြီးတော့ နှစ်အလိုက်အစီအမံများနဲ့ ဆက်လက်ဆောင်ရွက် ပေးသွား မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။

နောက်တစ်ချက်တင်ပြထားတဲ့ အိမ်မဲမြို့နယ်၊ မဲဇလီစာဖြူစုနဲ့ မြောင်းမြမြို့နယ် ၊ ကန်ကြီး၊ ကျုံတုံးသို့ ဆက်သွယ်တဲ့ ကျေးလက်မြေသားလမ်းဟာ လမ်းအရှည် (၂၃)မိုင် (၆)ဖာလုံ ရှိပြီးတော့ မြောင်းမြမြို့အတွင်း (၄)မိုင် (၆)ဖာလုံနဲ့ အိမ်မဲမြို့အတွင်းမှာ (၁၉)မိုင် ရှိပါတယ်။ အိမ်မဲမြို့အတွင်း လမ်းပိုင်းကို ၂၀၀၈-၂၀၀၉၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်များမှာ အဖွဲ့ရန်ပုံငွေ (၁၆.၀၆)သန်းနဲ့ ကျောက်ခင်းလမ်း (၀/၆)မိုင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာလည်းပဲ လမ်းအရှည် (၃)မိုင်ကို အဖွဲ့ရဲ့ ရန်ပုံငွေ ကျပ်သန်း (၁၂၀)ဖြင့် ကျေးလက်ကျောက်ချောလမ်းခင်းခြင်းကို ဆောင်ရွက်ပေးသွားမ ည်ဖြစ်ကြောင်းနဲ့ ကျန်လမ်း ပိုင်း များကိုတော့ အဖွဲ့ရဲ့ ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီးတော့ နှစ်အလိုက် အစီအမံ များဖြင့် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ ချောက်မြို့နယ်၊ ဝွေးပင်ကျေးရွာအုပ်စု၊ ဝွေးပင်စံပြကျေးရွာမှာ စက်ရေတွင်းအသစ် တူးဖော်ပေးရေးမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့်သော်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ မြို့ ပြနှင့် ကျေးလက်ဒေသသောက်သုံးရေလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်လျာထားချက်ငွေမှာ ကျပ်(၄၂၆.၅)သန်းဖြစ်ပြီးတော့ မြို့ပြ/ကျေးလက် ရေပေးရေးလုပ်ငန်းအတွက်ငွေကျပ်(၁၂၉.၄၆)သန်းဖြင့်လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းကို၂၀၀၀-၂၀၀၁ မှ ၂၀၀၉-၂၀၁၀ အထိ (၁၀)နှစ် စီမံကိန်းရေးဆွဲပြီးတော့အလေးထားဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအနေနဲ့ ဆိုရင်တော့ ကျေးရွာပေါင်း (၆၄၃၄၉)ရွာ ရှိသည့်အနက်မှ ကျေးရွာပေါင်း (၂၃၀၀၀)ကျော်ကို ရေရရှိရေးအတွက်လုပ်ငန်းပေါင်း (၃၄၈၀၀)ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ချောက်မြို့နယ်မှာ ကျေးရွာပေါင်း (၅၄)ရွာမှာလည်းပဲ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံ ငွေ၊ အလှူရှင်များ ထည့်ဝင်ငွေ နိုင်ငံတော်ထောက်ပံ့ငွေပေါင်း(၂၅၇.၉၆)သန်းနဲ့စက်ရေတွင်းပေါင်း(၃၆)တွင်း၊မိုးရေလှောင်ကန်တူးဖော်ပေးခြင်း (၃၆)ကန်နဲ့ စုစုပေါင်း ရေပေးရေးလုပ်ငန်း (၇၂)ခုကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကျေး ရွာများ၏အိမ်ခြေ၊ လူဦးရေ အပေါ်မူတည်ပြီးတော့သန့်ရှင်းတဲ့သောက်သုံးရေဖူလုံစွာရရှိရေး၊လိုအပ်ချက်ရှိပါက ကျေးရွာ (၁) ရွာမှာ ရေပေးရေးစနစ် (၂)ခုမှ (၃)ခုအထိ ဆောင်ရွက်ပေးရန် လျာထားလျက် ရှိပါ တယ်။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ(၅)နှစ်စီမံကိန်းရေးဆွဲပြီး ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်းတင်ပြလိုပါတယ်။ဒါ့အပြင် UNDP ၊ UNICEF ကဲ့သို့ ကုလသမဂ္ဂ အဖွဲ့အစည်းများ JICA ၊ BAJ ကဲ့သို့ သော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း (INGO)များနဲ့လည်းပဲ လိုအပ်ချက်များအပေါ်မှာ ကွင်းဆင်းလေ့လာပြီး ပူးပေါင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ချောက်မြို့နယ်၊ ငွေးပင်စံပြကျေးရွာမှာ အိမ်ခြေအားဖြင့် (၂၆၃)၊ လူဦးရေအားဖြင့် (၁၅၅၅)ဦးရှိပြီး တော့ ၁၉၇၉ ခုနှစ်က တူးဖော်ပေးခဲ့တဲ့ စက်ရေတွင်း (၁)တွင်းနဲ့ မိုးရေလှောင်ကန်(၃)ကန် ရှိပြီးတော့ကျေးလက်အနေနဲ့နွေရာသီမှာစက်ရေတွင်းမှရေကိုလည်းကောင်း၊ ကျန်အချိန်တွေမှာ ကန်ရေကိုလည်းကောင်း အသုံးပြုလျက်ရှိပါတယ်။ လက် ရှိ စက်ရေတွင်းမှာ ရေထွက်နှုန်းတဖြည်းဖြည်းကျဆင်းလျက်ရှိပြီးတော့၂၀၀၈-၂၀၀၉မှာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ပြန်လည်ပြုပြင်ပေးသော်လည်း ပဲ ထပ်မံပျက်စီးနေတဲ့အတွက် ခုနက တင်ပြသွားတဲ့ အတိုင်း တွင်းပျက်စာရင်းမှာ သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်တွင် အဆိုပါ ငွေးပင်စံပြကျေးရွာမှာ (၄)လက်မ စက်ရေတွင်းအသစ် (၁)တွင်း တူးဖော်ရေး လုပ်ငန်းကို ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ (၃၆.၄၇)ဖြင့် ကျေးလက်နေ ပြည်သူ့အကျိုးအတွက် သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့မြောက်ဦးမြို့ပေါ်ရှိ တံတား အဆင့်တိုးမြှင့်ရေး၊ ဆောက်လုပ်ပေးရေး မေးခွန်း နဲ့ ပတ်သက်ပြီးတော့ ဆက်လ က်ပြီးဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြောက်ဦး စည်ပင်သာယာရေး အဖွဲ့ရဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လျာထားငွေ ဟာ (၁၆၆.၈)သန်း ဖြစ်ပြီးတော့ မြို့ပြ / ကျေးလက် လမ်းတံတားများအတွက် ငွေကျပ် (၇၄.၇၉)သန်း လျာထားဆောင်ရွက်လျက် ရှိပါတယ်။ ကုန်သည်တန်းချောင်းကူးတံတားဟာ မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်နဲ့ အောင်မင်္ဂလာရပ်ကွက်၊ ဗန္ဓုလအုပ်စုသို့ဆက်သွယ်တဲ့ ပေ(၁၂၀) အကျယ်(၆)ပေနဲ့ အမြင့်(၁၈)ပေရှိတဲ့ သစ်သားတံတား ဖြစ်ပါတယ်။ အဆိုပါတံတားအား မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွေ မှာ စည်ပင်သာယာရေးရဲ့ ရန်ပုံငွေ (၂.၀၈)သန်းနဲ့ ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် ၂၀၁၁၊ ဇူလိုင်လ (၂၁)ရက်နေ့မှာ သဘာဝဘေးကြောင့် အဆိုပါ တံတားပျက်စီးခဲ့ရာမှာ ပြည်သူလူထုနဲ့ မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး သွားလာနိုင်ရေး ပြုပြင်ခဲ့ပါတယ်။ အဆိုပါ မြောက်ဦးမြို့ ကုန်သည်တန်းချောင်းကူးတံတားကို ကွန်ကရစ်တိုင် ၊ အခင်းပျဉ်းကတိုး သစ်မာတို့ဖြင့် အမာခံတည်ဆောက်ရန်ခန့်မှန်းကုန်ကျငွေဟာ ကျပ်(၅၃.၅)သန်းဖြစ်ရာ လာမည့်

၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှာ မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သန်း(၂၀)နဲ့ စတင်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ ကျန်လုပ်ငန်းများကိုလည်းပဲ နှစ်အလိုက် အစီအမံများနဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဗန္ဓုလတံတားနဲ့ ပတ်သက်လို့ကတော့ ပြီးခဲ့တဲ့ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်ကစပြီးတော့ နိုင်ငံတော်ထောက်ပံ့ ငွေဟာ (၂၃.၁၉၇)သန်း၊ အရှည်(၁၄၅)ပေ၊ အကျယ် (၁၄)ပေ၊ အမြင့် (၂၄)ပေရှိတဲ့ အုတ်ခုံခံသစ်သားတံတားအဖြစ် တည်ဆောက်ပေးခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာလည်းပဲ စည်ပင်သာယာရေးရန်ပုံငွေကနေ (၀.၅)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၀.၉၉၃၅)သန်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ မြောက်ဦးမြို့နယ်မှာရှိတဲ့ ဗန္ဓုလတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် ဆောက်လုပ်ရန် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်း ပေါင်း(၂၅၀) ဖြစ်တဲ့အတွက် မြို့နယ်စည်ပင်သာယာရေးရဲ့ ရန်ပုံ ငွေနဲ့ လုံလောက်ခြင်းမရှိကြောင်း တင်ပြလိုပါတယ်။ သို့ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်းဘဲ ရခိုင်ပြည်နယ်အစိုးရမှ အခြေအနေများကို အဖွဲ့မှစိစစ်လေ့လာပြီးတော့ နိုင်ငံတော်ထောက်ပံ့ငွေရရှိရေး တင်ပြတောင်းခံသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ၏ ကျုံပျော် -ရေကြည် -လေးမျက်နှာ ဒေသဖွံ့ ဖြိုးရေးအတွက် နတ်စင်ငူ-ရေနက်ချောင်းကူးတံတား တည်ဆောက်ပေးရေးနှင့် ချင်းကုန်း-ငပိဆိပ်-ကျောက်ချောလမ်း ပြီးစီးရေးဆောင်ရွက်ပေးရန်မေးခွန်းနဲ့ပတ်သက်ပြီးတော့လည်းဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာ ခရိုင်ချင်းဆက်လမ်းများကို ပြုပြင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေကိုသာ ဖြည့်စွက်ရန်ပုံငွေအဖြစ်ဝန်ကြီးဌာနအနေနဲ့ တင်ပြတောင်းခံထားပြီး ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ရန် ရန်ပုံငွေနှင့် စပ်လျဉ်း၍ ပြည်နယ် /တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သွားရန်လျာထားခဲ့ပါတယ်။ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်လျာထားငွေမှာ ကျပ် (၂၁၂.၃၆)သန်း ဖြစ်ပြီး မြို့ပြ /ကျေးလက်တံတားများအတွက် ငွေကျပ် (၇၉.၇၂၆)သန်းဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ နတ်စင်ငူ-ရေနက်ချောင်းကူး တည်နေရာမှာ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာအုပ်စု၊

ဒုတ်ရိုက်ကျေးရွာနဲ့ ရေကြည်မြို့နယ်၊ ကျုံပဒုတ်ကျေးရွာအုပ်စု၊ လယ်တီစုကျေးရွာစုအကြားမှာ တည်ရှိပြီးတော့ ယာယီဆက်သွယ်သွားလာနိုင်ရေးအတွက် ဝါးကပ်ခင်းလူကူးတံတားကို ကျေးရွာအစီအစဉ်နဲ့ ဆောင်ရွက်ထားရှိပါတယ်။ အဆိုပါ နတ်စင်ငူ -ရေနက်ချောင်းကူးတံတား အရှည်မှာ ပေ(၂၀၀) တည်ဆောက်ရန် လိုအပ်ငွေခန့်မှန်းအားဖြင့် ကျပ်ငွေသန်း (၁၀၀) ဖြစ်ပါသဖြင့် ၂၀၁၂ -၂၀၁၃ခုဘဏ္ဍာရေးနှစ်မှာ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ကျပ်သန်း(၁၀) ဖြင့် တည်ဆောက် ရေးပစ္စည်းများ စုဆောင်း ခြင်း၊ ကျန်လုပ်ငန်းများကိုလည်းပဲ နှစ်အလိုက် အစီအမံဖြင့် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၁-၂၀၁၂ လျာထားတဲ့ ဘဏ္ဍာရေး ကတော့ ကျပ်ငွေသန်း (၁၀၄.၁) ဖြစ်ပြီးတော့ မြို့နယ်/ကျေးလက် တံတားများအတွက် (၄၅.၉၄၅)သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ရေကြည်မြို့နယ် အတွင်း ချင်းကုန်း - ချောင်းဖျား-ငပိဆိပ်လမ်းမှာ ချင်းကုန်း ကျေးရွာ (ပုသိမ်-မုံရွာလမ်းဆုံ)မှ ငပိဆိပ်ကျေးရွာ (ငဝန်မြစ်ကမ်း)အထိကို (၅)မိုင်ရှည်လျားပြီးတော့ အဆိုပါ ကျောက်ခင်းခြင်း (၂)မိုင်ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးခဲ့ ရာမှာ ၂၀၀၆-၂၀၀၇နှစ်မှာ (၁/၄)မိုင်၊ ၂၀၁၀-၂၀၁၁မှာ (၀/၄)မိုင်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းချင်းကုန်းငပိဆိပ်ကမ်းလမ်းမှ ကျန်မြေသားလမ်း(၃)မိုင် ကျောက်ခင်းရန်အတွက် ခန့်မှန်းကုန်ကျ ငွေ တွက်ချက်ရာမှာ (၁၂၇.၉၈)သန်းဖြစ်တဲ့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်ရဲ့စည်ပင်သာယာရေး ရန်ပုံငွေက ကျပ်(၂၀)သန်းနဲ့ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်(၂၀)သန်း၊ ပေါင်းငွေကျပ်သန်း (၄၀)ဖြင့် လမ်းအရှည်(၁)မိုင် ကိုကျောက်ခင်းလမ်း စတင်ဆောင်ရွက်သွားပြီးတော့ ကျန်မြေသား လမ်းများကို ကျောက်ချောလမ်းများအဖြစ် နှစ်အလိုက်အစီအမံဖြင့် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ၏ အုတ်ဖိုမြို့နယ်၊ ခြောက်တင်းကွင်း -ကွဲဖြူမ-ရွာရှောင်-ဝိုင်းကျေး ရွာချင်းဆက် လမ်းကောင်းမွန်ရေး၊ ဂုံညင်းတန်း-ထူးချောင်း-ဘုတ်သိုး-ဒီးဒုးပင်-ကံသာယာကျေးရွာချင်းဆက်လမ်း နှင့် ကြက်ဆူတော - ထူးချောင်း - ကင်ပွန်းခြုံ - အိုးသည်ကုန်း ကျေးရွာချင်းဆက်လမ်းတို့အား

ရာသီမရွေးသွားလာနိုင်သည့် လမ်း အဖြစ်အဆင့်တိုးမြှင့်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးပါရန် မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လျာထား ဝင်ငွေကတော့(၁၁၇.၇)သန်းဖြစ်ပြီးတော့ ကျေးလက်လမ်းတံတားများအတွက် (၄၂.၉၆)သန်းဖြင့် လျာထား ဆောင်ရွက်လျက်ရှိပါတယ်။ ခြောက်တင်းကွင်း- ကွဲဖြူမ- ရွာရှောင်- ဝိုင်းကျေးရွာချင်း ဆက်လမ်း(၁၃)မိုင်သည် ၁၉၉၀-၁၉၉၁ခုနှစ်တွင် ဒေသခံပြည်သူမှ ဆောင်ရွက်ခဲ့တဲ့ မြေသားလမ်း ဖြစ်ပြီး အဆိုပါလမ်းမှာ ပေ (၁၂၀)ရှိတဲ့ ဂ မုန်းချောင်းတံတား တည်ဆောက်ပေးရန်လည်း လိုအပ်ပါတယ်။ ခြောက်တင်းကွင်း -ကွဲဖြူမ -ရွာရှောင် -ဝိုင်း ကျေးရွာချင်းဆက်လမ်းကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေအားဖြင့် (၁.၂)သန်းနဲ့ ဂဝံ ပြုပြင်ခြင်းကို (၀/၅) မိုင်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ အုတ်ဖိုမြို့ရဲ့ စည်ပင် သာယာရေးရရှိတဲ့ ရန်ပုံ ငွေပေါ် မူတည်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ တင်ပြချက် အပေါ်မှာ မြို့နယ် လမ်း(၃)လမ်း၊ အရှ ည်(၃/၇)မိုင်၊ ဂဝံလမ်းခင်းခြင်း ကို (၃၅.၄၃၅)သန်းနဲ့ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက် လမ်းကို ဂဝံလမ်းခင်းခြင်း ဆောင်ရွက်ရန်အတွက် (၁၃၀.၃)သန်း ကုန်ကျမည် ဖြစ်ရာ မြို့နယ်ရန်ပုံငွေအခြေအနေအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၄.၄)သန်းနဲ့ ဂဝံ(၀/၃)မိုင်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရရှိတဲ့ ရန်ပုံငွေပေါ် မူတည်ပြီးတော့ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဂုံညင်းတန်း-ဘုတ်သိုး-ဒီးဒူးပင်-ကံသာယာ ကျေးရွာချင်းဆက်လမ်း အရှည် (၅)မိုင် ဂဝံလမ်း (၂/၆)မိုင်၊ မြေသားလမ်း (၂/၂)မိုင် ဆောင်ရွက်ပြီးဖြစ်သော်လည်းပဲ လက်ရှိလမ်း အခြေအနေမှာ မြေသားလမ်းအဆင့်သာ ရှိပါတယ်။ မြို့နယ်စည်ပင်သာယာ ရေး ရန်ပုံငွေနဲ့ (၁.၂၁၁)သန်းနဲ့ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်မှာ ဂဝံလမ်း (၀/၁)မိုင်၊ ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှာ ဂဝံလမ်း (၀/၁)မိုင်နဲ့ ၂၀၁၁-၂၀၁၂ နှစ်မှာတော့ ပေပေါင်းစတုရန်း (၆၀၀၀)ပေ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အဆို ပါလမ်း (၅/၀)မိုင်ကို ဂဝံလမ်းအဆင့်မြှင့်တင်ရေး အတွက် ငွေကျပ် (၅၁)သန်း ကုန်ကျမည်ဖြစ်တဲ့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်ငွေ (၅)သန်းနဲ့ ဂဝံကျောက် ခင်းခြင်းလုပ်ငန်းကို (၀/၄)မိုင်ကို

ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံ ငွေရရှိမှုပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကြက်ဆူတော - ထူးချောင်း - ကင်ပွန်းခြုံ - အိုးသည်ကုန်း ကျေးရွာချင်းဆက် လမ်း(၇)မိုင်နဲ့ ပတ်သက်လို့ကတော့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကတည်းက အုတ်ဖိုမြို့နယ်ရဲ့ ရန်ပုံငွေ (၁၂.၉)သန်းနဲ့ အဆိုပါလမ်း ဂဝံခင်းခြင်းကို အရှည်(၁)မိုင် ဆောင်ရွက်ပေးခဲ့ပြီးတော့ လမ်းပေါ်မှာ ဂမုန်းချောင်း ပေ(၈၀) အရှည်တံတား(၁)စင်း ဆောင်ရွက်ရန်လိုအပ်ပါတယ်။ အဆိုပါမြေသားလမ်း (၆/၀)မိုင် ဂဝံခင်းခြင်းနဲ့ဂမုန်းတံတား တည်ဆောက်ရေးအတွက်ကို (၈၇.၂)သန်း ကုန်ကျမည်ဖြစ်တဲ့ အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော် ထောက်ပံ့ငွေ ကျပ် (၅)သန်းဖြင့် အရှည် (၀/၄)မိုင် ဂဝံကျောက်ခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ပေး သွားပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလုံလောက်မှု မရှိပါက တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နို င်ငံတော် ထောက်ပံ့ငွေရရှိရေးအတွက် တင်ပြတောင်းခံ ဆောင်ရွက်သွားသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

နောက်ဆုံးအနေနဲ့ ချင်းပြည်နယ်၊ တွန်းဇံမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ရဲ့ ချင်းပြည်နယ်၊ ကျိခါးမြို့နယ်ခွဲနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခမ်းပ တ်မြို့နယ်ခွဲ တို့ကို ဆက်သွယ်သည့် လမ်းကြမ်းဖောက်လုပ်ပေးရေးနှင့် မဏိပူရ မြစ်ကူးတံတား တည်ဆောက် ပေးရေးမေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခမ်းပတ်မြို့နယ်ရဲ့ စည်ပင်သာယာရေး ရန်ပုံငွေလျာထားချက်ဟာ (၃၅.၄)သန်း ဖြစ်ပြီးတော့ မြို့ပြ/ကျေးလက် လမ်း၊တံတားများအတွက် ငွေကျပ်(၁၂.၄)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ချင်းပြည်နယ်၊ ကျိခါးမြို့နယ် စည်ပင်သာယာရေး၏ ဝင်ငွေလျာထားချက် မရှိ၍ မြို့ပြ/ကျေးလက် လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။ ချင်းပြည်နယ်၊ ကျိခါးမြို့နယ်နဲ့ စစ်ကို င်းတိုင်းဒေသကြီး၊ ခမ်းပတ်မြို့နယ်ခွဲတို့ကို ဆက်သွယ်သောလမ်းသည် စုစုပေါင်း (၆၅)မိုင်ရှိပြီးတော့ ခမ်းပတ်မြို့နယ်ခွဲ အပိုင်းမှာ (၀/၂)မိုင်၊ ကျိခါးမြို့ နယ်ခွဲအပိုင်းမှာ (၆၄/၆)မိုင်ပါဝင်ပါတယ်။ အဆို ပါလမ်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် စစ်မြေပြင် အင်ဂျင်နီယာတပ်မှ တစ်ကြောင်းထိုးမြေလမ်း ဖောက်လုပ်လျက်ရှိရာ အောက်ပါအတိုင်း စုစုပေါင်း (၄၆/၀)မိုင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ခမ်းပတ် -ဘားဘီလမ်းပိုင်း (၉/၀)မိုင်၊ ဘားဘီ -ခိုတင် လမ်းပိုင်း(၇/၀)မိုင်၊ ခိုတင် -ခင်းကန်လမ်းပိုင်း(၅/၀)မိုင်၊ ခင်းကန် -ဘွေလ်ကုန်းလမ်း (၁၀/၀)မိုင်၊

ဘွေလ်ကုန်း-ခေါင်ရမ်းလမ်းပိုင်း (၁၅/၀)မိုင် တို့ဖြစ်ပါတယ်။ မဏိပူရ မြစ်ကူးတံတား ဆောင်ရွက်ရမည့်တည်နေရာကလည်းပဲ ကျိခါးမြို့နယ်ခွဲမှုမိုင်(၂၀)အကွာတွင် တည်ရှိပြီးတော့ မြစ်အကျယ်ဟာ ပေ (၂၅၀)ရှိတဲ့အတွက် ခန့်မှန်းအရှည် ပေ (၃၀၀)ရှိသည့် ကြိုးတံတား တည်ဆောက်ပေးရန်လိုအပ်ပါတယ်။ အဆိုပါ ချင်းပြည်နယ်၊ ကျိခါးမြို့နယ်နဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ခမ်းယတ်မြို့နယ်ခွဲဆက်သွယ်မည့်လမ်း ဖောက်လုပ်ရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနဲ့ မဏိပူရ မြစ်ကူးတံတား တည်ဆောက်ရေးနှင့် ပတ်သက်၍လည်းပဲ ချင်းပြည်နယ် အစိုးရအဖွဲ့မှကွင်းဆင်းလေ့လာစေပြီး တွေ့ရှိချက်နှင့် ဖြစ်နိုင်ခြေတို့အပေါ်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ နိုင်ငံတော်ထောက်ပံ့ငွေရရှိရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေ ဝင်ဆံ့မှုအပေါ် မူတည်၍ အစီအမံများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အစီအစဥ်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းထောင်သွင်းဖို့ဖြစ်သော်လည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအေးမောင်နှင့်အပါအဝင် (၂၃)ဦးရဲ့တင်ပြချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြန်လည်သုံးသပ်ဖို့ မတ်လ (၅)ရက်နေ့ကို ချိန်းထားပါတယ်။ ဒါကြောင့် ဒီအစီအစဥ်ကို ခေတ္တဆိုင်းငံ့ထားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းအားပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး

အမည်စာရင်း တင်သွင်းထားပါတယ်။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ။**

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျန်းမာချမ်းသာကြပါစေကြောင်း အဓိပ္ပာယ်ရတဲ့ (အော့စွတ်လန်းဆံ)နဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေပိုင်းဆိုင်ရာ ပညာရှင်မဟုတ်သလို ထဲထဲဝင်ဝင် ကျေကျေညက်ညက် ကျွမ်းကျွမ်းကျင်ကျင် သူလည်း မဟုတ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို မပြုဘဲ ထုတ်နုတ်တင်ပြထားတဲ့ အခန်း(၄)၊ ပုဒ်မ ၁၀(က)၊ ပုဒ်မခွဲငယ်(၄)အရ တောင်သူလယ်သမားမိသားစုစာစ်ပိုင်တစ်နိုင် ခွင့်ပြုဆောင်ရွက်ချက်အားထောက်ခံအတည်ပြုရေး၊ အခန်း (၆)၊ ပုဒ်မ ၁၆(ခ)၊ (ဂ)အရ သတ်မှတ်ချက်နှစ်အတိုင်း ပြီး စီးရေးနဲ့ ခွဲစိတ်လွှဲပြောင်း မပြုနိုင်သော ဥပဒေအား ထောက်ခံဆွေးနွေးခြင်း၊ နောက်တစ်ခုကအခန်း(၇) ဖြစ်တဲ့ ပုဒ်မ ၂၁ အရ စည်းကမ်းချက် ချိုးဖောက်မှုအား ပြန်လည်သိမ်းဆည်းခြင်းကို ထောက်ခံ ဆွေးနွေးအတည်ပြု ပေးရေး၊ အခန်း (၁၀)၊ ပုဒ် မ ၃၃ အရ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား ဆက်ခံဆောင်ရွက်ရေး တိကျမှန်ကန် ပီပြင်ရန်အတွက် သက်ဆိုင်ရာဒေသ၊ အဖွဲ့အစည်း များမှလည်း တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ပေးရေးနှင့် ချိုးဖောက်မှုများကို အရေးယူ နိုင်သည့် ဥပဒေဖော်ဆောင် အတည်ပြုနိုင်ရေးဆိုတဲ့ အကြံပြုချက်လေးကို ကျွန်တော် ခြုံငုံသုံးသပ်ပြီး အနည်းငယ် တင်ပြပါမယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့တစ်နိုင်ငံလုံးရဲ့ အခြေအနေကို လက်လှမ်းမမီတဲ့အတွက် ကရင်ပြည်နယ်ရဲ့ အခြေအနေအပေါ်မှာပဲ ဆွေးနွေး တင်ပြသွားပါမယ်။

ကရင်ပြည်နယ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနဲ့ ပတ်သက်ပြီးတော့ ကျယ်ကျယ် ပြန့်ပြန့် တော်တော်များများကို ရှိခဲ့ပါတယ်။ နောက်ဆုံး ကျွန်တော့်ရဲ့ နီးစပ်ရာ မဲဆန္ဒနယ် ဘားအံ မြို့နယ် အတွင်းမှာရှိတဲ့ ဒီမြို့နဲ့ဝေးတဲ့နေရာ တောင်ကုန်းတို့လို၊ တောင်တန်းတို့လို၊ ချိုင့်ဝှမ်းတို့လို မှာဆိုရင် သစ်ပင်တောတော င် မြေရိုင်းတွေဟာ တော်တော် များပါတယ်။ သို့သော် မြို့နဲ့ ဝေးတဲ့

ရွာဘက်မှာ ချည်းပဲများတော့ အရင်ကဆိုရင် လွန်ခဲ့တဲ့ ခေတ်ကာလဆိုရင် အနက်ရောင်နယ်မြေလို့ သတ်မှတ်ထားကြတဲ့ နေရာတွေမှာ အများအားဖြင့် ရှိပါတယ်။ အဲဒီတော့ အ နက်ရောင်ဆိုတာ ကတော့ အဓိပ္ပာယ်ဖော်ဆောင်ထားတဲ့ ယခင်က သော င်းကျန်းသူတွေ၊ လုံခြုံရေးလေးတွေ အဆင်မပြေတာတွေ တော်တော်ခက်ခဲတဲ့နေရာကို အနက်ရောင်လို့ သတ်မှတ်ပေမဲ့ တစ်နည်းအားဖြင့် နောက်တစ်ခု သတ်မှတ်လို့ရတာက တောတွေ၊ တောင်တွေ၊ သစ်ပင်တွေ အုံ့ဆိုင်းပြီးတော့ တစ်ခါတည်း နေရောင်တောင် မပေါက်တဲ့ မှောင်မည်းနေတာကိုလည်းပဲ အနက်ရောင်လို့ သတ်မှတ်မယ်ဆိုရင်လည်း သတ်မှတ်လို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုတော့ အဲဒီ အနက်ရောင်တွေကတော့ အကုန်လုံးအေးချမ်းသွားပါပြီ။ တော်တော်လည်းအဆင်ပြေသွား ကြပါပြီ။ အဲဒီမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့ ကရင်ကျေးရွာသူ၊ ကျေးရွာသား တွေဟာ အများအားဖြင့် ပညာမတတ်၊ စာမတတ်၊ ဗမာစကားမတတ်၊ ဗမာစကားနားမလည်၊ နားနည်းနည်းလည်တော့လည်း ပြန်ပြောလို့မတတ် အဲဒီတော့ ပိုးကရင်၊ စကောကရင်၊ တချို့ကျတော့ စကောကရင် ကို တောင်ပေါ်ကရင်လို့လည်း ခေါ်ကြပါတယ်။ တချို့ကျတော့လဲ အရိုင်းကရင် လို့ခေါ်ကြပါတယ်။ တကယ်တော့လည်း မရိုင်းပါဘူး။ သူတို့ကတော့ ပွင့်ပွင့်လင်းလင်းပြောတတ်တယ်။ ပြောရင်လည်း စကားကို ဝုန်းဒိုင်းဝုန်းဒိုင်း၊ ပရိယာယ် ကြွယ်ကြွယ်ဝဝနဲ့ ဝေါဟာရ ကြွယ်ကြွယ်နဲ့ ပြော မတတ်ကြ တော့ ရင်ထဲမှာရှိတာက အမှန်အတိုင်း ရင်ထဲမှာ ပွင့်ပွင့်လင်းလင်း ပြောတာကို ရိုင်းတယ်လို့ ထင်ထားရင်လည်း မပြောတတ်ဘူးပေါ့လေ။ အမှန်ကတော့ ရိုးသားကြပါတယ်။ ဖြူစင်ကြပါတယ်။ အ ကြပါတယ်။ ထုံ ကြပါတယ်။ ထိုင်း ကြပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီမှာနေတဲ့၊ ရှိနေတဲ့ ကရင်ကျေးရွာ ပြည်သူလူထု ရှိသလို ၊ တချို့ မြို့နဲ့နီးတဲ့နေရာ နား နေတဲ့အခါကျတော့လည်း ဗမာစကားလေးတွေ မတောက်တခေါက်တတ်တယ် ဆိုပေမယ့်လည်း မပီတာပေါ့။ အရင်က ကျွန်တော်တင်ပြဖူးတဲ့ ဥက္ကဌကို ဩကဌ တို့လိုပေါ့။ အဲဒီလို ပုံစံမျိုးလေးတွေ မပီမပြင် ပြောတတ်တဲ့ အနေအထား လေးတွေရှိတယ်။ အဲဒီလိုရှိနေတဲ့ ကြားက တချို့စာတတ်ပေတတ် ဆိုတာက အဆင့် နည်းနည်းပါးပါး တောရွာမှာဆို အလွန်ဆုံးရှိ ရင် (၄)တန်းအောင်၊ (၅)တန်း၊ ဘုန်းကြီးကျောင်း ထွက်တွေက နည်း နည်း၊ ကျေးရွာသားတွေ သူတို့ကို အားကိုးကြတယ်။ သူတို့ကလည်း ဗမာစကားကို ရေ ရေလည်လည်သာ ပြောတတ်တယ်၊ ပြောကြတာ ပီအောင်မပြောနိုင်တဲ့ အခါကျတော့ သူတို့ကိုယ်သူတို့ အထင်သေးမှာလည်းကြောက်၊ စာသံပေသံကျကျ ဌာန်ကရိုဏ်း ကျကျ ပြောချင်တော့လည်း ဥပမာအားဖြင့် ကချင်၊ ကယား၊ ကရင်ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဆိုတဲ့

တိုင်းရင်းသားတွေရဲ့ နာမည်လေးကိုတောင် သူတို့က ပီစေချင်လို့မပီမှာ ကြောက် လို့ စာသံပေသံ ဌာန်ကရိုဏ်းကျကျပြောတော့ကချင် က ကရင်၊ ကယား ဖြစ်သွားလို့-----------

**ဥက္ကဋ္ဌ**။ ။ ဥပဒေဆီကို မရောက်ခင် မိနစ်(၂၀)ပြည့်တော့မယ်။

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဥပဒေအရတော့ ထောက်ခံပြီးသားပါ။ ဒီဥပဒေကြမ်းပေါ်မှာ နည်းနည်းလေး ဖြစ်ပေါ်နေတဲ့ အနေအထားအပေါ်မှာ နှိုင်းယှဉ်ပြီးတော့ အားရှိသွားအောင်လို့ပါ ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ**။ ။ အခုပြောတာကိုက စကားတော်တော် ကြွယ်ပါတယ်။ စကား မတတ်လို့ပဲ။

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ မနည်းကို ပြောယူရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုပေါ့လေ ကျွန်တော် ဖြတ်ပြီးတော့ ပြောပါတော့မယ်။ ကျွန်တော် အဲဒါတွေသိပ်မပြောတော့ပါဘူး။ အဲဒီတော့ အဲဒီ ကျေးလက်ပြည်သူတွေဟာ ဘာလုပ်ကြလဲဆိုတော့ တစ်ချိန်က သစ်ပင်ကြီးတွေ အုံ့ဆိုင်းတဲ့ အင်တောတွေထဲမှာဆို ဖက်ကောက်တယ်။ ဖက်တွေကောက်၊ ဖက်တွေထိုးရောင်း။ သူတို့အနေနဲ့ ဒီဟာလေး ဝမ်းစာလေး ရှာစားကြရတဲ့ အနေအထားရှိတယ်။ အဲဒီလို သစ်ပင်တောကြီးတွေမှာ ထင်းခုတ်၊ ထင်းခွေ သွားရောင်း။ သူတို့ဘဝ အနေအထားကနေပြီးတော့ ဘယ်လိုပြောရမလဲဆိုတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော် စီမံကိန်း တစ်ချိန်က စီမံကိန်း ပြန်ချလာတဲ့အပေါ်မှာ ဒီ နှ စ်ရှည်ပင်တို့၊ ဘာတို့ လုပ်လာတဲ့ အပေါ်မှာ နိုင်ငံတော်ရဲ့ စီမံကိန်းအရ အာဏာနဲ့လုပ်ကိုင်ခွင့် အပေါ်မှာ ကျော်လွန်ပြီးတော့ ဥပဒေမဲ့သော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေကို ကျော်လွန်ပြီးတော့ စီပွားရေးလုပ်ငန်းရှင် တရုတ်၊ ကုလား၊ ဗမာ၊ မွန်၊ ဒေါက်တာ ဗညားအောင်မိုး တို့လို မွန်တွေက ပိုပြီးတော့ လောဘကြီး သေးတယ်။ ကရင်ပြည်နယ်မှာ မွန်တွေ တစ်ဝက်ကျော်ကျော်လောက်ရှိတယ်။ လုပ်ငန်းတွေတည်တဲ့ အတွက် ကျွန်တော်တို့ ကြာလေကြာလေ ကျွန်တော်တို့ ပြည်သူတွေက နေရင်းနေရင်းနဲ့ ဖက်လည်း မကောက်ရတော့ဘူး။ ထင်းလည်း ခွေစရာလည်း မရှိတော့ဘူး။ ကျွန်တော်တို့သွားရင် ထမင်း ကျွေးချင်တယ်။ ထမင်းချက်ဖို့ ထင်း မရှိဘူးတဲ့ ။ ဆိုတော့ အဲဒီလို ပုံစံမျိုးလေးတွေဖြစ်တော့ သူတို့ဘဝတွေကို ကျွန်တော်စာနာတယ်။ တွေ့ရတဲ့အခါကျတော့ သနားတယ်။ ကိုယ်စားလှယ် တော်ကြီးများ မယုံရင် ကျွန်တော်တို့ ကရင်ပြည်နယ်ကို လေ့လာဖို့အတွက် လာရောက်တွေ့စေ

ချင်ပါတယ်။ သူတို့ဘ၀ တွေ့ရင် မျက်ရည်က ထန်းသီးလုံးလောက် ကျနိုင်ပါ တယ်။ သူတို့ဘ၀ တွေက။

အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း စကားကြွယ်တာမဟုတ်ပါဘူး။ ကျွန်တော် ပြောမတတ်လို့ပါ။ အဲဒီတော့ ကျွန်တော်တို့ အခုဖြစ်နေတဲ့အခြေအနေက ဘာဖြစ်လဲ ဆိုတော့ ပြည်သူတွေက တစ်ချိန်က ရိုးရိုးသားသား နေကြတယ်။ သူတို့က ဒီဟာတွေနဲ့ စားသောက် ရုန်းကန်နေတဲ့ကြားက ခုနလိုပေါ့။ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ယခင်ကဆိုရင် ပ .ယ.က၊ ခ .ယ.က၊ မ.ယ.က တွေ၊ ဌာနဆိုင်ရာ အကြီးအကဲ၊ မြေစာရင်း အို ရှုပ်နေတာပဲ။ သူတို့က ပြန်ကြည့်လိုက်ရင် အကုန်လုံးက ဒီမြေလွတ်၊ မြေလပ် သူတို့လုပ်ပိုင်ခွင့်တွေနဲ့ ဘယ်လိုယူလို့ယူသွားမှန်းလည်းတော့ မသိဘူး။ ရွာသားတွေကတော့ ဘာမှမသိဘဲနဲ့ ဖက်တောင်ကောက်လို့ မရတော့ပါဘူး။ အကုန်လုံး ပိုင်ဆိုင်ပြီးတော့ ဟင်းလင်းပြင်ဖြစ်ကုန်ပါပြီ။ ခုနက အုံ့ဆိုင်းနေတဲ့ နေရာတွေ ဟင်းလင်းပြင်ဖြစ်ပြီး တော့ ဒီစီမံကိန်းအရ သူသတ်မှတ်ထားတဲ့ နှစ်အရ ဒီရော်ဘာ စီမံကိန်း (၄)နှစ်ပြီးတယ်ဆိုရင် ကောင်းပါတယ်။ ဒီစိမ်းလန်းစိုပြည်ရေး ပြန်ဖြစ်လာတယ်။ သို့သော် မပြီးဘဲနဲ့ ထင်းကိုပဲ၊ သစ်ကိုပဲ ခုတ်ထွင်ပြီးတော့ ကျေးရွာလည်း နေပူလာရော အကုန်လုံး ရာသီဥတုတွေလည်း ပြောင်းလဲ၊ ထင်းလည်းမရှိတော့၊ ဖက်လည်း ကောက်စရာမရှိတော့ အဲဒီလို အနေအထားဖြစ်တဲ့အခါကျတော့ အဲဒီအပြင် တစ်ဆင့်တစ်ဆင့် ပြန်ခွဲထုတ်ပြီးတော့ ရောင်းစားကြတာဟာ ရှိလိုက်သေး တယ်။ လုပ်လည်း အပြည့်အ၀ မလုပ်နိုင်ဘူး။ လုပ်ပါတယ် တစ်ချိန်က DKBA တို့၊ BGF တို့၊ သူတို့က လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်နဲ့ လုပ်ပြီးတော့ စိုက်ကြပါတယ်။ တစ်နိုင်တစ်ပိုင် ရနိုင်သလောက်၊ ဘယ်သူ သွားစိုက်ပေးသလဲ ရွာသားတွေကို ခေါ်ပြီးတော့ လုပ်အားပေးသွားခိုင်း စိုက်ပေးရပါတယ်။ ကျင်း တူးရတယ်။ အကုန်လုံး လုပ်ပေးရပါတယ်။ အဲဒီ လုပ်ပေးတဲ့အတွက် ဒီရွာသားတွေကို စာနာ ထောက်ထားသောအားဖြင့် ခုနက ဒီစိုက်လို့လည်း မကုန်၊ ယူထားတာလည်း သစ်ပင်တွေလည်း အင်၊ ကညင်ပင်တွေ တစ်ပင်မှ မရှိတော့ဘူး။ ရှိတဲ့နေရာလေးကိုလည်း ဒီကျေးရွာသားတွေအတွက် သူတို့အတွက်ကျန်အောင် ဖက်လည်း ကောက်လို့ရအောင်၊ ထင်းလည်းခွေလို့ရအောင် ဒါမှမဟုတ် သူတို့တတ်တဲ့ ကျေးရွာ တစ်ပိုင်တစ်နိုင် အနေနဲ့ ပြန်လည်ရနိုင်အောင်ဆိုတဲ့ ဥပဒေက အခုဟာက ပြန်လည်ပြဋ္ဌာန်းတဲ့ နေရာမှာ သူတို့အတွက် အကျိုးသက်ရောက်မှု ရှိတာကို တွေ့ရပါတယ်။ အဲဒီ သူတို့ရဲ့ အနိုင်ကျင့်ခံ ရတဲ့အပေါ်မှာ ကျွန်တော် အသေးစိတ်မပြောတော့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ထင်းက ခုနယူသွားတဲ့ သူတွေက ထင်း၊ သစ်ပင်ကြီးတွေ၊ အင်ပင် ကြီးတွေ ခုတ်။

ခုတ်တာက ခုတ်ပါစေဦး။ ဒီရွာလမ်းကိုပဲ တစ်ခါတည်းဖြတ်ပြီးတော့ ရွာမှာလည်း ဒီရွာလမ်းတွေက အကုန်လုံးပျက်စီး၊ ပြင်တာကတော့ ရွာသားပဲပြင်။ တစ်ခါ သူတို့ကတော့ တစ်ခုတော့ ရှိပါတယ်။ သူတို့က ရွာကိုတော့ မြေအောက်လမ်းလေးတော့ စီမံကိန်းလေးတော့ လုပ်သွားပေးပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ မြေအောက်လမ်း စီမံကိန်း လုပ်သွားပေးတာက လိုဏ်ဂူနဲ့ ကွန်ကရစ်နဲ့ မဟုတ်ပါဘူး။ သူတို့ သစ်တိုက်ရိုးရိုး ရွာခံမြေဟာ ဒီလိုမျိုး တစ်အောက်တစ်ပေ တစ်ပေခွဲလောက် ချိုင့်ဝင်သွားတဲ့အတွက် မြေအောက်လမ်းလို့ပြောတာပါ။ အဲဒီတော့ စီမံကိန်း မပြီးမချင်း၊ စီမံကိန်း အတွင်းလည်း မပြီးဘူး။ ခွဲစိတ်ရောင်းတယ်။ သစ်တွေတိုက်တယ်။ ပြဿနာ မရှိဘူး။ အဲဒီ ဖက်တွေ သစ်ပင်ဆိုတာ ဖက်အချိန်ကျရင် သူ့ဟာသူကျတာ။ သူ့ဟာသူ ကြွေတာ၊ အသစ် ရွက်သစ်တက်ဖို့၊ ကြွေတဲ့ဖက်ကိုကောက်ပြီးတော့ ကိုယ့်ဟာကိုယ် အိမ်မိုးနိုင်အောင်၊ နွားတင်းကုတ်တွေ မိုးနိုင် အောင် တစ်ခါတလေတော့လည်း ဒီဈေးဖိုးရအောင် ဆိုပြီးတော့ မြို့ထဲ တက်လာပြီးတော့ လှည်းနဲ့ လာပြီးတော့ ရောင်းတဲ့အခါကျတော့လည်း ဟိုသစ်တောတွေကလည်း ဖမ်းတယ်။ ဟို သစ်ပင်တွေ တိုက်တာကြတော့လည်း ဘာမှမဖြစ်ဘူး။ သူတို့ဖက်က အောက်မှာ ကျရင်တော့ မီးအန္တရာယ် ကြောက်ရသေးတယ်။ ဒီ ဝါပြီးကျတဲ့ ဖက်ကို ထိုးပြီးရောင်းတာ ဘာဥပဒေ ပုဒ်မလဲတော့ မသိဘူး။ မနေ့ကတော့ ကျွ န်တော် ကြားလိုက်တာ ကိုယ်စားလှယ် တစ်ယောက် ပြောတာ ပုဒ်မ ၄ ဆိုတာ ဘာလဲတော့ မသိဘူး။ ကျွ န်တော်ကြည့်တော့လည်း ပုဒ်မ ၄ ဆိုတဲ့ထဲမှာ ပါသလားတော့ မသိဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ကျွမ်းကျွမ်းကျင်ကျင် ထဲထဲဝင်ဝင် မရှိလို့ပါ။ အဲဒါကြော င့်မို့လို့ မထူးတော့ပါဘူး။ တ ချို့ကျတော့လည်း ဖက်တွေမရှိတော့လည်း သွပ်တွေမိုးတာကောင်းတာပေါ့။ သွပ်ဆို ဖက်မိုးစရာ မလို တော့ဘူး။ အဲ ဖိုးခွားရေ သွပ်မိုးလို့သာပြော သွပ်လည်းမိုးပြီးရော တို့ ခွေးလုံးလုံး ဖြစ်တာပဲတဲ့။ ဘယ်လိုဖြစ်လည်းဆိုတော့ အိမ်ပေါ်မှာ နေလို့မနိုင်လို့ ကျေးရွာတွေက အိမ်ခြေထောက်ရှည်ရှည် ခြေတံရှည်ပြီး အပေါ်ကနိမ့်တော့ ဘယ်သူမှ နေ့လယ်၊ ညရော နွေချိန်က ဘယ်လိုမှ မနေနိုင်ဘူး။ အိမ်အောက်မှာ နေရတယ်။ အိမ်အောက်မှာချည်းပဲ တစ်ချိန်လုံး နေလိုက်၊ စားလိုက်၊ အိပ်လိုက်ချည်းပဲဖြစ်လို့ အဲဒီလို ပြောတဲ့သဘောမျိုးပါ။ အဲဒါကြောင့်မို့လို့ ကျွန်တော် ဆွေးနွေး တင်ပြခဲ့တဲ့ အချက်တွေဟာ ယခုပကတိလက်တွေ့ အခြေအနေမှန် ကရင်ပြည်သူလူထုရဲ့ ခံစား နစ်နာဆုံးရှုံးနေရတဲ့ ဘဝအမှန်တွေ တကယ်ပါ။ လုပ်ကြံဖန်တီးပြောတာ၊ လိမ်ပြောတာ တစ်ခုမှ မပါပါဘူးခင်ဗျား။ ဒါကြောင့် ကျွန်တော် ထုတ်နုတ်တင်ပြ ထောက်ခံဆွေးနွေးထားတဲ့ ဒီဥပဒေကြမ်းဆိုင်ရာ အခန်း (၄)၊ ပုဒ်မ ၁၀(က)၊ ပုဒ်မခွဲငယ် (၄)အရ ကျေးလက်ဒေသနေ

တောင်သူလယ်သမားများနဲ့ မိသားစု  တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများအတွက် ဧက(၅၀)  ထက်မပိုသော  မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း  ကို သက်ဆိုင်ရာ ဒေသအဖွဲ့အစည်း တစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဆိုတဲ့ ဥပဒေပုဒ်မရယ်၊ အခန်း(၆)၊  ပုဒ်မ ၁၆(ခ)၊(ဂ)မှာ လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ (၄)နှစ်အတွင်းသတ်မှတ်ချက်အတိုင်း လုပ်ငန်း ပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှု မရှိသောနေရာ အခြေအနေကြောင့်လည်းကောင်း သတ်မှတ်ကာလကို ဗဟိုကော်မတီက ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။      (ဂ)ကတော့ ခွင့်  ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း  ၊  အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရ။ အခန်း(၇)၊ ပုဒ်မ  ၂၀ အရကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြု            ခွင့်ရရှိသူက ဤဥပဒေပါ   စည်းကမ်းချက်တစ်ရပ်ရပ် ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းသော အာမခံကြေးကို နိုင်ငံတော်   ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်း         ပိုင်ခွင့်ရှိသည်။ အခန်း(၁၀)၊ ပုဒ်မ  ၃၃  အရကတော့ ဤဥပဒေအရ ဖွဲ့စည်းသော ဗဟိုကော်မတီသည် ဤဥပဒေ မပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သောမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက် ရမည်လို့ ဆိုတဲ့အထဲမှာ ခုနကျွန်တော်      အကြံပြုထားတဲ့ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆက်ခံဆောင်ရွက်၍ တိကျမှန်ကန် ပီပြင်ရေး အတွက် သက်ဆိုင်ရာဒေသအဖွဲ့အစည်းများမှလည်း တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက် ပေးရေးနှင့် ချိုးဖောက်မှုများကို အရေးယူနိုင်သည့် ဥပဒေဖော်ဆောင် အတည်ပြုပေးနို   င်ပါရန် ကျွန်တော် အကြံပြုရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။**            ။ ဥပဒေကြမ်းကော်မတီက  ဦးမြည်မိမ်း  တို့က အမျိုးသား လွှတ်တော်က နေပြီးတော့  ပြည်သူ့လွှတ်တော်က ပြန်ပို့ထားတဲ့ကိစ္စ ဟုတ်တယ်     နော်။ ဆွေးနွေးတဲ့ ပုဂ္ဂိုလ်က ဒီတစ်ယောက်တည်းရှိတာပေါ့။ ဒီတစ်ယောက်နဲ့ ပြန်လည်           ကြားနာပြီးလို့ရှိရင် ဒါ အချောသတ်လိုက်လို့  ရပြီပေါ့။ ရပြီနော်။  အမျိုးသားလွှတ်တော်  ကိုယ်စားလှယ်များခင်ဗျား။

အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်း နှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဦးမြင့်ထွန်း က ဖတ်ကြား ရှင်းလင်း မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးမြင့်ထွန်း (ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် )**။ ။ လေးစားအပ်တဲ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်တော်ကြီးများမင်္ဂလာပါခင်ဗျား။ကျွန်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်း က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ကိုယ်စား တင်ပြမှာ ဖြစ်ပါတယ်။ တင်ပြရမယ့်အကြောင်းအရာကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တဲ့ အခါမှာ အခန်းပေါင်း (၁၉)ခန်းနဲ့ ပုဒ်မ ပေါင်း(၄၇)ခု ရှိတာတွေ့ရပါတယ်။ လေ့လာတွေ့ရှိချက် တွေကို Power Point နဲ့ တင်ပြပေးပါမယ်ခင်ဗျား။ အဲဒီတော့ ဥပဒေရဲ့ခေါင်းစဉ်ကို ကြည့်လိုက်က တည်းက ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥ ပဒေ ဆိုပြီး တော့ သူတို့ဥပဒေကြမ်း မှာဖော်ပြထားပါတယ်။ ဒါမလိုအပ်ပဲ ထည့်ထားတာဖြ စ်လို့ ဒီပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုတာကို ကျွန်တော်တို့ ဖြုတ်လိုက်ပြီးတော့ အရင်ဥပဒေ လိုပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေလို့ပဲ တိုတိုနဲ့လိုရင်း ဖော်ပြထားတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြင်ဆင်ပါတယ်။

နောက်တစ်ခုက နိုင်ငံတော်ဆိုပြီးတော့ သူတို့ ဥပဒေကြမ်းမှာ ဖော်ပြထားတာ ဖြစ်ပါ တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂ အရဆိုလို့ရှိရင် နိုင်ငံတော်ဆိုတာ ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော်လို့ ဆို တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်လို့ မသုံးဘဲနဲ့ နိုင်ငံတော် ဆိုတဲ့စကားကို ပြင်ဆင်သုံးနှုန်းဖို့ အဓိပ္ပာယ်ဖွင့် ဆိုချက်မှာ ကျွန်တော်တို့ ထည့်သွင်းဖော်ပြပြီး အတိုအနေနဲ့ထည့်သွင်းဖော်ပြ ပေးတာဖြစ်ပါတယ်။ အဲဒီတော့ အရှည်အနေ နဲ့ သုံးမယ်ဆိုရင်တော့ ပုဒ်မ ၂ ကို ကြည့်လို့ရှိရင် အရှည် သုံးရင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ ဒါအစိုးရကိုသုံးတဲ့ အသုံးအနှုန်း တစ်ခုပါ။ ဒါလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ မှတ်ထားဖို့လိုပါတယ်။ အစိုးရဆို တဲ့ စကားလုံး တစ်လုံးပဲ သုံး လို့ရှိရင် ဒါအပြင်လောကမှာ အရပ်သုံး စကား ဖြစ်ပြီးတော့၊ အခြေ ခံဥပဒေနဲ့ အညီသုံးမယ်ဆိုလို့ရှိရင် အတိုသုံး မယ်ဆိုလို့ရှိရင် ပြည်ထောင်စု အစိုးရအဖွဲ့ အရှည်သုံး မယ် ဆိုလို့ရှိရင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့လို့ ဒါ သုံးရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၂(ခ)မှာ ကျွန်တော်တို့ (ဂ)အဖြစ် ဖော်ပြပြင်ဆင်ပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂(ဇ) ပိုဒ်ခွဲ (၃)ကို ကြည့်မယ်ဆိုလို့ရှိ ရင် နိုင်ငံတကာဥပဒေ မှာသုံးတဲ့ အသုံးအနှုန်းမျိုး ကျွန်တော်တို့ ပြ င်ပေးလိုက်ပါတယ်။ ဥပမာ လိုင်စင်၊ ကုန်အမှတ်တံဆိပ် ၊ မူပိုင် အခွင့်အရေး စသည်ဖြင့် ကျွန်တော် တို့ မူလပြဋ္ဌာန်းချက်မှာ ဖော်ပြ ပါတယ်။ ဒါကို ကျွန်တော်တို့ အစဉ်အတိုင်း ဖြစ်သွားအောင် လို င်စင်တီထွင်မှု ပိုင်ဆိုင်ခွင့်၊ စက်မှုဒီဇိုင်း ၊ ကုန် အမှတ်တံဆိပ်၊ မူပိုင်ခွင့် စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများကို တန်ဘိုးဖြတ်နိုင်သော အခွင့်အရေးဆိုပြီးတော့ ကျွန်တော်တို့ ဆီလျော်အောင် အရှေ့အနောက် ဆင်ပေးလိုက်ပါတယ်။ ပုဒ်မ ၄ မှာ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာ ဓလေ့ထုံးစံနှင့် သက်ဆိုင်သော လုပ်ငန်းများဆိုတာ ထက်ကို ပိုပြီးတော့ လုပ်ငန်း နဲ့အကျုံးဝင်အောင် ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော လုပ်ငန်းများလို့ ကျွန်တော်တို့ တိတိကျကျ ဖြစ်အောင် အများပြည်သူရဲ့ အကျိုးစီးပွား ရရှိအောင် ရှေးရှုပြီး ထည့်ပေးတာဖြစ်ပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ ဖြည့်ပေးတာက လူနေထိုင်ရာ ရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေမှု ၊ အသံဆူညံမှု ဖြစ်ပေါ်စေသော လုပ်ငန်းများဆိုပြီးတော့ ကျွန်တော်တို့ထည့်ပေးပါတယ်။ အဲဒီ ပုဒ်မ ၄ ပုဒ်မခွဲငယ်(င)မှာလည်း နိုင်ငံအတွင်းရှိ တိရစ္ဆာန်လို့ သုံးထားတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတော်အတွင်းရှိ တိရိစ္ဆာန်လို့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနဲ့ အညီတော်ကို ထည့်ပေးလိုက်ပါတယ်။ အလားတူပဲ ပုဒ်မခွဲ(စ)မှာလည်းနိုင်ငံတော်အတွင်းလို့ ကျွန်တော်တို့ထည့်ပေးပါတယ်။ အဲဒီမှာအဆိပ်အတောက် ရှိသော စွန့်ပ စ်ပစ္စည်းများလို့ သုံးထား ပါတယ်။ ပြည့်စုံအောင် ကျွန်တော်တို့က ဘေးအန္တရာယ်

ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများလို့ ကျွန်တော်တို့ပြည့်စုံအောင် ထည့်ပေးလိုက်ပါတယ်။

နောက် ပုဒ်မ ၅ နဲ့ ပတ်သက်လို့ အရေးကြီးတဲ့ အချက်တစ်ချက် ကျန်သွားပါတယ်။ သူတို့အချက်(၁၂)ချက် ထည့်ပေးထားပါတယ်။ အဲဒီအချက်အပေါ် ဆုံးမှာ (က)မှာလည်း ပုဒ်မခွဲငယ် (က)အဖြစ် အရေးကြီးအချက်ကတော့ အမျိုး သားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိက ရည်မှန်းချက်များကို အထောက်ကူပြုရေးလို့ဆိုပြီးတော့ ကျွန်တော်တို့ အရေးကြီးတဲ့ အချက် တစ်ချက် ထည့်ပေးလိုက်တဲ့ အတွက်ကြောင့်မို့လို့(၁၃)ချက် ဖြစ်သွားပါတယ်။ အောက်ဆုံးအချက် ကိုတော့ ကျွန်တော်တို့(ဌ)ကို (ဍ) အဖြစ် ဖော်ပြပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုပြီးတော့ ထည့်လိုက် ပါတယ်။ ဥပဒေကြမ်းမှာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်း သိမ်းရေး ဆိုပြီးတော့ သဘာဝဆိုတာ ကတော့ ရေမြေတောတောင်ကို ပဲ ဆိုတာဖြည့်ပြီး ကျန်တာမပါမှာ စိုးလို့ ပိုမိုပြည့်စုံပြီး ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ဆိုပြီးတော့ အဓိပ္ပ ါယ်လည်း ဖွင့်ဆို ထားပြီးဖြစ်တဲ့အတွက်ကြောင့် သဘာဝ ဆိုတဲ့စကားလုံးကို ဖြုတ်လိုက်ပါတယ်။ အခန်း (၅) ပုဒ်မ ၈(က)မှာ ကော်မရှင်ဥက္ကဌ တာဝန်ပေးတဲ့နေရာမှာ ကော်မရှင်ဥက္ကဌ တာဝန်ပေးတာကို ကျွန်တော်တို့ ဥပဒေကြမ်းမှာ သင့်လျော်သောပုဂ္ဂိုလ် တစ်ဦးအား ဥက္ကဌအဖြစ် ဆိုပြီးတော့ ထည့်ထားပါတယ်။ ဒါကို ဥပဒေကြမ်းကော်မတီ အနေနဲ့ ပြည်ထောင်စုအဆင့် သင့်လျော်သော ပြည်ထော င်စုအဆင့်ပုဂ္ဂိုလ်ဆိုပြီးတော့ ဥက္က ဌအဖြစ် တာဝန်ပေးဖို့ ထည့်ထားပါတယ်။ ဘာလို့လဲ ဆိုတော့ ကော်မတီဝင်တွေဟာ ကော်မ ရှင်အဖွဲ့ဝင် တွေဟာ ကျွန်တော်တို့ တစ်ခါတလေ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေလ ည်း ပါမှာ ဖြစ်ပါတယ်။ အရင် တပ်မတော်အစိုးရ လက်ထက်မှာ ဒုတိယဝန်ကြီးချုပ်အဆင့်က ဥက္ကဌလုပ်တဲ့ အနေအထားမျိုးလေးတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုအဆင့် ဆိုပြီးတော့ ထည့်ပေးလိုက်တာဖြစ်ပါတယ်။ ဒါ ပုဒ်မ ၉(က)မှာ တွက်ခြေကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု စတဲ့ အချက်အလက်ကို သုံးသပ်ခြင်းလို့ ဖော်ပြထားတာကို တွက်ခြေကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု ဆိုပြီး တော့ ပြည့်စုံအောင် ကျွန်တော် ထည့်ပေးပါတယ်။နောက်အပိုဒ်ခွဲငယ်(ဆ)မှာလည်း သူတို့ဆီမှာမပါတဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းကို ကျွန်တော်တို့ ပြင်လိုက်တာ။ တိုင်းဒေသကြီးနှင့်ပြည်နယ် စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခြင်းနှင့် စပ်လျဥ်း၍

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုပြီးတော့ ဒါ ပြည်နယ်/တိုင်းဒေသကြီးတွေအတွက်လည်း ကျွန်တော်တို့ စဉ်းစားပြီးတော့ ဒီဥပဒေပုဒ်မကို ဖြည့်ခြင်းဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေမှာတော့ ငွေရေးကြေးရေးတန်ဖိုးကို အခြေအနေအလိုက် တိုင်းဒေသကြီးအစိုးရကို ပေးတာရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအဆင့်အစိုးရ ကိုင်တွယ်တာရှိပါတယ်။ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့အခါမှာ အာဆီယံနိုင်ငံတွေမှာ (၂)နှစ်တစ်ကြိမ်လောက် လုပ်ငန်းဥပဒေတွေ ပြင်တာ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာလည်း လိုအပ်ရင် လိုအပ် သလို ပြင်နိုင်အောင်ဆိုပြီးတော့ ညှိနှိုင်း ဆောင်ရွက်ခြင်း ဆိုတဲ့ဟာကို ထည့်ထားပေးတာဖြစ်ပါတယ်။ နောက်ပုဒ်မ ၁၀(ခ)မှာ ကျွန်တော်တို့ ဝါကျကံပုဒ် မပါလို့ အဆိုပြုချက်ကိုလက်ခံတဲ့ အစိုးရသဘောတူညီချက် ဖြင့် ခွင့်ပြုမိန့်ထုတ် ပေးခြင်းဆိုပြီးတော့ အဆိုပြုချက်ကိုလက်ခံရင် အစိုးရရဲ့ သဘောတူချက်ဖြင့် ခွင့်ပြုမိန့်ကို ကမကထ ပြုသူအား ထုတ်ပေးခြင်းဆိုပြီးတော့ ဝါကျမှာ ကံပုဒ်ပါအောင် ထည့်ပေးခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မ ၁၃(က) ဆိုတာကတော့ တာဝန်နဲ့ ဆိုင် တဲ့ကိစ္စတွေပါ။ ပုဒ်မ ၁၄မှာ သူက တာဝန်တွေနဲ့ ရောနေတယ်။ တာဝန်နဲ့ အခွင့်အရေးတွေ ရောနေတဲ့အတွက်ကြောင့် ပုဒ်မ ၁၄ က တာဝန်အပိုဒ်တွေကို ပုဒ်မ ၁၃ မှာ ကျွန်တော်တို့ ဖြည့်ပေးလိုက်ရတာရှိပါတယ်။ ပုဒ်မ ၁၃(က)ကို ကျွန်တော်တို့ အရင် တင်ပြမယ် ဆိုရင် ပုဒ်မ ၁၃(က)မှာ နည်းဥပဒေဆိုတဲ့ စကားပါမလာ ဘူး။ သူတို့က ဥပဒေကြမ်းမှာ ဥပဒေ အရထုတ်ပြန်သည့်လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ ညွှန်ကြားချက်နှင့်ခွင့်ပြုမိန့်စသဖြင့်ဖော်ပြထားပါတယ်။ဒါကိုကျွန်တော်တို့ကထုတ်ပြန်တဲ့အခါမှာနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များဆိုပြီးတော့ နည်းဥပဒေများ ကို ကျန်ခဲ့လို့ ထည့်ပေးလိုက်တာဖြစ်ပါတယ်။ ပုဒ်မ၁၃(စ)မှာတော့သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုတာပါလာပါတယ်။ ဒါကြောင့်သဘာဝကို ပိုပြီးတော့ ပြည့်စုံ အောင် ကျွန်တော်တို့ ပြန်ဖြုတ်လိုက်ပါတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန်ဆိုပြီး ထည့်ပေး လိုက်တာ ဖြစ်ပါတယ်။ ပုဒ်မ ၁၄ အခွင့်အရေးအပိုဒ်က တာဝန်တစ်ချက်ကို ပုဒ်မ ၁၄ က ပြန်ယူ ပြီးတော့ ပုဒ်မ ၁၃ မှာ ပုဒ်မခွဲ (ဆ)အဖြစ် ထည့်ပေးလိုက်တဲ့အပိုဒ်ကတော့ ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်နိုင်စေရန် အားပေးသည့်အနေဖြင့် အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ရာတွင် လုပ်ငန်း အမျိုးအစား၊ ရင်းနှီး မြှုပ်နှံမှုတန်ဖိုး၊ ရောင်းရသည့် တန်ဖိုးအပေါ် မူတည်ပြီး ရရှိသော

အမြတ်အစွန်းငွေ၏ (၅၀) ရာခိုင်နှုန်းထက်မပိုသည့် ကော်မရှင်က သတ်မှတ်သော ငွေပမာဏကို နိုင်ငံတော်သို့ ပေးသွင်းခြင်းဆိုပြီး တော့ ကျွန်တော်တို့ ပုဒ်မ ၁၄ က ဟာကို ပုဒ်မ ၁၃ မှာ ကျွန်တော်တို့ ထည့်ပေး လိုက်တာ ဖြစ်ပါတယ်။

နောက်တစ်ပိုဒ်က ပုဒ်မခွဲ (ဇ)ပါ နို င်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏ အစုရှယ်ယာ အားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြား ကုမ္ပဏီတစ်ခုခုသို့ အပြီး အပိုင် လွှဲပြောင်းရောင်းချလျှင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်ရယူ၍ ခွင့်ပြုမိန့်ကို ပြန်လည် အပ်နှံပြီးမှသာ တည်ဆဲဥပဒေများနှင့်အညီ အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်ခြင်း ဆိုပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၁၃ မှာ ဖြည့်လိုက်ပါတယ်။ ဒါ ပုဒ်မ ၁၄ က ယူပြီး ဖြည့်တာဖြစ်ပါ တယ်။ ပုဒ်မ ၁၄ ကို ဆက်လက်တင်ပြရမယ်ဆိုရင် ပုဒ်မ ၁၄ က အခွင့်အရေး အပိုဒ် ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ အခွင့်အရေးအပိုဒ်ကို အခွင့်အရေးအပိုဒ်မှာပဲ ကျွန်တော်တို့ ပုဒ်မ ၁၄(ခ)မှာ လွှဲ ပြောင်းပြီးတော့ ဥပဒေကြမ်းမှာပါတဲ့အပိုဒ်မှာ ပါတဲ့အပိုဒ်အတိုင်း ထည့်ပေးပါတယ်။ နောက် ပုဒ်မ ၁၄(ဂ)မှာလည်း အလားတူ အခွင့်အရေးနဲ့ သက်ဆိုင်တဲ့ အပိုဒ် ခွဲခြားပြီး ဖော်ပြ ပေးတာ ဖြစ်ပါတယ်။ ပုဒ်မ ၁၄ ပုဒ်မခွဲ (စ)ကတော့ အပြောင်းအလဲမရှိပါဘူး။ အားလုံး သဘော တူပါတယ်။ (ဆ)နဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် စောစောက တင်ပြသလို သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဆိုတာပါနေပါတယ်။ ဒါကြောင့် သဘာဝကိုဖြုတ်ပြီးတော့ ပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုပြီးတော့ ထည့်ပေးလိုက်တာ ဖြစ်ပါတယ်။ နောက်တစ်ခါ အခန်း(၁၀) ပုဒ်မ ၂၀ (ဂ) ဥပဒေကို ပြန်ကြည့်လို့ရှိရင် ဥပဒေကြမ်မှာ ပါတာက အလုပ်ရှင်နဲ့ အလုပ်သမား အတတ်ပညာရှင် ဒါမှမဟုတ် ဝန်ထမ်းဆိုပြီးတော့ ပါလာပါတယ်။ အလုပ်ရှင် အချင်းချင်းဆိုပြီး ကျွန်တော်တို့ ဖြည့်ပါတယ်။ အလုပ်ရှင် အချင်းချင်းကလည်း ပြဿနာတွေ ရှိတတ်လို့ဖြစ်ပါတယ်။ နောက် အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နဲ့ အလုပ်သမား၊ အတတ် ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့ အကြားဆိုပြီးတော့ ကျွန်တော် ဖြေရှင်း နိုင်အောင် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ မှာ ရှေ့က Defination နဲ့ညီအောင် သွယ်ဝိုက်တဲ့ နည်းနဲ့လည်း နိုင်ငံပိုင်လုပ်တယ် ဆိုတဲ့အဓိပ္ပာယ် ပါနေပါတယ်။ ပုဒ်မ ၂၂ မှာ အဲဒီတော့ ဟိုတုန်းက မူလဥပဒေတွေတုန်းကတော့ သွ ယ်ဝိုက်တဲ့ နည်းနဲ့ နိုင်ငံပိုင်လုပ်တယ်ဆိုတာ မပါဘူးပေါ့။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အဲဒီ ပုဒ်မ ၂၂ မှာ ကြည့်လိုက်ရင် မူလ ဥပဒေကြမ်းမှာ အများပြည်သူအကျိုးအတွက် စျေးကွက်တွင်ဖြစ်ပေါ်နေသည့် စျေးနှုန်းများအတိုင်း တန်ဖိုးသင့်ကာ လျော်ကြေးပေး၍ ဆောင်ရွက်ခြင်းမှတစ်ပါးဆိုတာကို အပိုဒ်ကို

ဖြုတ်ပြီးတော့ သက်တမ်းအတွင်း ယင်းသို့ တိုးမြှင့်ပေးသည့် သက်တမ်း အတွင်း နိုင်ငံပိုင် ပြုလုပ်ခြင်းမပြုဟုအာမခံသည် ဟူသည့်အချက်ကိုပဲ ယူလိုက်ပါတယ်။ ခုနက အချက်ကို ဖြုတ်လိုက်တာ ဖြစ်ပါတယ်။ အလား တူ ပုဒ်မ ၃၁ အဲဒီမှာတော့ သဒ္ဒါပါ ။ သဒ္ဒါက မမှန် ပါဘူး။ မြန်မာသဒ္ဒါရေးထုံးအရ ရင်းနှီးမြှုပ်နှံသူ၏အမည်နှင့် မှတ်ပုံတင် ရမည်ဆိုတာက ရင်းနှီးမြှုပ်နှံသူ ၏အမည်ဖြင့် မှတ်ပုံတင်ရမည်ဆိုပြီးတော့ဖြင့် ပြောင်းလိုက်ပါတယ်။

နောက် ကျွန်တော်တို့ ပုဒ်မ ၃၄ ဖြစ်ပါတယ်။ အဲဒီမှာလည်း ငွေလဲလှယ်တဲ့နှုန်းအတိုင်း ကော်မရှင်၏ ခွင့်ပြုချက်နဲ့အညီ ဆိုတာ ကျွန်တော် ထည့် ပေးလိုက်တာဖြစ်ပါတယ်။ ဘာလို့လဲ ဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေ က FEC ၊ ကျပ်၊ ဒေါ်လာ စသည်ဖြင့် ငွေမျိုးစုံနဲ့ လဲလှယ်တဲ့အခါမှာ ဘဏ်ကတစ်ဆင့်လွှဲတဲ့အခါမှာ ကော်မရှင်ကမသိမှာစိုးလို့ ကော်မရှင်၏ခွင့်ပြုချက်နှင့်အညီ ဆိုပြီးတော့ထည့်ပေးတာ ဖြစ်ပါတယ်။ နောက်တစ်ပိုဒ်က ပိုပြီးပြည့်စုံအောင် ဆိုပြီး တော့ ကျွန်တော်တို့ ကော် မရှင်၏ ခွင့်ပြုချက်နှင့်အညီ ကော်မရှင်က သတ်မှတ်သောဘဏ်တွင် ယင်း ဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်း ကို လည်းကောင်း၊ ကျ ပ်ငွေစာရင်းကိုလည်းကောင်းဖွင့်လှစ်၍ လုပ်ငန်းနှင့်သက်ဆိုင်သော ငွေရေး ကြေးရေးကိစ္စများကို ဆောင်ရွက်ရ မည်ဆိုပြီးတော့ ထည့်ပေးပါတယ်။ အခြားလုပ်ငန်းတွေ လုပ်ရင်လည်း ကော်မရှင်က သိရမယ် ဆိုတဲ့ သဘောဖြစ်ပါတယ်။ ပုဒ်မ ၃၅ မှာ ယင်း ဆိုပြီးတော့ စကားလုံးတစ်လုံး ပို ပါလာပါတယ်။ ယင်း ဆိုတာက တစ်ခုခု ညွှန်းပြီးမှသာ ယင်းစီးပွားရေး အဖွဲ့အစည်း၊ ယင်းဥပဒေဆိုပြီးတော့ စသည်ဖြင့် သုံးရမှာဖြစ်ပါတယ်။ အခုတော့ ယင်း ပါလာတဲ့ အတွက်ကြောင့် ဒီနေရာမှာ ကျွန်တော်တို့ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော ဆိုတဲ့စကားလုံးကို ထည့်ပြီးတော့ နောက်ဆက်တွဲမှာ စီးပွားရေးအဖွဲ့အစည်း တစ်ခုခုလို့ ကျွန်တော်တို့ ဖော်ပြတာ ဖြစ်ပါတယ်။ အဲဒီမှာ ကော်မရှင်၏ ခွင့်ပြုချက်နဲ့ အညီ ကော်မရှင်က သတ်မှတ်သော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်ကလက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် ဆိုပြီးတော့ စကားရပ်ပြည့်စုံအောင် ကျွန်တော်တို့ ထည့် ပေးလိုက်တာ ဖြစ်ပါတယ်။ ပုဒ်မ ၃၄ နဲ့ လည်း ညီသွားအောင် ဖြစ်ပါတယ်။ ပုဒ်မ ၃၆ အဲဒီမှာ ပြစ်ဒဏ်တွေ မူလဥပဒေမှာ ပြဋ္ဌာန်းထားတာ ပြစ်ဒဏ်အမျိုးအစား (၄)မျိုးမှာ ဒုတိယအမျိုးနဲ့ တတိယအမျိုးဟာ အပေါ်နဲ့ အောက်မှား နေပါတယ်။ ကြီးလေးတဲ့ အပြစ်ဒဏ်က အောက်မှာရှိရမှာ ပေါ့တဲ့ ပြစ်ဒဏ်က အပေါ် မှာရှိရမယ်။ ခွင့်ပြုမိန့်ကို ပြန်လည်ရုပ် သိမ်းခြင်းဆိုတာ နဲနဲပေါ့တဲ့အတွက်ကြောင့်၊ လေးတဲ့အတွက်ကြောင့် သူက လေးတဲ့အပြစ်ကို အောက်ကို ချလိုက်ပြီးတော့ အောက်ကပေါ့တဲ့ အမိန့်ဖြစ်တဲ့

အခွန်ကင်းလွတ်ခြင်းနဲ့ သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်းဆိုတဲ့ အပြစ်ဒဏ်ကို အ ပေါ်တင် ပြီးလဲပေးလိုက်တဲ့၊ စာပိုဒ်လဲပေးလိုက်တာ ဖြစ်ပါတယ်။ နောက် ပုဒ်မ ၄၅၊ ၄၇ - ကျွန်တော်အရင် တင်ပြထားသလိုပဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လို့ သုံးထားတဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုပြီးတော့ စကားရပ်အစားထိုးခြင်း ဥပဒေနဲ့ လဲပေး လိုက် ပါတယ်။

နောက် ပုဒ်မ ၄၆ အဲဒီမှာလည်း ဒါနောက်ဆုံး အချက်ပါ။ ဒီကော်မရှင်မှာ မပါတဲ့ကိစ္စ ဖြစ်သွားတယ်။ ဘာလို့လဲ ဆိုတော့ သူတို့ မူလဥပဒေကြမ်းမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဥ်းနှင့် စည်းကမ်း များကို အစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်လို့ ပါလာပါတယ်။ ဒါကို ကျွန်တော်တို့ ကော်မရှင်က ဒီလို ထုတ်ပြန်ရင် ဘာမှသိမှာ မဟုတ်တဲ့အတွက်ကြောင့် ကော်မရှင်နဲ့ညှိနှိုင်းပြီး လိုအပ် သောနည်းဥပ ဒေများ၊ စည်းမျဥ်း စည်းကမ်းများကို အစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ထည့်ပေးပါတယ်။ အဲဒီလို မထည့်ပေးလို့ရှိရင် ကော်မတီဟာ၊ ကော်မရှင်ဟာ ဦးစီးဌာနလို ဖြစ်ပြီး တော့ သာမန်လုပ် ထုံးလုပ်နည်းနဲ့အညီ စည်းကမ်းဥပဒေပဲ ထုတ်ပြန်ပြီးတော့ ဝန်ကြီးဌာ နက ထုတ်ပြန်တာ ပါဝင်ခြင်း၊ ပတ်သက်ခြင်း မရှိမှာစိုးလို့ ဒါလေး ကျွန်တော်ဖြည့်စွက်ထည့်ပေး ခြင်းပဲ ဖြစ်ပါတယ်။ ပြင်ဆင်ဖြည့် စွက်တာနဲ့ ပတ်သက်ပြီးတော့ ထောက်ခံတင်ပြဖို့ လွှတ်တော်ကို တင်သွင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ အမျိုးသားလွှတ် တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၄၁။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ ဖြစ်ပါတယ်။ ကျွန် တော် ဒီနေ့ အဓိက ဆွေးနွေးမယ့် အကြောင်းအရာကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာဆိုလို့ရှိရင် ၁၉၈၈ နောက်ပိုင်းမှာ ၁၉၈၉ ကစပြီးတော့ စီးပွားရေး လောကကို ဝင်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ပထမကတော့ ၁၉၇၀ စပြီးတော့ ၁၉၇၈ထိ ကို တပ်မတော်အင်ဂျင်နီယာတပ်မှာ ကမမောင်း၊ ဖာပွ န်၊ လှိုင်းဘွဲ့ ကရင်ပြည်နယ်မှာ ပဲ ဘားအံ အပါအဝင် တပ်ရင်းတွေ ကျွန်တော်ဆော က်ပြီးတော့ ၁၉၇၈ရဲ့ နောက်ပိုင်းမှာ ကျွန်တော် ဗိုလ်ချုပ်တင့်ဆွေနဲ့ ပါလာပြီးတော့ စက်မှု(၁)မှာဆောက်တဲ့ စက်ရုံ ပေါင်း (၄၀)ကျော် အပါအဝင် ပြည်ထောင်စုနေ့ ပြခန်း ဆိုလည်း (၁၀)နှစ်လုံးလုံး ကျွ ုက္ကဆံကွင်းမှာ ဆောက်ခဲ့ပါတယ်။ အဲဒီ နောက်ပိုင်းမှာ၁၉၈၈ရဲ့နောက်ပိုင်းမှာ ကျွန်တော်ဆောက်ခဲ့တဲ့ စက်ရုံတော်တော်များများကလည်း ဖျက်ခံထိပြီးနောက်ပိုင်းမှာ ကျွန်တော် ရေနံတွေ ဝင်လာတဲ့အတွက် Shell နဲ့ပေါင်းပြီးတော့ ရေနံတွေ လုပ်ပါတယ်။ ပြီးတော့မှကျွန်တော် ဒီ ဝင်လာ တဲ့ Investment ဝင်လာတဲ့ Mitsui Industrial park ကြီးကို ကျွန်တော် ဆောက်ပါတယ်။ နောက်တစ်ခါ ဆီဒိုး နားဟိုတယ်ကြီး ကျွန်တော်ဆောက်တယ်။ YKK ဟိုတယ်ဆောက်တယ်။ နောက် Marina ဟိုတယ်ကြီး ဆောက်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေနဲ့ နောက်တစ်ခါ ရှိသမျှ ဂျပန်၊ ကိုရီးယား လာသမျှနိုင်ငံ Invest လုပ်မယ့် အဖွဲ့တွေနဲ့လည်း ကျွန်တော်တွေ့တဲ့အချိန်မှာ နို င်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ အခက်အခဲတွေကော အများကြီးတွေ့ခဲ့ပါတယ်။

နောက် ဒီနေ့အထိပြန်ပြီးကြည့်မယ်ဆိုလို့ရှိရင်လည်း မြန်မာနို င်ငံကိုလာပြီး ရင်းနှီး မြှုပ်နှံထားတဲ့ နိုင်ငံခြားသားတွေဟာ အခုလို Gas တို့၊ ရေနံတို့ကလွဲရင် မြိုးမြိုး မြက်မြက်ရပြီး ပြန်သွားတဲ့ ကုမ္ပဏီတွေ ကျွန်တော်မတွေ့ရပါဘူး။ ဒါကြောင့်လည်း နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ နိုင်ငံခြားကုမ္ပဏီ တွေ Invest လာလုပ်တာနည်းသွားတဲ့ အနေအထားမျိုး ရှိပါတယ်။ ဘာ ကြောင့်လဲဆိုတော့ တ စ်ဖက်ကနေပြီးတော့ ကျွန်တော်တို့ ဥပဒေအရ ထုတ်ထား တယ်။ ဥပမာ ကျွန်တော်တို့မြေဆိုလို့ရှိရင် အ ခုဒီမှာထုတ်တဲ့ဥပဒေအတိုင်းပဲ ကျွန်တော်တို့ လက်ထဲမှာရှိတဲ့ပုဂ္ဂိုလ်ကအစ နိုင်ငံတကာလိုပဲ Invest လုပ်နိုင်ပေမယ့် အမိန့်ကြော် ငြာစာ

တွေနဲ့ပြန်ပြီးတော့ လုပ်ထားတဲ့ ဥပဒေအရ မဟုတ်ဘဲနဲ့ နိုင်ငံသားတစ်ယောက်က မြေကို Invest မလုပ်နိုင်ပါဘူး။ နိုင်ငံတော်အစိုးရမှသာ လုပ်နိုင်မယ်ဆိုတဲ့ညွှန်ကြားချက်ပါ။ ဥပဒေ မဟုတ်ပါဘူး။ ညွှန်ကြားချက်နဲ့ပိတ်တဲ့အတွက်ကြောင့်ကို ဒါလာသမျှ စီးပွားရေး လုပ်ငန်းရှင် တွေက စက်မှု(၁)နဲ့ညီညီ၊ စက်မှု(၂)နဲ့ညီညီ သူတို့ဆီက မြေကိုငှားချင်ငှား၊ စက်ရုံငှားချင်ငှား ဒါမှမဟုတ်အိုးအိမ်ဦးစီးဌာနမှညီပြီးတော့ 1 square meter ကို (၃) ဒေါ်လာနဲ့ ငှားတာတွေ ရှိတယ်။ Joint တွေလုပ်တာရှိပေမယ့် အောင်အောင်မြင်ပြီးတော့ မြိုးမြိုးမြက်မြက်ရထွက်သွားတဲ့ ကုမ္ပဏီတွေမရှိသလို ကျွန်တော်ကိုယ်တိုင်ကလည်း ခါးသီးတဲ့အတွေ့အကြုံတစ်ခုကို ရခဲ့ဖူးပါတယ်။

ဥပမာ ကျွန်တော်အင်ဒိုနီးရှားနဲ့ ဆေးလိပ်စက်ရုံ Vegas ကြီးကို ထူထောင်ခဲ့တယ်။ စက်မှု(၁)ကနေမြေငှားတယ်။ MIC နဲ့လုပ်ပြီးတော့ (၁၀)နှစ်မပြည့်ခင်မှာ ဒါစက်မှု (၁) ကနေပြီးတော့ မြေကြီးပြန်သိမ်းပါတယ်။ သူ့မြေသူ ပြန်သိမ်းတယ်ဆိုတယ်။ MIC ရဲ့သက်တမ်း (၁၀)နှစ်ကျော်ကျော်ကျန်တဲ့အချိန်မှာ ဒါနိုင်ငံခြား ကို Export လည်း ပို့နေတဲ့ကာလဖြစ်ပါတယ်။ တစ်လကို (၂)သန်းလောက်ထိ ပို့နိုင်တဲ့ Vegas က Just ဆိုတဲ့အမည်နဲ့ နောက်ကျွန်တော်တို့ရဲ့ Profit ကလည်း တစ်လကို သိန်း (၄၀၀၀)(၅၀၀၀)လောက်အထိရနေတဲ့ကာလမှာ ချက်ချင်းဝုန်းဆို ဖျက် သိမ်းရတဲ့ အနေအထားမျိုးရှိပါတယ်။ ဒါက အမိန့်ကြော် ငြာစာ နောက်ဒီနဲ့ ဖျက်သိမ်းရခြင်းဖြစ်တဲ့ အတွက်ကြောင့် နောက်တစ်ခါ ဂျပန်ဆိုလည်း ခါးသီးတဲ့အရသာ တစ်ခုကတော့ ဥပမာ Mitsui Industry ကြီး လုပ်လိုက်တယ်။ Ajinomoto လာတယ်။ Ajinomoto လာပြီးတော့ စက်ရုံလည်း လုပ်ပြီးတော့ စလည်ပ တ်မယ်လုပ်တဲ့အချိန်မှာ Ajinomoto ကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကကြွက်ကိုဘယ်လောက် Portion ကျွေးလဲတော့ မသိဘူး။ လူ Portionပဲ ကျွေးလားတော့မသိဘူး။ ကြွက်က ဒုက္ခရောက်သွားပြီးတော့ ပိတ်ပစ်လို က်တယ်။ Ajinomoto ဆိုလို့ရှိရင်တစ်ကမ္ဘာလုံးမှာအစားဆုံးကတော့တရုတ်စားတယ်။ ကိုရီးယားစားတယ်။ အမေရိကန်ကအစ စားနေတဲ့အချိန်မှာ ဗမာပြည်ကိုပိ တ်လိုက်တယ်။ အဲဒီတော့ မြန်မာနိုင်ငံအနေနဲ့ကလည်း ဒီနယ်စပ်ကနေပြီးတော့ မှောင်ခိုနဲ့ဝင်တဲ့အတွက်ကြောင့် ဈေးကြီးကြီးဝယ်စားရတဲ့အနေအထား ရောက်သွားတဲ့အတွက်ပြီးတော့ Ajinomoto ကို ဒီလိုစံပြုပြီးတော့ ဂျပန် Investment တွေ အကုန် နောက်ဆုတ်သွားတာ အများကြီး ရှိတယ်။ ကျွန်တော် တို့ မြန်မာနိုင်ငံကိုလည်း တော်တော် များများက ပြောကြတယ်။ ဟာသပြောကြပါတယ်။

မင်းတို့ဆီမှာဥပဒေမရှုပ်ထွေးဘူး။ ဥပဒေ အင်မတန်ရှင်းတဲ့ဥပဒေပဲရှိတယ်။ ဘာလဲလို့ ကျွန်တော် မေးတဲ့ အချိန်မှာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဥပဒေပဲ ရှိပါတယ်ဆိုပြီးတော့ကျွန်တော့်ကို ပြန်ပြောတယ်ဆိုတော့ ကျွန်တော့်ဆီမှာ ဥပဒေကလည်း မတည်ငြိမ်တဲ့ သဘောမျိုးဖြစ်တဲ့ အတွက်ကြောင့် ဒီနေ့အ ထိဒါစက်မှုကဏ္ဍက ကြည့်လို့ရှိရင် လည်း ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ပဲ ကျန်ခဲ့ပြီ။ အိမ်နီးချင်းနိုင်ငံသည် ကျွ န်တော်တို့နဲ့ လွန်ခဲ့တဲ့ (၁၄)နှစ်၊ (၁၅)နှစ်က အပြိုင်အဆိုင်ဖြစ်တဲ့ ဗီယက်နမ်က အုပ်စုတက်သွားတယ်။ လာအိုနဲ့ ကမ္ဘောဒီးယားဆိုရင်လည်း အခုဆိုလည်း ကျွန်တော်တို့ကိုလက်ပြနေပြီ။ တက်ဖို့အတွက် အနေအထားဖြစ်သွားတယ်။ ဘာကြောင့်လဲဆို တစ်ဖက်ကနေ ပြန်ကြည့်မယ် ဆိုရင်တော့ ဥပဒေအရ သတ်သတ်မှတ်မှတ် သတ်မှတ်ထားပေမယ့် တစ်ဖက်ကနေ ညွှန်ကြားချက်တွေ၊ အမိန့်တွေကြောင့် Investment တွေအကုန်ပြန်ဆုတ်သွားတယ်။ အသေးတွေပဲဝင်လာတဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါကြောင့် ဒီအပေါ် မှာ ကျွန်တော့် အတွေ့အကြုံနဲ့ ကျွန်တော် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပမာ ထိပ်ကနေပြီးတော့ အမည်နဲ့အဓိပ္ပာယ် ဖော်ပြချက်မှာ အမည်ငှားခွင့် ရရှိသူဆိုတဲ့နေရာမှာလည်း ဟိုတုန်းကလည်း ပါတယ်။ အခုလည်းပါတယ်။ ဒါပေမဲ့ ဒီနောက်ပိုင်းကျမှ ကျွန်တော်တို့ ဒီ Local တွေက မြေငှားခွင့်ရပြီလို့ အော်ကြတယ်။ တကယ်တော့ရတာကလွန်ခဲ့ တဲ့ အနှစ် (၂၀)က ရပါတယ်။ အမိန့်ကြေညာချက်နဲ့ဒါကြီးကို ပိတ်ထားတဲ့အတွက်ကြောင့် နိုင်ငံတောနဲ့ပဲ ရင်းနှီး မြှုပ်နှံရမယ်ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ Local တွေပေါ့။ ကျွန်တော်တို့ နိုင်ငံသား တွေဟာ အဲဒီရဲ့အကျိုးကို မခံစားခဲ့ရပါဘူး။ အခုဒီမှာ သတ်သတ်မှတ်မှတ်ထည့် ထားပေးတဲ့ အတွက်ကြောင့်ကို ဒါနောက်ပိုင်းကျလို့ရှိရင် Investment တွေ အများကြီးဝင်လာမယ့် အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့် ဒါကြီးကိုလည်း ကြိုဆိုပါတယ်။

နောက်တစ်ခါ အခန်း(၂)မှာ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများဆိုတဲ့ နေရာမှာ ကျွန်တော်တို့ (က၊ခ၊ဂ၊ဃ၊င၊စ၊ဆ) ဆိုပြီး သတ်မှတ်ထားတယ်။ အဲဒီအထဲမှာ ပါတဲ့အချက်တွေ ကတော့ တော်တော်များများနားထောင်လို့ကော င်းပါတယ်။ အများပြည်သူရဲ့ အကျိုးကို ထိခိုက် စေနိုင်သော လုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး ထိခိုက်စေ သည့်သဘာဝ ခုနတုန်းက ကိုယ်စားလှယ်တစ်ဦး ပြောသွားသလို သဘာဝပတ်ဝန်းကျင်အရင်းအမြစ်နဲ့ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော လုပ်ငန်းများ ဆိုပြီးတော့ ဒီလိုမျိုးပါ ပါတယ်။ အဲဒါကို အခုဆိုရင် မီဒီယာတွေက အတွေ့အကြုံ ကျွန်တော်တို့ဆီမှာ နည်းသေးတယ်။ နည်းတဲ့အခါကျတော့ ဥပမာ

မြစ်ဆုံဆည်လိုဟာမျိုး၊ နိုင်ငံတော်အတွက်အကျိုးရယ် ၊ သဘာဝအရင်းအမြစ်ထိတာရယ်။ အဲဒီနှစ်ခုကို ယှဉ်ပြီးကြည့်ရပါတယ်။ တစ်ခုလုပ်မယ်ဆိုကတည်းက တွက်ချက်ရတဲ့ အနေအထား မျိုးရှိတယ်။ ဥပမာ ဂျပန်မှာဆိုရင် ချူကလီး ယားခတ်ပေါင်းဖိုကြီး ဒါဂျပန် ဖြစ်သွားပြီးတဲ့ နောက်ပိုင်းမှာ မီးထုတ်ဖို့အတွက် တခြားနိုင်ငံတွေလည်း စဉ်းစားပြီ။ ဂျပန်လည်း စဉ်းစားပြီ။ ဒါကြီးကို အင်ဂျင်နဲ့လည်လို့မရတဲ့အချိန်မှာ ဒီနေ့အကောင်းဆုံး လုပ်ငန်းကတော့ HydroPower ကနေယူတဲ့လုပ်ငန်းက အများဆုံးဖြစ်တယ်။ အဲ ဒီတော့ နောင်ကို ဘယ်လို HydroPower ပဲ ယူယူ ဒီအချက်တွေနဲ့ ထောက်မယ်ဆိုရင်တော့ လုံးဝလွတ်နိုင်စရာအကြောင်းမရှိဘူး။ နိုင်ငံတော် ကလည်း ဘာမှလုပ်လို့ရတဲ့ အနေအထားမျိုး မရှိဘူးဆိုတော့ ကျွန်တော်တို့က အဲဒီအပေါ်မှာ ကျွန်တော့်အနေ နဲ့ ဆွေးနွေးချင် တာကတော့ နိုင်ငံတော်အတွက်အကျိုး ၊ ဒီကျွန်တော် တင်ပြချင်တာက နိုင်ငံတော်နဲ့ ပြည်သူပြည်သားများအတွက် ရရှိလာမယ့် အကျိုးအမြတ် အပေါ်မှာမူတည်ပြီးတော့ ခုနကလို ပတ်ဝန်းကျင်ပျက်စီးတာတို့ပြန်စဉ်းစားဖို့တော့ လိုတယ်။ ဘာဖြစ်လို့လဲဆို ဘာတစ်ခုမှနိုင်ငံတော် လုပ်လို့မရဘူး။ လုပ်သွားမယ့်၊ ရှေ့သွားမယ့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးတို့ ၊ နောက်တစ်ခါ ဆင်းရဲသားပပျောက်ရေးတို့ဆိုတဲ့ ဥစ္စာတွေက ဒီ တစ်ခုတည်းထောက်တာနဲ့ ဘယ်ဥစ္စာမှ လုပ်လို့ရတဲ့အနေအထားမျိုး မရှိတဲ့ အတွက်ကြောင့် အဲဒါကိုတော့ အဓိကပြန်စဉ်းစားဖို့ လိုပါတယ်။

နောက်တစ်ခုကခုနလိုပေါ့။ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ အဆိပ်အတောက် စွန့်ပစ်၍ သယ်ဆောင် နိုင်သောလုပ်ငန်းများ အဆိပ်အတောက်ဓာတုထုတ်လုပ်မှုပစ္စည်းဆိုတာ ကျွန်တော်တို့ ဥပမာ ဓာတ်မြေသြဇာထုတ်တယ်ဆိုရင် ဒါဓာတုဗေဒ၊ တကယ်တမ်းကျတော့ ကျွန်တော်တို့ ဓာတ်မြေသြဇာမရှိလို့ လယ်သမားတွေဓာတ်မြေသြဇာမရှိဘူး။ ရှိလည်း ဈေးကြီးလို့ မကျွေးနိုင်တဲ့ အနေအထားမျိုးရှိတော့ မြန်မာနိုင်ငံအတွက် ဓာတ်မြေသြဇာလို စက်ရုံတွေ အများကြီးလိုတယ်။ ကျွန်တော်တို့ ၁၀ ရာခိုင်နှုန်းတောင် မထုတ်နိုင်ဘူး။ Import လုပ်လည်း ဈေးကကြီးတယ်။ ဒါမျိုး ထုတ်မယ်ဆိုရင်လည်း တစ်ဦးတစ်ယောက် ကနေပြီးတော့ ဒါကြီးကတော့ အဆိပ်အတောက်ပစ္စည်းဖြစ်ပါတယ်လို့ ထောက်ရုံနဲ့ ဒီဥပဒေ၊ အခန်းတွေသက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို ထောက်ရုံနဲ့ နိုင်ငံတော်အစိုးရ ဘာမှလုပ်လို့ရမှာမဟုတ်တဲ့အတွက် ကြောင့် ကျွန်တော်အနေနဲ့ဒါကိုလည်း အလေးအနက် ပြန်စဉ်းစားဖို့လိုတယ်။ မစဉ်းစားတာနဲ့ မီဒီယာကနေတစ်ချက်ထောက်တာနဲ့ ဒါကိစ္စက နိုင်ငံတော်ကဘာမှလုပ်လို့ မရတဲ့အနေအထားမျိုး

ရှိတဲ့အတွက်ကြောင့် အဲဒီတော့ ခြွင်းချက် အနေနဲ့တော့ နိုင်ငံတော်အစိုးရနဲ့ခုန ပြည်သူ ပြည်သားများရရှိလာမယ့် အကျိုးအမြတ် ပေါ်မူတည်ပြီးတော့ ဒါ ဒီကော်မရှင်ကိုပဲဖြစ်ဖြစ် လုပ်ပိုင်ခွင့် ဒါမှမဟုတ် တစ်ခုခုတကယ်လို့ အခက်အခဲရှိမယ်ဆိုရင် လွှတ် တော်အထိ ဆုံးဖြတ်ပိုင်ခွင့်ဆိုတဲ့ ပုံစံမျိုးလေးပေးမှ နိုင်ငံတော်က ထွက်ပေါက်လေးတစ်ပေါက်ရပြီးတော့ နိုင်ငံတော်ကတိုးတက်မယ့် အနေအထားမျိုး ရှိပါတယ်။ နောက်တစ်ခါ တစ်ဖက်ကနေပြီးတော့ အခြေခံမူ(၃)မှာ ဆိုလို့ရှိရင်လည်း ရေးထားတာတွေလည်း အကုန်ကောင်းပါတယ်။

ဒါပေမဲ့ အဓိကအားဖြင့် Invest လုပ်တဲ့သူတွေ အားလုံးဟာ သက်တောင့်သက်သာ လာပြီးတော့ အမြတ်အစွန်း ရှိမယ်။ ပြီးတော့မှ ရန်ကုန်မြို့အလုပ်သမားပေါမယ်၊ ဘာညာနဲ့ ရန်ကုန်မြို့ပတ်ဝန်းကျင်လောက်ပဲ သူတို့က လုပ်ကြတဲ့ အနေအထားမျိုးရှိကြတယ်။ ဒီမှာတော့ အဲဒီမှာ တစ်ပိုဒ်တိုး ချင်တာကတော့ ဆင်းရဲမှု လျော့ပြီး ပပျောက်ဖို့အတွက်ကို နယ်တွေမှာ၊ ရွာတွေမှာ လိုက်ပြီးသူ Invest လုပ်မယ်။ ဥပမာ အထည်ချုပ်လိုဟာမျိုး၊ အလုပ်သမားများများ သုံးတဲ့ လုပ်ငန်းလိုဟာမျိုး ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးရေး ရော ကျွန်တော်တို့ လူတွေရဲ့အလုပ်အကိုင် ရရှိရေးအတွက် သူ Invest လာလုပ်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လိုမျိုး Incentive တစ်ခုခုပေးမလဲဆိုတာမျိုးတွေ အပိုဒ်တွေထည့်စဉ်းစားဖို့ လိုပါတယ်။ အဲဒီလိုလုပ်မှ နယ်က ရွာက လူတွေက အလုပ်အကိုင်ရမယ့်အနေအထားမျိုးရှိတဲ့အတွက်ကြောင့် နောက်တော့ အသေးစိတ် ညှိပါမယ်။ ဒီနေ့က ကျွန်တော်လည်းမသိတော့ အသေးစိတ်မစ ဉ်းစားရတဲ့အတွက်ကြောင့် အဲဒီတော့ ဆင်းရဲမှုပပျောက်ရေးအတွက်ကို အထူးအခွင့်အရေးတစ်ရပ် ပေးပြီးတော့ ဆောင်ရွက်နိုင်သည် ဆိုတာမျိုး၊ အဲဒါမျိုးဆိုလို့ရှိရင် နယ်တွေအထိ ကျွန်တော်တို့ နယ်တွေမှာ ဆိုရင် ကိုယ့်မီးစက်နဲ့ ကိုယ်လုပ်မယ်။ အဲဒီအတွက်သူ့ကို အခွန်အခမ ယူဘူး။ ဘာလုပ်မယ်။ ညာလုပ်မယ်ဆိုတဲ့ပေးမယ် ဆိုလို့ရှိရင်တော့ ကျွန်တော်ဟိုနေ့ကတင်ပြတဲ့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ အနီးဆုံးက လှိုင်သာယာရှိတယ်။ လာဖို့အတွက် ကားလည်း မရှိဘူး။ လာဖို့ ကားလမ်းလည်း မရှိဘူး။ အဲဒီတော့ အဲဒီကရွာ ဟိုနေ့ကရွာလူပေါင်း ဟိုနေ့ကတင်ပြသလို လူပေါင်း(၇၀၀၀၀၀) နီးပါးလောက်နေပြီးတော့ အလုပ်အကိုင် မရှိဘဲ ငတ်ပြတ်နေကြတဲ့ အနေအထားမျိုးရှိတော့ ရွာ(၃)(၄)ရွာမှာ အထည်ချုပ်တစ်ရုံလောက်သွားဆောက်ရင် ဆောက်တဲ့ လူအတွက် စွန့်စားခန်းပဲ၊ သူ့မီးစက်နဲ့သူသွားဆောက်ရမှာ၊ အဲဒီအတွက်ကို ဘယ်လိုအခွင့်အရေး ပေးမလဲဆိုတာလေးတွေ ဒီမှာ ကျွန်တော်တို့ပြန်ပြီး စဉ်းစားဖို့လို ပါတယ်။ နောက်တစ်ခုက

ကော်မရှင်ဖွဲ့စည်းခြင်းဆိုတာလည်းကောင်းပါတယ်။ ပြည်ထောင်စုအဆင့်ဆိုတော့၊ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုအဆင် ့ရောက်ဖို့ဟာ ပြည်သူတွေကိုယ်စားပြုပြီးတော့မှ ပြည်ထောင်စုအဆင့်ရောက်တာ၊ ပြည် ထောင်စုဆိုကတည်းကိုက နိုင်ငံတော် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအပါအဝင် လွှတ်တော်ကအဖွဲ့အစည်း များနဲ့ဖွဲ့ပြီးရင် တစ်ခါတည်းပြီးတဲ့ သဘောရှိတော့အဲဒီမှာ ကျွန်တော်တို့ လွှတ်တော်အဖွဲ့အစည်းပါလိုက်လို့ရှိရင် ဒီပြဿနာ တွေ ဘာမှမရှိပါဘူး။ ခုနတုန်းက ကိုယ်စားလှယ်ဆွေးနွေးသွား တဲ့ တချို့လွှတ်တော်များများအပိုင်းမှာ ကော်မရှင်ရဲ့ ခွင့်ပြုချက်လို့ ဒါထည့်သွားတာကို ကျွန်တော်တို့ပြန်လည် သုံးသပ်ဖို့လိုပါတယ်။

ဘာဖြစ်လဲဆိုရင် ဘဏ်စီးပွားရေးသမား လာရင် သူသင့်တော်တဲ့ဘဏ် ဥပမာ ထိုင်းကလာမယ်ဆိုရင် ထိုင်းဘဏ်၊ နောက်ပိုင်းကျရင် ဘဏ်တွေလည်း အကုန်ဖွင့်မယ်။ သူ့ဘဏ်ကိုပဲ သွားပြီးတော့ အပ်နှံချင်တယ်။သူနဲ့ Transfer လုပ်တဲ့အခါ လွယ်တဲ့အတွက်ကြောင့် အဲဒါကော်မရှင်ကြီးကို တင်ပြပြီးတော့မှ ကော်မရှင်က မင်းစင်ကာပူက ဘဏ်ထည့်ဆိုရင် ကျွန်တော့်ဆီက တရား ဝင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော့် အနေနဲ့ ဘဏ်အပ်တာ တို့ ဘာတို့ညာတို့ကတော့ နည်းနည်းလွှ တ်ပေးသင့်တဲ့ အနေအထားမျိုး ရှိတယ်။ ဒါလေးကလည်း နည်းနည်းအကြိတ်အနယ် ပြန်ဆွေးနွေးရမယ့်ကိစ္စမျိုးဖြစ်ပါတယ်။ နောက်တစ်ခါတချို့အပိုင်းလေးတွေပေါ့။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစား၊ ရင်းနှီးမြှုပ် နှံတဲ့ပမာဏ၊ ရင်းနှီးမြှုပ်နှံတဲ့သက်တမ်းတို့ဆိုတာလည်း အဲဒါတွေကိုလည်း ကျွန်တော်တို့က အစိုးရအဖွဲ့ခွင့်ပြုချက်နဲ့ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံတဲ့ငွေ Amount ပေါ်မှာပေါ့။ နိုင်ငံခြားသားလာလို့ ဥပမာ သူက Investment လေး (၁၀)သန်း လုပ်မယ်ဆို ရင်တော့ လုပ်ငန်းအမျိုးအစားပေါ် မူတည်ပြီးတော့ နှစ် (၃၀) ပေးမယ်။ သန်း (၁၀၀)၊ (၂၀၀)၊ (၃၀၀) အဲဒီလောက်လုပ်မယ်ဆိုရင် သူဒီနှစ် (၃၀)နဲ့ မလောက်နိုင်ဘူး။ အဲဒါကြောင့် အဲဒီအပိုဒ်မှာ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ အစိုးရအဖွဲ့ ဒါမှမဟုတ် လွှတ်တော် ဒါမှမဟုတ် ကော်မရှင်ရဲ့ခွင့်ပြုချက်နဲ့ ဒါအမျိုးအစားအပေါ်၊ ပမာဏအပေါ် မူတည်ပြီးတော့ လုပ်နိုင်တယ်ဆိုတာလေးတော့ တင်ပြချင်ပါတယ်။ နောက်တာဝန်ဝတ္တရားတွေ ပြောစရာ မလိုပါဘူး။ ကျန်တာကတော့ အသေးစိတ်လေးတွေ ဆက်ဆွေးနွေးဖို့ လိုပါတယ်။ နောက် အလုပ်သ မားတွေနဲ့ ပတ်သက်လို့၊ ဒါခန့်မှန်း ဘယ်လောက်ရာခိုင်နှုန်း၊ ဒါနိုင်ငံတကာမှာ လုပ်တဲ့ လုပ်နည်းလုပ်ဟန်ဆိုတဲ့အတွက်ကြောင့်ကျွန်တော်ဘာမှ မပြောလိုပါဘူး။ ခုနအလုပ်ရှင်၊ အလုပ်သမား၊ အတတ်ပညာ၊ အလုပ်ရှင်အချင်းချင်းဆိုလည်း ဒါလေးတွေလည်း

ကောင်းပါတယ်။ အဲဒီတော့ အခုကကျွန်တော်တင်ပြချင်တာကတော့ မြေအသုံးချပိုင်ခွင့်ဆိုတဲ့နေရာမှာ အင်ဗိုနီးရှားတို့ ၊ နောက်ဆုံးတက်လာတဲ့လာအိုတို့၊ ကမ္ဘောဒီးယားတို့ နှ စ်(၉၀) တို့(၆၀)တို့ပေးနေတယ်။ တစ်လကို၊ ပြီးတော့မှကျန်တာလေးတွေ Plus၊ Plus လေးတွေ သွားတာလေးတွေ ရှိပါတယ်။ ကျွန်တော့်ဆီမှာဟိုတုန်းကလည်း နှစ်(၃၀) ဆိုတဲ့ အသံကြားတာနဲ့ Invest မလာကြ တော့ဘူး။ နှစ် (၃၀)ကာလက ဘယ်လိုမှအရင်းကျေတဲ့ ကာလမဟုတ်ဘူး။ ဒီမှာတော့ ရှိပါတယ်။ ကနဦး နှ စ်(၃၀)ခွင့်ပြုနိုင်သည်။ ပြီးတော့မှ (၁၅)နှစ် သက်တမ်း၊ နောက် (၁၅)နှစ်သက်တမ်း၊ အဲ ဒီ(၁၅)နှစ် (၁၅)နှစ်ဆိုတာ အစိုးရလက်ထဲမှာကိုင်ထားပြီးတော့ နာမည် ထွက်တာကတော့ နှစ် (၃၀)ပဲထွက်တဲ့အတွက်ကြောင့် Investment မှာ အနှောင့် အယှက် အများကြီး ဖြစ်နိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အိမ်နီးချင်းနိုင်ငံ အတော်များများဟာ နှစ် (၆၀) နဲ့ (၉၀) ပေးနေတဲ့ခေတ်ကြီးမှာ ကနဦးကို နှစ် (၃၀)ထားပြီးတော့ ခုနတုန်း ကကျွန်တော်တို့က သက်တမ်းတိုးတာ ဥပမာ(၁၅)နှစ် Plus နောက် (၁၅)နှစ်ပေးမယ့်အစား Plus ten ten ဒီလိုမျိုး သွားပေးလိုက်ရင်တော့ နည်းနည်း နားထောင်လို့ ပိုကောင်းတဲ့အနေအထားမျိုးဖြစ်တဲ့အတွက် ကြောင့် မြေအသုံးချခွင့်မှာတော့ အနည်းဆုံးနှစ် (၃၀)ကနေပြီးတော့ သူများတွေ နှစ်(၉၀)ပေးတယ်။ တကယ်လို့ (၉၀)ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်(၆၀)ပေးပြီးတော့မှ ရင်းနှီးမြှုပ် နှံမှု အပေါ်မှာ မူတည်ပြီးတော့၊ မူတည်ပြီး တော့ဆိုတာ ကော်မရှင်ကကော၊ နိုင်ငံတော်အစိုးရ အနေနဲ့ကော သူရင်းနှီးမြှုပ်နှံတဲ့ အနေအထားပေါ်မူတည်ပြီးတာ့ ပေးသင့်ပါတယ်။ ကျွန်တော့် အနေနဲ့နှစ်(၃၀)ဆိုတဲ့ အသံကြီးထွက်သွားရင် ၅၀ရာခိုင်နှုန်းလောက်ပဲ Invest ကလာမယ့် အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့် နှစ်(၃၀)ကနေ (၆၀)ဒီလိုမျိုး လုပ်ပြီးတော့မှ ခုနက Plus Plus ကို နည်းနည်း လျှော့လိုက်တဲ့အတွက်ကြောင့် ဒါတစ်ကမ္ဘာလုံးမှာကျော်ပြီး ဝုန်းဝုန်းနဲ့ဝင်တာ၊ ကျွန်တော်တို့မှာ Invest တွေ အများကြီးလိုတယ်။ ၂၀ Percentကနေ ၄၀ အထက်ကို တင်ရမယ်။ နောက်အလုပ်အကိုင် တွေရဖို့တင်ရမယ့်အနေအထားမျိုးမှာ ခုနတုန်းက ဒါလေးတစ်ခုတော့ ကျွန်တော်အနေနဲ့ အထူးမေတ္တာရပ်ခံချင်ပါတယ်။ ကနဦးနှစ်(၃၀)အစားကို နှစ်(၆၀)လောက်တော့ ပြောင်းပေးဖို့ ကျွန်တော်တင်ပြချင်ပါတယ်။ နောက်မြေအသုံးချ မြေငှားခွင့်ကာလတို့ ဥပဒေပါ နောက် အဲဒီမှာပဲ မြေအသုံးချခွင့် အပိုဒ် ၃၀ မှာ ပါပါတယ်။ အဲဒီမှာမြေ အသုံးချခွင့်နှုန်း၊ ဥပဒေပါ ကာလတို့၊ နှုန်းတို့ကာလပဲပါတဲ့အတွက်ကြောင့် နှုန်းတွေကအစပြောင်းဖို့အတွက် ဒါ ကျွန်တော်

တင်ပြချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံခြားငွေကြေးကိစ္စမှာတော့ ခုနက ကျွန်တော်တင်ပြပြီး သလို သူ့ဘဏ်သူကြိုက်တာတော့ လုပ်ခွင့်တော့ပေးဖို့ တော့ သင့်ပါတယ်။ ကော်မရှင်ကကော၊ အစိုးရကကော၊ လိုက် control လုပ်နေမယ်ဆိုရင်တော့ အဲဒါထောက်ချက်တစ်ချက်အနေနဲ့ ဖြစ်သွားမယ့်အနေအထားမျိုး ရှိပါတယ်။ အဲဒီတော့ နောက်ပြီးတော့ ၄၆ မှာ ပြဋ္ဌာန်းပါ အကောင်အထည်ဖော်ရာမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် လိုအပ်သော နည်းပညာ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရ၏ သဘော တူညီမှုဖြင့် ထုတ်ပြန်နိုင်သည်ဆိုတဲ့နေရာမှာ တချို့အပိုင်းလေးတွေကတော့ ကျွန်တော် မြင်တာ ကတော့ အရင်တုန်းကလည်း ကျွန်တော် ဖြစ်ခဲ့ပြီးပြီ။ ဥပဒေတွေထုတ်တယ်။ ပြီးတော့မှ ညွှန်ကြားချက်တွေထွက်တယ်။ ညွှန် ကြားချက်နဲ့ လု ပ်လို့မရတာတွေ အများကြီးဆိုတော့ ဒါ အပြောင်းအလဲတစ်ခုဖြစ်တဲ့အတွက်ကြောင့် ဒါကျွန်တော်စိတ်ထင်လွှတ်တော်ရဲ့ လွှတ်တော်ကို အသိအမှတ်ပြန်ပြုရင်တော့ ပိုကောင်းတဲ့အနေအထားမျိုး ရှိတယ်။ နောက်မို့လို့ဆိုရင် အောက်ခြေမှာတင် ခုန ပြဿနာတွေ အများကြီးဖြစ်သွားနိုင်တဲ့ အနေအထားမျိုးဖြစ်တဲ့အတွက် ကြောင့် တစ်ခု အပြောင်းအလဲ ကြီး ကြီးမားမား အပြောင်းအလဲ ဖြစ်မယ်ဆိုရင်တော့ လွှတ်တော် ပြန်တင်ဖို့ ကောင်းတယ်ဆိုတာလေး ကျွန်တော် တင်ပြလိုပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ရမယ် ဆိုလို့ရှိရင်တော့ အခုလိုနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ခိုင်ခိုင်မာမာနဲ့ ပြဋ္ဌာန်းတဲ့အတွက်ကြောင့် ဒါ နိုင်ငံခြား Investment တွေလည်း မကြာခင်မှာ အများကြီးဝင်လာမယ်လို့ ထင်ပါတယ်။ နိုင်ငံတကာကလည်း အခုဆိုရင် အများကြီး Focus ပေးနေပါတယ်။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့အနေနဲ့ နိုင်ငံတော် အစိုးရအနေနဲ့ ပြင်ဆင်ထားဖို့လိုသလို တ စ်ဖက်ကနေပြီးတော့ ကျွန်တော်တို့ ဒီ Constitution အခုဆိုလို့ရှိရင် အစိုးရအဖွဲ့ကလည်း လုပ်ဆောင်မယ့်လုပ်ငန်းတွေမှာ ခုနမြေကြီးနဲ့ ပတ်သက်လို့ လယ်မြေကို ဒါစိုက်ဧကလျှော့ မယ်။ ပြီးတော့မှ စိုက်တဲ့အကြိမ်တိုးမယ်ဆိုတာတွေ အဲဒါမျိုးတွေ ပါနေတဲ့အတွက်ကြောင့် ဒါ လုပ်ကိုလုပ်ရမယ့် အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့် ဒါကြီးကို ကြိုဆိုထောက်ခံကြောင်း ကျွန်တော် တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၀။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတဲ့ အပိုင်းကတော့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းမှာ အခန်း (၅) ဖြစ်ပါတယ်။ ပထမအချက်၊ ဒီအခန်း (၅)မှာ အပိုဒ် ၈ က အစိုးရသည် ရင်းနှီးမြှု ပ်နှံမှုနှင့် စပ်လျဉ်း၍ ဥပဒေပါတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင် စေလျက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းမည်။ အဲဒီအပိုင်းမှာ ကျွန်တော် တင်ပြလိုတာကတော့ ဒါကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် သက်ဆိုင်ရာနိုင်ငံ့အကြီးအကဲရဲ့ တာဝန်ပေးမှု၊ နောက်တစ်ခါ ပညာရှင် တွေ၊ ကမ္ဘာမှာအတွေ့အကြုံရှိတဲ့လူတွေ ဖြစ်ပါတယ်။ အဲဒီတော့ နောင်တစ်ချိန်ကျလို့ရှိရင် အခုပဏာမငြိမ်းချမ်းရေးကနေပြီးတော့ ထာဝရ ငြိမ်းချမ်းရေးကို တည်ဆောက်ပြီးတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှုက အများကြီးဝင်လာမှာပဲ။ အဲဒီလိုဝင်လာတဲ့အခါမှာ ဘယ်လိုဖြစ်လာမလဲဆိုတော့ အခုလက်နက်ထာဝရ ငြိမ်းချမ်းရေးကို ယူမယ့် အဖွဲ့အစည်းတွေထဲမှာ ကျွန်တော် တို့ အပြည်ပြည်ဆိုင်ရာ ပညာတတ်တွေပါမယ်။ အပြည်ပြည်ဆိုင်ရာ ပညာကိုသာ ရင်းနှီးမြှုပ်နှံတဲ့သူတွေပါလာမယ်။ အဲဒီအတွက်ကြောင့် ဒါကကျွန်တော်တို့ ငြိမ်းချမ်းရေးယူခဲ့တာ ကျွန်တော်တို့ (၁၂)ဖွဲ့နီးပါး ပဏာမအဆင့် ဖြစ်နေပါပြီ။ အဲဒီတော့ အဲဒီလိုလာတဲ့အခါမှာ ကျွန်တော်တို့ ဒီနို င်ငံတော်အဆင့်ရဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆက်ဆံနိုင်ဖို့အတွက် အဲဒီ ကျွန်တော်တို့ ဒီငြိမ်းချမ်းရေးဖော်ဆောင်မှု

ကိုယ်စားလှယ်များထဲကလည်းပဲ နောက်တစ်ခါ နိုင်ငံတကာဆက်ဆံရေး စီးပွားရေးနယ်ပယ်မှာ ကျွမ်းကျင်တဲ့သူများကိုလည်းပဲ ဒါခုနလိုပေ ါ့။ နိုင်ငံတော် အစိုးရကို ဒါ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအပေါ်မှာတည်ပြီး ယုံယုံကြည်ကြည်နဲ့လာခဲ့တဲ့ သူတွေ ဖြစ်တဲ့အတွက်ကြောင့် ဒါကိုလည်း အဖွဲ့ ဝင်တစ်ဦးအနေနဲ့ လိုအပ်လို့ရှိရင်ဖြည့်စွက်ပေးဖို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒါအပိုဒ် ၅ နဲ့ပတ်သက်ပြီးတော့၊ အပိုဒ် ၆ အနေနဲ့ကတော့ ကျွန်တော်တို့ အပိုဒ် ၁၀ မှာ အပိုဒ် ၆ ရဲ့ ကော်မရှင်ရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်၊ အဲဒီတာဝန်နဲ့လုပ်ပိုင်ခွင့်မှာ ကော်မရှင်သည် ကော်မတီနဲ့ အဖွဲ့ငယ်များကိုလိုအပ်သလို ဖွဲ့စည်းနိုင်သည်။

အဲဒီတော့ ကျွန်တော်တို့ ခုနတင်ပြတာက ပြည်နယ်အဆင့် ဆင့်မှာ လာမယ့်လူက ငြိမ်းချမ်းရေး ဖော်ဆောင်မှု နိုင်ငံတော်အစိုးရနှင့် Align ဖြစ်ပြီးတော့ လာတဲ့လူ ဖြစ်တယ်။ ထို့အတူ သူနဲ့ပါလာမှာက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေပါလာမယ်။ သူတို့လည်းပါလာမယ်။ အဲဒီအချိန်မှာ ခုနကလိုပေါ့။ ပြည်နယ်နှင့်တိုင်းတွေမှာ တစ်ဆင့်ခံ ခုနလိုပေါ့။ ပြန်လည် ရှင်းပြနိုင်အောင် ပြန်လည်ပြုနိုင်ဖို့အတွက် လိုအပ်လို့ရှိရင်တော့ ပြည်နယ်နှင် ့ တိုင်းဒေသကြီးမှာလည်း လိုအပ်လို့ရှိရင် ကော်မရှင် တွေ ဖွဲ့စည်းထားဖို့လည်း ကျွန်တော် အကြံပြုပါတယ်။ နောက်တစ်ခုက အခန်း (၇)မှာ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင် ့ အခွင့်အရေးများဆိုတဲ့ အပိုင်းမှာရှိတယ်။ အဲဒီတော့ နိုင်ငံတော်အစိုးရအနေနဲ့က ဒီအပိုဒ်(၁၃)မှာ ရင်းနှီးမြှု ပ်နှံသူ၏ တာဝန်နှင့်ဝတ္တရားများကို ဖော်ပြတာ ကျွန်တော် ထောက်ခံပါတယ်။ ဒါပေမဲ့ အဲဒီအပိုင်းမှာ ကျွန်တော် ဖြည့်စွက်လိုတာလေးတစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ ရင်းနှီးမြှုပ်နှံသူသည် ကျေးရွာ /မြို့နယ်/ခရိုင်သို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲထားသောသူဖြစ်စေ၊ ကိုယ်တိုင်လာရောက် ညှိနှိုင်း၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကို မည်သို့မည်ပုံ ပါဝင်ဆောင်ရွက်မည်ကို တိကျစွာ လက်မှတ်ရေး ထိုးပြီးမှ ပြည်နယ်နှင့်တိုင်းမှတစ်ဆင့် ကော်မရှင်သို့ တင်သွင်းရန်၊ လက်ခံရန် အပိုဒ်ကို ထည့်သွင်းလိုပါတယ်။ ဒါကျွန်တော်တို့ ဆွေးနွေးလိုတာက ဘာဆွေးနွေးသလဲဆိုတော့ ဥက္ကဋ္ဌကြီးကို တင်ပြချင်တာက ကျွန်တော်တို့ ဖာပွန်ခရိုင်မှာ သစ်တောကြီး နှစ်တော ရှိပါတယ်။ အဟီးလူ ကြိုးဝိုင်းရယ် ၊ မဲဝိုင်ကြိုးဝိုင်းရယ် နှစ်ခု ရှိပါတယ်။ အဲဒီတော့

၁၉၇၀ ခုနှစ်က ကျွန်တော် ငယ်စဉ် ဒုဗိုလ်ဘဝတုန်းက အဲဒီနေရာတွေဟာ အကုန်လုံး ကျွန်တော်တို့ စိုးမိုးရေးရော၊ စစ်ဆင်ရေးရော ပါဝင်ခဲ့ပါတယ်။ ကျွန်းတစ်တုံးတစ်တုံးဟာ နှစ်ဖက်စာ လောက်ရှိပါတယ်။ အဲဒီတော့ ၁၉၉၁ ခု၊ ကျွန်တော် တပ်ရ င်းမှူးဘဝနဲ့ အဲဒီကို ရောက်တဲ့အခါကျတော့ ရှိသေးတယ်။ အဲဒီ ၉၁ ခုနှစ်နောက်ပိုင်း ဒီ ၉၄၊ ၉၅ ကစပြီးတော့ အဲဒီ သစ်တောတွေဟာ လုံးဝကိုမရှိတော့ဘဲနဲ့ ပြောင်တလင်းခါ သွားပါတယ်။ ဒါကျွန်တော့်ရဲ့ နောက်ဆုံးအကြိမ် သွားတဲ့ကိုယ်တွေ့ ပါ။ အဲ ဒီတော့ ဘာဖြစ်လဲဆိုတော့ အဲဒီလုပ်တဲ့ ကုမ္ပဏီတွေကလည်း ဒါ ရွှေတူးတဲ့ကုမ္ပဏီရှိတယ်။ သစ်ထုတ်တဲ့ ကုမ္ပဏီရှိတယ်။ ဖာပွန်မြို့နယ်အတွက် ဘာဖွံ့ဖြိုးရေးမှ မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ အပေါ်ပိုင်းမှာ သူဖွံ့ဖြိုးရေးလုပ်ခဲ့တာ ကျွန်တော်တို့ မသိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဖွံ့ဖြိုးရေး မြို့နယ်မှာဘုန်းကြီးကျောင်းတွေ ပြင်ရမယ်။ နောက်တစ်ခါ ဆေးပေးခန်းတွေ ဆောက်ရမယ်။ စာကြည့်တိုက်တွေ ဆောက်ရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ ကျေးလက် ဆေးပေးခန်းတွေ ဆောက်ရမယ်။ ရေအားလျှပ်စစ်လုပ်ပေးရမယ်။ ဘာမှ မလုပ်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ အဲဒီအပိုဒ်ကို ရင်းနှီး မြှုပ်နှံသူများသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ကျေးရွာက ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ ကျေးရွာ /မြို့နယ်/ခရိုင် အဆင့် ထိလေ့လာ ပြီးတော့ ဒါ စာချုပ်ချုပ်ဆိုပြီးတော့ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေနပ်မှသာ ဆက်လက်လုပ်ကိုင်ဖို့ ခုနလို။ ကျွန် တော်တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအပိုင်းမှာ ကျွန်တော် ခုနလိုပေါ့။ နိုင်ငံတော်အစိုးရကို ဖာပွန်အတွက်တင်ပြတာက ဘာမှ မလုပ်ခဲ့လို့ ကုမ္ပဏီတွေ မလုပ်ခဲ့လို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အခုလို ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော် များနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၆။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချ င်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းကိုဖြည့်စွက်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၄ မှာ ကော်မရှင်သည် အစိုးရ၏ကြိုတင်သဘောတူညီချက်ဖြင့် အောက်ပါရင်း နှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ်တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်နိုင်သည် ဆိုပြီးတော့ ဖော်ပြ ထားပါတယ်။ အဲဒီမှာ ပုဒ်မခွဲ(၇)ခုရှိပါတယ်။ပုဒ်မခွဲ(၇)ခုအပြင် ကျွန်တော်က (ဇ)အပိုဒ်တစ်ပိုဒ်ကို ထပ်ထည့်ဖို့ အကြံပြုတင်ပြလိုပါတယ်။ အဲဒီအထဲကဘာလဲ ဆိုရင်(ဇ) အပိုဒ်ကနယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ထိန်းချုပ်ရန် ခက်ခဲသောလုပ်ငန်းများ အဲဒီအချက်တစ်ချက်ကို ထည့်ဖို့ ဒါအကြံပြုလိုပါတယ်။ ဘာလို့ထည့်ဖို့လိုအပ်သလဲဆိုတဲ့အခါမှာ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့လုပ်ငန်းတွေဟာ တချို့တွေက တောတောင်ထူထပ်တဲ့နယ်စပ်ဒေသတွေမှာ လုပ်ရတာဖြစ်ပါတယ်။အဲဒီလိုလုပ်ရတဲ့အခါကျတော့အဲဒီမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းမှာရှိတဲ့ အမှုထမ်း တွေ၊ နောက်လုပ်ငန်းများ လုံခြုံရေးနှင့် စက်ပစ္စည်းတွေ၊ ကုန်ကြမ်းပစ္စည်းတွေ၊ ထုတ်ကုန်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်တဲ့အခါမှာ အုပ်ချုပ်ရေး အခက်အခဲတွေ ဖြစ်နိုင်ပါတယ်။ဥပမာ ကျွန်တော်တို့နယ်မြေမလုံခြုံတဲ့နေရာတွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ထွက်တဲ့ပစ္စည်းတွေကို တခြားနည်းလမ်းတွေနဲ့ ပြည်ပတွေကို တင်ပို့တဲ့ အနေအထားတွေဟာရှိကောင်းရှိနိုင်ပါတယ်။ အဲဒီ အခါကျတော့ နယ်မြေမလုံခြုံတဲ့အခါကျတော့ အဲဒါတွေကိုထိန်းချုပ်ဖို့ ကြပ်မတ်ဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတော်ဟာ ရသ င့်ရထိုက်တဲ့အကျိုးကို အပြည့်အ၀ ရနိုင်တဲ့ အနေအထားမှာ မရှိပါဘူး။ ဒါကြောင့်မို့ အဲဒီနေရာတွေမှာ တကယ်လို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ခွင့်ပြုမယ် ဆိုရင် အဲဒီနယ် မြေလုံခြုံမှု ရှိ/မရှိဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားဖို့လိုအပ်တဲ့အတွက် ဒီအချက်ကို ထည့်သွင်းဖို့အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ပုဒ်မ ၉၊ ပုဒ်မ ၉ မှာ ကော်မရှင်ရဲ့လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီမှာပုဒ်မခွဲ(၆)ချက်ရှိပါတယ်။ ပုဒ်မခွဲ (၆)ချက်မှာ ပုဒ်မခွဲ (က)ရဲ့ ဖော်ပြချက်ဟာ အဆိုပြုချက်များကို

စိစစ်ရာတွင် ငွေ ရေးကြေးရေးယုံကြည်စိတ်ချမှု၊ လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာဆီလျော်မှုစတဲ့ အချက်အလက်များကို သုံးသပ်ခြင်းဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒီအချက်မှာ ကျွန်တော်က ရင်းနှီးမြှုပ်နှံသူကုမ္ပဏီ၏ အကြောင်းအချက်များနှင် ့ဆိုတဲ့ အချက်တစ်ချက်ကို ထည့် သွင်းလိုပါတယ်။ ထည့်သွင်းလိုက် လို့ရှိရင် အဆိုပြုချက်များကို စိစစ်ရာတွင် ရင်းနှီးမြှုပ်နှံသူကုမ္ပဏီ၏ အ ကြောင်းအချက်များနှင့် ငွေရေးကြေးရေးယုံကြည်စိတ်ချမှု၊ လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု စသည် ့ အချက်အလက်များကို သုံးသပ်ခြင်းဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်က ဘာကြောင့်မို့ ဒီရင်းနှီးမြှုပ်နှံသူနဲ့ ကုမ္ပဏီများရဲ့အကြောင်း အချက်ကို ဖြည့်စွက်လိုသလဲဆိုတာကတော့ ကျွန်တော်တို့ ခွင် ့ပြုပြီးမှ ဒီရင်းနှီးမြှုပ်နှံသူ ဒါမှမဟုတ် ကုမ္ပဏီရဲ့ အားနည်းချက်တွေကြောင့် လုပ်ငန်းတွေဟာ ပြန်ပျက်စီးသွားတတ်တဲ့ အနေအထားမှာ ရှိပါတယ်။

ဒါကြောင့်မို့ တကယ်လုပ်တဲ့ တကယ်ရင်းနှီးတဲ့ပုဂ္ဂိုလ်နဲ့ သူ့ရဲ့ကု မ္ပဏီရဲ့အခြေအနေကိုလည်း ကျွန်တော်တို့ဟာ လေ့လာပြီးမှ စိတ်ချရမှ သူ့ကိုဒါ ခွင် ့ပြုသင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့ ဒီ အချက်ကို ဖြည့်စွက်သင့်တယ်လို့အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ အဲဒီပုဒ်မ ၉ မှာပဲ (ဆ)အချက်တစ်ချက်ကို ကျွန်တော်က ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။ အဲဒီအချက်က ဘာလဲဆိုရင် ဥပဒေပါ အခြေခံမူများနဲ့ ကိုက်ညီမှုရှိ/မရှိ စိစစ်၍ အဆိုပြုချက်ကို ခွင့်ပြုခြင်းဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကတော့ ကော်မရှင်အား အဆိုပြုချက်ကို ခွင့်ပြုရန် သင့် /မသင့် စိစစ်တဲ့ အခါမှာ ဤဥပဒေပါအခြေခံမူများနဲ့ လွဲချော်တိမ်းစောင်းမှုမရှိစေရန်အတွက် ဖော်ပြပါအချက်ကို ထည့်သွင်းသင့်ကြောင်း ဒါအကြံပြုတင်ပြတာဖြစ်ပါတယ်။ နောက်ပုဒ်မ ၁၄ မှာ ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီမှာ ပုဒ်မခွဲ (င)မှာ ဖော်ပြထားတာကတော့ တည်ဆဲဥပဒေနှင် ့အညီ မိမိရထိုက်ခွင် ့ရှိသော အခွင့်အရေးများကို အပြည့်အဝ ရရှိနိုင်ရန် ပြန်လည်စိ စစ်သုံးသပ်၍ ပြင်ဆင်ပေးရေးအတွက် ကော်မရှင်သို့ တင်ပြခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။ အဲဒီအချက်မှာ ကျွန်တော်ကပြန်ပြီးတော့ ခုဖော်ပြမယ့်အတိုင်း ပြန်ပြီးတော့ ပြင်ဆင်ဖြည် ့စွက်လိုပါတယ်။ အဲဒီဟာကတော့ တည်ဆဲဥပဒေနဲ့အညီ မိမိရထိုက်ခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝ မရရှိဟု ထင်မြင်ယူဆလျှင် ဆိုတဲ့ဟာ ကျွန် တော်ထပ်ဖြည့်တာပါ။ ထပ်ပြင်တာပါ။ အပြည့်အဝမရရှိလျှ င်ဟု ထင်မြင်ယူဆလျှင် ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ပေးရေးအတွက် ကော်မရှင်သို့တင်ပြခြင်းဆိုပြီးတော့

ဒါ ကျွန်တော်ကတော့ ဝါကျကိုပြန်ပြီးတော့ပြင်ဆင်တာဖြစ်ပါတယ်။ နောက် ဖြည့်စွက်တာလည်း ပါပါတယ်။ ဒါကိုဘာကြောင့် ဒီလိုလုပ်ရလဲဆိုတဲ့အခါကျတော့ ရင်းနှီးမြှုပ်နှံသူက မိမိ ရထိုက်ခွင့်ရှိတဲ့ အခွင့်အရေးများကို အပြည့်အဝမရရှိဟု ထင်မြင်ယူဆတဲ့ အခါမှသာ ပြန်လည် စိစစ်သုံးသပ်ပြီးတော့ ပြင်ဆင်ပေးရေးအတွက် ကော်မရှင်ကို တင်ပြသင့်တယ်လို့ ယူဆတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ပုဒ်မ ၃၆ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့က ဒီမှာ အပြစ်ပေးတဲ့အခါမှာ ပြစ်ဒဏ်တွေပေးတဲ့အခါမှာ ဒါခုနတုံးက ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီကလည်း ပြင်ဆင်သွားပြီး ဖြစ်ပါတယ်။ ဒါကတော့ (ခ)နဲ့(ဂ)က သူ့ရဲ့ပြစ်ဒဏ်ပေးတဲ့ ဟာတွေက အသေးကအောက်ကိုရောက်ပြီးတော့ အကြီးက အပေါ် ရောက်နေပါတယ်။ ဒါလေးကို ပြန်ပြီးတော့ ပြန်တည့်မတ်ပေးဖို့ ဖြစ်ပါတယ်။ တခြားတော့ မရှိပါဘူး။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဒွေးဝင်း (ခ) ဦးဇာယာဒ်ရော်မံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၃။**

**ဦးဒွေးဝင်း(ခ)ဦးဇာယာဒ်ရော်မံ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစား အပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဒွေးဝင်း ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း တစ်ခု အခုလိုအ ခြေအနေ ပြင်ဆင်ပြဋ္ဌာန်းဖို့ ဖြစ်လာတာကို ကျွန်တော့်အနေနဲ့ အထူးပဲကြိုဆိုပါတယ်။ ကျွန်တော့်အနေနဲ့ အခုမူကြမ်း အခန်း (၆) ကော်မရှင်ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်အနည်းငယ် ဖြည့်စွက်ချင်ပါတယ်။ ပုဒ်မ ၉ (က)တွင် အဆိုပြုချက်များကို စိစစ်ရာတွင် ငွေရေးကြေးရေး ယုံကြည်စိတ်ချမှု၊ လုပ်ငန်း၏ စီးပွားရေး တွက်ခြေကိုက်မှု၊ စက်မှုနည်းပညာဆီလျော်မှုစသည့် အချက်အလက်များကို သုံးသပ်ဖို့လို့ ပါရှိပါတယ်။ အဲ ဒီအထဲမှာ ကျွန်တော်ဖြည့် စွက်ချင်တာကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းဆောင်ရွက်နေတဲ့အချိန်မှာ လုပ်ငန်း ဆောင်ရွက်နေမှုကို မျက် ခြေမပြတ် Monitor ပြန်လုပ်တဲ့စနစ်တစ်ခုကို ထားရှိဆောင်ရွက်ဖို့ အချက်တစ်ရပ်အနေနဲ့ ဖြည့်စွက်ပေးဖို့ ကျွန်တော်

တင်ပြချင်တာပါ။ တကယ်လို့သာ အဲဒီလိုအ မြဲတမ်း Monitor လုပ်နိုင်မယ်ဆိုရင် အဲဒီကုမ္ပဏီ သမားတွေ စေတနာအရင်းအမှန်နဲ့ လုပ်လာတဲ့ သူတွေရှိသလို မသမာမှုတွေဖြစ်လာ မှာကို လေ့လာနိုင်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အတွက်လိုအပ်တဲ့ အခွန်အခတွေကိုလည်း မှန်မှန် ကန်ကန်ရရှိနိုင်မှာဖြစ်တဲ့အတွက် ဒီအချက်တစ်ခုကို ထားရှိဖို့ ကျွန်တော် အဆိုပြုတာဖြစ်ပါတယ်။ ဒုတိယတစ်ချက်မှာ ပတ်ဝန်းကျ င်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးကိုလည်း အဲဒီအထဲမှာ အချက်တစ်ချက်အနေနဲ့ ထည့်သွင်းချင်ပါတယ်။ ပတ်ဝန်းကျင်ကာကွယ် ရေးနှင့် ထိန်းသိမ်းရေး နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့အချိ န်မှာ ရေချိန်ညီညီ လုပ်ဆောင်နိုင်ဖို့ အဓိကလိုအပ်ပါတယ်။ လိုတာထက်ပိုပြီးတော့ ထိန်းသိမ်း တာတွေ ရှိလာရင် လည်း ကျွန်တော်တို့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့လူတွေအတွက် အခက်အခဲ ရှိလာနိုင်တာမို့လို့ ဒါကိုလုပ်ငန်း တိုးတက်မှုအလျောက် ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ရင် လိုအပ်သ လို ဒါကို ရေချိန် ညီညီ ထိန်းသိမ်းပေးနိုင်ဖို့ အရေးတကြီးလိုအပ်တဲ့အတွက် အဲဒါကို လည်း ထည့်သွင်းပေးဖို့ ကျွန်တော် တင်ပြတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဇော်မြင့်ဖေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၅။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ် သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းအပေါ်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ကောက်နုတ်ပြီးတော့ ပြုပြင်သင့်တာတွေကိုလည်း တင်ပြသွားပြီး ဖြစ်ပါတယ်။ အဲဒီအထဲမှာလည်းပဲ ကျွန်တော် ပြုပြင်ချင်တဲ့ကိစ္စများလည်းပဲ ပါသွားပြီ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဥပဒေနာမည်ကိုတင်တဲ့ ကိစ္စတွေ၊ ပြည်သူများရဲ့အကျိုးစီးပွားကို ထိခိုက်စေနိုင်တဲ့လုပ်ငန်းတွေဆိုတာ ဘာလဲဆို တာတွေ နောက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရည်မှန်းချက် (National Development Strategy) နဲ့ ဆက်စပ်ဖို့လိုတယ်။ National Development Strategy ကတခြား၊ Investment Law ကတခြားဆိုတာမျိုး မဖြစ်သင့်ဘူးဆိုတဲ့ကိစ္စ တွေ၊ နောက်ဒေ သဖွံ့ဖြိုးရေးကို

ဒီ Investment လုပ်မယ့် ဒီလုပ်ငန်းရှိတဲ့ ဒေသရဲ့ဖွံ့ဖြိုးရေးကို လုပ်သင့်တယ်ဆိုတဲ့အချက်၊ နောက် ပြည်သူပိုင် မသိမ်းပါဘူးဆိုတဲ့အာမခံချက် ဒီကိစ္စတွေဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ထောက်ပြသွားပြီး ဖြစ်ပါတယ်။ အဲ ဒီတော့ ဒီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေဟာ အင်မတန်မှ ယခင်ဥ ပဒေတွေနဲ့ ၁၉၈၉ ခုနှစ်က ဥပဒေနဲ့မတူဘဲနဲ့ တော်တော်ကို Liberalize လုပ်လာတယ်။ အခွင့် အရေးတွေ တော်တော်ပေးလာတယ်။ အခွန်ကင်းလွ တ်ခွင့် ကလည်းပဲ အရင်တုန်းက (၃)နှစ်ကနေပြီးတော့ အခုဆိုရင် (၅)နှစ်ဖြစ်လာတယ်။ မြေယာအသုံးချ ခွင့်နှင့် ဒီမြေငှားရမ်းခွင့် ဆိုလို့ရှိရင် စောစော ကလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တစ်ယောက်ကတော့ နောက်နောင် အနှစ်(၆၀)ပြည့်ချင်တယ်ဆိုတဲ့ သဘောပေါ့လေ။

သို့သော်လည်းပဲ အခုဆိုရင် အနှစ် (၃၀)နဲ့(၁၅)နှစ် နှစ်ကြိမ်ပေးနိုင်တဲ့ အနေအထားတွေ ဒါ ဖြစ်လာတယ်။ နောက်အမှုထမ်းနဲ့ အလုပ်သမားတွေကို ခန့်ထားတဲ့နေရာမှာ နှစ်ကာလအရ percentage နဲ့ ကျွန်တော်တို့ ပြလာတာ ဒါတွေဟာ အင်မတန်ထူးခြားတဲ့ ကိစ္စတွေဖြစ်ပါတယ်။ အဲဒီတော့ ဒီ Law ဟာ ဒီ ဥပဒေဟာ ကျွန်တော်တို့ နိုင်ငံခြားသား နိုင်ငံခြား Investment ရဲ့ Type တွေ 100 percent ကို လက်ခံတဲ့ဥပဒေ Investment ဥပဒေဖြစ်တယ်။ ဖက်စပ်တို့၊ Partnership တို့အပြင် ဒီနိုင်ငံခြားသားရဲ့ 100 percent Investment ကို လက်ခံတဲ့ ဥပဒေမျိုးလည်း ဖြစ်ပါတယ်။ အဲ ဒီတော့ ဒါလေးတွေဟာ ကျွန်တော်တို့ နိုင်ငံအတွက် နောက်ကျနေသည့်တိုင်အောင်တောင်မှ ဗီယက်နမ်တို့၊လာအိုတို့နဲ့ယှဉ်လိုက်လို့ရှိရင် နောက်ကျနေသည့်တိုင်အောင်တောင်မှ အရင်အ ခြေအနေနဲ့ပြန်ကြည့်လို့ရှိရင် တော်တော်ကို ယုန် လေးပြေးဖို့အတွက် အားယူလာပြီဆိုတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဆက်စပ်ပြီးတော့ တင်ပြချင်တာကတော့ ဒီဥပဒေကြီးဟာ Investment Law ဟာ Special Law ပါခင်ဗျ။ ဒီ Special Law ဟာ ကျွန်တော်တို့ Special Economic zone Law တွေနဲ့ ဆက်စပ်ရမှာ ဖြစ်ပါတယ်။ Special Economic zone ဟာ ဥပမာဖြင့် သီလဝါတို့၊ ထားဝယ် Economic zone တို့၊ ကျောက်ဖြူ Economic zone တို့ ဒီလို Specialize လုပ်တဲ့ ဒေသအလိုက် ကျွန်တော်တို့ ခွင့်ပြုထားတဲ့ နိုင်ငံခြား၊ ဒါကတော့ ပိုမိုပြီးတော့ အခွင့် အရေးရနိုင်တဲ့ဥပဒေများ ဖြစ်ပါတယ်။ အဲဒီလို Special Economic zone ဥပဒေတွေနဲ့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေဟာလည်း ဆာ်စပ်ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ အဲဒီဥပဒေတွေဟာလည်းပဲ ကျွန်တော်တို့ စီမံ /စီးပွားကနေပြီးတော့ ဦးစီးပြီးတော့ ဒါတွေလည်း လုပ်နေပြီလို့ တော့

ကျွန်တော်တို့ ကြားပါတယ်။ အဲဒါမည်သို့ပင် နိုင်ငံခြားသားတွေကို လာအောင် ဥပဒေကို ရေးဆွဲသည်ဖြစ်စေ၊ ဤဥပဒေကြီးများသည် မည်မျှပင် ကောင်းသည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေဟာ အခြားသောဥပဒေများ ဆက်နွယ်နေသော အခြားသောဥပဒေများ မိသားစု ဥပဒေများလည်း ရှိပါတယ်။ ဒီဟာနဲ့ပတ်သက်လို့တော့ ဆက်နွယ်နေတဲ့ မိသားစုဥပဒေ၊ ဒီဥပဒေ (Legal System) က ကောင်းဖို့လိုတယ်။ ဒီနိုင်ငံခြား ဥပဒေကြီးဟာ ဘယ်လောက်ပဲ ကောင်းနေနေ၊ ကျန်သော ဥပဒေများက ဆက်စပ်နေသော ဥပဒေများက နောက်ပြန် ဆွဲပြီးတော့ ခလုတ်တိုက်နေတယ်လို့ ဆိုလို့ရှိရင် Investor တွေအတွက် အများကြီး အနှောင့်အယှက် ဖြစ်နိုင်တာဖြစ်ပါတယ်။ ခြုံလိုက်ရင်တော့ (Rules of Law) ဥပဒေစိုးမိုးမှုဟာ အင်မတန် အရေးကြီးပါတယ်။ စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခင်ရွှေ ပြောသွား သလို ဟိုတစ်မျိုး၊ ဒီတစ်မျိုး ကျွန်တော်တို့ ဖြစ်ရတဲ့ဟာက တကယ်တော့ ဥပဒေစိုးမိုးမှု မရှိတဲ့အတွက် ဒီလိုဖြ စ်တာ အရေးကြီးပါတယ်။ အဲဒီတော့ ဥပဒေစိုးမိုးမှုဟာလည်း (Legal Enforcement Agency)များ ဥပဒေကို သက်ဆိုင်ရာဥပဒေများကို အသက်ဝင်စေသော ဌာနများက တိတိကျကျလိုက်နာကြဖို့ လိုပါတယ်။ ဥပဒေမျက်နှာကိုပဲ ကြည့်ဖို့လိုပါတယ်။ ဥပဒေမျက်နှာကို မကြည့်ဘဲနဲ့ လိုတစ်မျိုး၊ မလိုတစ်မျိုးဆို တာက ကျွန်တော်တို့ ဒါ Corruption ဖြစ်တာ၊ အကျင့်ဖောက်ပြားတာ၊ အဲဒီ အကျင့်ဖောက်ပြားမှုတွေဟာ ယနေ့ နိုင်ငံတော်မှာ အတိုင်းအတာတစ်ရပ်အထိ ရောဂါကြီးနေတဲ့ အနေအထားဖြစ်ပါတယ်။ အဲ ဒီတော့ (Law Enforcement Agency) တွေ သက်ဆိုင်ရာ ဝန်ကြီးဌာနကလူတွေဟာ ဒါတွေ ဒီ Law တွေကို ကိုယ်စားပြုပြီးလုပ်တဲ့အခါမှာ ပေးရင်တစ်မျိုး၊ မပေးရင်တစ်မျိုး ဆိုရင်တော့ မဖြစ်ဘူး။ Set of Responsibility ရှိရမယ်၊ Accountability ရှိရမယ်။ Financial Accountability ရှိရမယ်။ Programme Accountabilityရှိရမယ်။ Management Accountability ရှိရမယ်။ Responsive နဲ့တုံ့ပြန်မှု၊ ချက်ချင်းတုံ့ပြန်ခြင်းဆိုတဲ့ သဘော Accountability တင်မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ထိကရုံးလိုကိုယ့်ကိစ္စကိုထိလာရင် ကိုယ်က ပြန်ပြီးတော့ တုံ့ပြန်ချင်ဆိုတဲ့သဘော ဒီလိုဟာမျိုးတွေ ဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တို့လိုပါတယ်။ သို့သော်လည်းပဲ နိုင်ငံခြားသား တွေနဲ့ ဆက်ဆံ လိုက်တဲ့အခါမှာ ဘယ်သူ့ကို ဆရာတင်ရမလဲ ၊ ဘယ်ဝန်ကြီးနဲ့ ဆွေးနွေးရမလဲ ဆိုတာ မည်သည့်အခါမှ မပြတ်ပါဘူးလို့ နိုင်ငံခြားသားတွေက ကျွန်တော်တို့နဲ့ တွေ့တဲ့အခါတိုင်း ပြောပါတယ်။ ဘယ်သူနဲ့ ဆွေးနွေးရမလဲ Investment လုပ်ပြီးပြီဆိုလို့ရှိရင်လည်းပဲဝင်တယ်၊

ထွက်တယ် လို့ ဆိုလို့ရှိရင် တစ်ခါလ၀ ကနဲ့ ပြဿနာတက် ပြန်တယ်။ လ၀ ကနဲ့ပြဿနာ မတက်ဘူးဆိုလို့ရှိရင်လည်းပဲ ပြည်နယ်အစိုးရနဲ့ ပြဿနာတက်ရတဲ့ အခြေအနေမျိုးတွေကို အင်မတန်မှ ဂမ်းနည်းစရာကောင်းတဲ့ ကိစ္စမျိုးတွေ ဖြစ်ပါတယ်။ ဒါဟာ Rules of Law Enforcement လုပ်တဲ့ အေဂျင် စီတွေရဲ့အားနည်းချက် Coordinated Action မရှိဘဲနဲ့ ဒီ Investenter တွေကို ကန်ထုတ်တယ်ဆိုတဲ့ အနေအထားမျိုး ဒါကြောင့်မိုလို့ နိုင်ငံခြားစာပေ တွေ၊ စာအုပ်တွေကနေ ရေးတဲ့အခါမှာ Investment Law ကြီးဘယ်လောက် ကောင်းနေနေ ဒီ Legal System မကောင်းဘူးလို့ဆိုရင် Rules of Law မကောင်းဘူးလို့ဆိုရင် Invester တွေထွက်ပြေး နိုင်တယ်ဆိုတဲ့ အနေထားမျိုးကိုလည်း သက်ဆိုင်ရာဂန်ကြီးဌာနဖြစ်တဲ့ ဒီဥပဒေတွေကိုရေးဆွဲခဲ့တဲ့ ရေးဆွဲပြီးတော့တင်ပြတဲ့ ကျွန်တော်တို့ စီမံစီးပွားဝန်ကြီးလည်းပဲ ဒီကိစ္စတွေကို အတွေ့အကြုံများ အရ အင်မတန်မှကိုနားလည်သိရှိသော ပုဂ္ဂိုလ်ကြီးလည်းပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မိုလို့ ဒါနဲ့ ဆက်စပ်နေတဲ့ ဥပဒေများကိုလည်း ပြင်ဖို့လိုသလို ဥပဒေမျက်နှာကို ပဲ ကြည့်တဲ့သဘောမျိုး ဖြစ်ဖို့လိုပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေရာမှာ စာမျက်နှာ ၅၊ ပုဒ်မ ၉(ဆ)ကို ကျွန်တော် နည်းနည်း တင်ပြချင်ပါတယ်။ ပုဒ်မ ၉(ဆ)မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ ကထည့်ထားပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့ မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက် ခြင်းဆိုပြီးတော့ ဒါ နည်းနည်းလေး လမ်းကြောင်း လိုက်တဲ့အခြေအနေပါ။ ကျွန်တော် ဒါထက်ကို နည်းနည်း လေးပိုပြီးတော့ အဆိုပြုချ င်ပါတယ်။ အဲဒီ အဆိုပြု ချက်ကတော့ ဘာလဲဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ၏ သဘောတူညီချက် အရ ဆောင်ရွက်ခွင့် ရသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအနက် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းကို လုပ်ကိုင်ခွင့် ပြုခြင်းနှင့်စပ်လျဉ်း၍ သက်ဆို င်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းခွင့်ပြု ဆောင်ရွက်ခြင်းဆိုပြီးတော့ ဒီလိုလေး နည်းနည်းလေးပိုပြီးတော့ ဘာမှန်းတော့ မသိသေးဘူး။ ဒါပေမယ့် ဒီဥစ္စာလေးက နောင်တစ်ချိန် မှာ လုပ်နိုင်ဖို့အတွက် ထည့်ပေးရင် ပိုကောင်းမယ်လို့ ကျွန်တော် ယူဆပါတယ် ။ ဒါက ပုဒ်မ၉ (ဆ)ကို ကျွန်တော် ထည့်ချင်တဲ့ အပိုင်းပါ။ ပုဒ်မ ၁၀ (စ) စောစောက ဦးခင်ရွှေ ပြောသွားတာပါ။ ငွေရေးကြေးရေးကိစ္စ ရပ်များ

ဆောင်ရွက်ရန် ကမကထ ပြုသူ သို့မဟုတ် ရင်းနှီးမြှုပ် နှံသူက အဆိုပြုတင်ပြလာသည့် ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ ဒါဟာ ကော်မရှင်မှာ ရှိ ပါတယ်။ လက်ခံပါတယ်။ လိုအပ်ပါက ငွေရေးကြေးရေးကိစ္စရပ် များဆောင်ရွက်ရန် ဘဏ်ကိုသတ်မှတ် ခြင်းဆိုတဲ့ဟာပေါ့။ ဘဏ်ကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းသတ်မှတ်ခြင်း ၊ တစ်ဖက်သတ်ကော်မရှင်က လုပ်တာမျိုး မဟုတ်ဘဲနဲ့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ခြင်းဆိုတဲ့ သဘောမျိုးထည့်လို က်လို့ရှိရင် ကော်မရှင်က တဖက်သ တ် သတ်မှတ်ပေးတယ်ဆိုတဲ့ ဒီလိုဟာမျိုးလေးလည်း ရှောင်ရာ ရောက် ပါမယ်လို့ တင်ပြချ င်ပါတယ်။ ပုဒ်မ ၃၃ မှာလည်းပဲ ထိုနည်းလ ည်းကောင်းပါပဲခင်ဗျား။ ရင်းနှီးမြှုပ်နှံသူများသည် အောက်ပါငွေများကို သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်နှုန်း အတိုင်း ကော်မရှင်ကသတ်မှတ်သော ဘဏ်မှ တစ်ဆင့်ဆိုတဲ့ ဟာမျိုးပါ၊ ဒါကို ကော်မရှင်ကသတ်မှတ်သော ဘဏ်မှတစ်ဆင့်ဆိုတာထက် ရင်းနှီးမြှုပ်နှံသူသည် အောက်ပါ ငွေများကို သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်မှုနှုန်းအတိုင်း နိုင်ငံတော်က ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှတစ်ဆင့် နိုင်ငံခြားသို့ လွှဲပြောင်းနိုင်စေရ မည်ဆိုရင် ဒါဟာ ဖြစ်နိုင်ပါတယ်။ ခု ပုဂ္ဂလိကဘဏ်တွေကိုလည်း ကျွန်တော်တို့ ဒီ Transition ကို ဒီ ကျွ န်တော် ခွင့်ပြုနေပြီး Remittent ကိုလည်းခွင့်ပြုနေပြီဆိုတဲ့ အခြေအနေဖြစ်ပါ တယ်။ ပုဒ်မ ၃၃ ကို ကျွန်တော် ပြင် ချင်တာပါ။ ပုဒ်မ ၃၄ (က) လည်း ဒီအတိုင်းပါဘဲ သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်မှုနှုန်းအတိုင်း ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ နိုင်ငံ တော်က ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှ တစ်ဆင့်နိုင်ငံခြားသို့ လွှဲပြောင်းနိုင်စေရ မည်ဆိုပြီးတော့ အဲဒီလို ထည့်လိုက်ရင်လဲပိုပြီးတော့ သင့်မြတ်ပါတယ်။

နောက် ပုဒ်မ ၃၄ (ခ) မှာ ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ကော်မရှင် သတ်မှတ်သော ဘဏ်တွင်ဆို တာမဟုတ်ဘဲနဲ့ ကော်မရှင်၏ ခွင့် ပြုချက်နှင့်အညီ ညှိ နှိုင်း သတ်မှတ်ရရှိသောဘဏ်တွင် ယင်းဘဏ်ကလက်ခံ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် ဆိုပြီးတော့ ဒီလိုလေးထည့် လိုက်လို့ရှိရင် Invester တွေကလည်း ကောင်း ပါတယ်။ ကော်မရှင်အတွက် လည်းပဲ သိက္ခာရှိပါတယ်ဆိုပြီးတော့ အခြေအနေလေး ကျွန်တော် ဒီအချက်အလက် ၁/၂/၃/၄/၅/ ချက်ပါ။ စုစုပေါင်း(၅)ချက်က ကျွန်တော် ဖြည့်စွက်လိုပါကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင် ဗျား။ အမျိုး သား လွှတ်တော်ကိုယ်စားလှယ်(၅)ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး တော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု အ စည်းအဝေးကို ရပ်နားပါမယ်။ နေ့လယ် ဧည့်သည်တွေ့ဖို့နဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နိုင်ငံခြားခရီးစဉ်ကို သွားနှုတ်ဆက်ဖို့ရှိတဲ့အတွက် ၁၄း၁၅ မှာ အစည်းအဝေးပြန်လည် စတင်မှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၂း၂၈။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၂၈ နာရီတွင် ခေတ္တရပ်နားပြီးနေ့လယ် ၁၄း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၅။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ **အ**စည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး၊** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ/ အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊တိုင်းနှင့်ပြည်နယ်အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေးချယ် စခန်းသွင်းလေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ Sea Game ပြိုင်ပွဲအတွက်ရည်ရွယ်၍ အခြေခံပညာ၊ အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ၊ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ ၊ ကာကွယ်ရေး ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံ တစ်ဝန်း ကျင်းပလျက် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများကို မွေးထုတ်ကာ ကြိုတင် ရွေးချယ်စခန်းသွင်းလေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၇။**

**ဒေါက်တာခင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဒေါက်တာခင် ရွှေ ဖြစ်ပါတယ်။ ဦးလှဆွေ မကွေးတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၁၂)ရဲ့ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၁၃ Sea Game ပြိုင်ပွဲအတွက်ရည်ရွယ်၍ အခြေခံပညာ၊ အဆင့်မြ င့်ပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပ ွဲတိုင်းနှင့်ပြည်နယ် အားကစား ပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာန အပါ အဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေး ချယ် စခန်း သွင်းလေ့ကျင့်သွားရန်အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် မဆွေးနွေးခင် ကျွန်တော်နဲ့ပတ်သက်လို့ အရင်ဆုံးမိတ်ဆက်ရမယ်ဆိုရင် ၁၉၈၈ ပြီးနောက်ပိုင်းမှာ ၁၉၈၉ ကစပြီး ကျွန်တော်အားကစား လောကကို ရောက်ခဲ့ပါတယ်။ ကျွန်တော်ရောက်တုန်းက အားကစားညွှ န်ချုပ် ဒါ ဝန်ကြီးဌာနလည်း မရှိပ ါဘူး။ ညွှန်ချုပ်က ဗိုလ်မှူးကြီးအောင်ဒင် လက်ထက်ကပါ။ အဲဒီမှာ ပထမဦးဆုံး ကျွန်တော့်အနေနဲ့ ဘောလုံးအဖွဲ့ချုပ်ရဲ့ကျွန်တော်ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ အဲဒီတုန်းက နည်းပြက မစ္စတာ ဝါနာပါ။ ကျွန်တော်ကတော့ ဒု တိယဥက္ကဋ္ဌ ပါ။ ဥက္ကဋ္ဌကတော့ ဗိုလ်မှူးကြီးစောရွှေပါ။ ကျွန်တော် တရုတ်ကိုခေါ်သွားတယ်။ မကာအိုကို ခေါ်သွားတယ်။ အဲဒီ ခေါ်သွားတဲ့ကာလမှာတုန်းက ကျွန်တော်တို့ ခေါ်သွားတဲ့ အတွေ့အကြုံ တွေအများကြီးရတဲ့အပြင်ကို ဒီနောက်ကျွန်တော် ပြန်လာပြီးတဲ့နောက်ပိုင်းမှာ ပြေးခုန်ပစ် အားကစားသမား (၂၀)ပတ်ဝန်းကျင်လောက်ကို ဗန်ကောက်မှာ (၃)နှစ်ဆက်ပြီး ကျွန်တော် ခေါ်ပါတယ်။ ခေါ်သွားတိုင်းလည်း ရွှေ (၂၀) ပတ်ဝန်းကျင်လောက်ကို ကျွန်တော်တို့ ရခဲ့ပါတယ်။ အဲဒီ နောက်ပိုင်းမှာ ကျွန်တော်တို့ ၁၉၉၅ကစပြီးတော့ ကျွန်တော်တို့မြားပစ်အဖွဲ့ချုပ်ကို ထူထောင်လိုက်ပါတယ်။ အဲဒီတုန်းက မြားဆိုတာဘာမှန်းမသိပါဘူး။ အဲဒီကနေစပြီးတော့ ခုဆိုရင် (၁၅)နှစ်၊ (၁၆)နှစ်မှာ မြားပစ်အဖွဲ့ချုပ်ဆိုလည်းတစ်ရက်မှ Camp မပိတ်ဖူးပါဘူး။ တောက်လျှောက်ကို (၁၅)နှစ်(၁၆)နှစ် ကျော်ခန့် Camp သွင်းခဲ့ပါတယ်။ Camp သွင်းတဲ့အတွက်ကြောင့်နောက် Sea Game ဆိုရင်လည်း ၁၉၉၅ ကနေစပြီးတော့ ဒီနေ့အထိ Sea Game တိုင်းကိုလည်း သွားရောက်တက်ရောက်လေ့လာခွင့်ရခဲ့တဲ့အတွက်ကြောင့် ဒီအပေါ်မှာ အခြေခံပြီး ကျွန်တော် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုဇော်ဇော် ဘောလုံး အားကစားကို ကိုင်တဲ့အချိန်မှာ ကိုဇော်ဇော့် ကို ကျွန်တော်ပြောပါတယ်။ ခေါက်ဆွဲခြောက် သာလျှင် တီဗွီထဲ မှာ ကြော်ငြာတာ (၅)မိနစ်နဲ့ ပြုတ်စားလို့ရတယ်။ အားကစားက (၅)မိနစ်နဲ့ မရပါဘူး။ (၅)နှစ် လုပ်ရတယ်ဆိုတာ

ဒီနေ့စမှနောက်(၅)နှစ်မှာအဖြေပေါ်မယ့်ကိစ္စဖြစ်ပါတယ်။ အားကစားနဲ့ ပတ်သက်လို့ကတော့ ခုချက်ချင်းလုပ်လို့မရပါဘူး။ ဒါကြောင့် ကိုလှဆွေ ကနေပြီးတော့ ဒီ ၂၀၁၃ Sea Game အတွက် လို့ပြောပေမယ့် အခုလုပ်ပေမယ့် ၂၀၁၃ Sea Game မှာ အောင်မြင်မှုမရနိုင်ပါဘူး။ ၁၉၆၂ မှာ Sea Game လုပ်သွားတယ်၊ ၁၉၆၉ မှာ Sea Game လုပ်သွားတယ်။ မြန်မာက ပထမ ရတယ်ဆိုတာက ပထမလုပ်ထားတဲ့ အရှိန်က ကျန်လို့ အရှိန်နဲ့ ပထမရတာ။ အခုက ကျွန်တော်တို့က ထုတ်ယူသုံးစွဲတဲ့အတွက် သုံး စွဲရင်း သုံးစွဲရင်းနဲ့ ဒီ ၈၈-၈၉ ဒီနောက်ပိုင်းမှာ တဖြည်းဖြည်း Raw က ကုန်ကုန်လာခဲ့ပါတယ်။ အဓိက ကုန်တဲ့အကြောင်း ရင်းကလည်း သူက ကာကွယ်ရေးဝန်ကြီးဌာနကို ပြောတာမဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာနရဲ့ ဒါ ပြတ်ပြတ်သားသား ဝေဖန်ရမယ်ဆိုရင် မှားယွင်းတဲ့ ပညာရေးစနစ်ကြောင့်ပဲ၊ မှား ယွင်းတဲ့ ပညာရေးစနစ်ကြောင့်ပဲဆိုတာကတော့ ကျွန်တော်တို့ ဆော င်ပုဒ်တော့ရှိပါတယ်။ ကျန်းမာ ကြံ့ခိုင်သော ပညာရေးစနစ် ဖြစ်ရမယ် ဆိုပေမယ့် အဲဒီတော့ ကျွန်တော်ကြံ့ခိုင်ဖွံ့ ဖြိုးရေး နှစ်ပတ်လည် ဒီ(၁)ကနေ(၁၀)အထိ ဆုတက်ယူတဲ့ ကျောင်းသားတွေ ကြည့်လိုက်တဲ့အချိန်မှာ မျက်မှန်တပ်ရင်တပ်၊ မျက်မှ န်မတပ်ရင် ခါးကုန်း၊ မတပ်လို့ရှိရင် ပခုံးလေးစောင်းနေတယ်။ ဒါမှမဟုတ် ခန္ဓာကိုယ်သေးနေတာတွေ့တယ်ဆိုကတည်းက ဒီစနစ်ကြီး ပညာရေးစနစ်ကြီးက လွဲမှားနေတာ၊ သူလွဲမှားတဲ့အတွက်ကြောင့် ကျွန်တော်တို့ အားကစားကြီးဟာ သွားထိခိုက်သွားတယ်ဆိုတာ ဒါက ကျွန်တော်တို့က သုံးသပ် လို့ ရတယ်ဆိုတဲ့ အနေအထား ရှိနေပါတယ်။ ဒါကြောင့် ဒီအားကစား ကျွန်တော်တို့ လူမျိုးတွေ ပေါ့လေ။ ဥပမာ ကျွန်တော် ၁၉၉၀ လောက်က မကာအိုကို ခေါ်သွားတုန်းကဆိုရင်လည်း ဘော လုံးသမားတွေ အဲဒီတုန်းက သန်းတိုးအောင် တစ်ယောက်ပဲ ပါပါတယ်။ သန်းတိုးအောင် အပါအဝင် ခေါ်သွားတဲ့အဲဒီတုန်းကဆို ရင် မျိုးလှိုင်ဝင်း တို့ကအစ အဲဒီနည်းပြဖြစ်တဲ့ ဂါနာက ထုတ်ထားတာ။ မပြေလည်လို့။ ဝင်းအောင်တို့ကစ ထုတ်ထားလို့ ကျွန်တော်ကနေ အတိုက်အခံလုပ်ပြီး ဝင်းအောင်တို့၊ မျိုးလှိုင်ဝင်းတို့ကအစ အတင်းထည့်ပေးရတဲ့ အနေအထားလေးမျိုး ရှိပါတယ်။ အဲဒီတော့ တရုတ်နဲ့ ကန်တဲ့အချိန်မှာ တရုတ် က အရပ်ကတော်တော်မြင့်နေပြီ။ အဲဒီတော့ နောက်က လိုက်ပြေးလို့လည်း မမီ နိုင်ဘူး။ အဲဒီတော့ ပေါင်ကြားနှစ်ခုကနေ ခြေထောက်ထိုးတယ်။ ခါးကို တွန်းရတဲ့အနေအထားမျိုးဖြစ်တယ်။ အခုဆို တဖြည်းဖြည်းနဲ့ ပိုပြီးကွာလာတယ်။ ကွာလာတဲ့ အဓိကတရားခံကလည်း ခုန ပညာရေးပဲ ဖြစ်ပါတယ်။ ပညာရေးဆို တော့ ကျောင်းမှာ ကြက်တူရွေး စာသင်စနစ်နဲ့ထားပြီးတော့

မိုးလင်းတာနဲ့စာကျက်ပြီးတာနဲ့ ဒီတစ်ခါ ကျောင်းသွားပြီးတာနဲ့ တစ်ခါ ညနေကို ကျူရှင်တက်၊ တက်ရင်းနဲ့ပဲ လုံးပါးပါးသွားပါတယ်။ ဒီအားကစားလောကကြီးတစ်ခုလုံး ပါ ထိခိုက်သွားတဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် ခု ကျွန်တော်တို့က ဒီနေ့ အားကစားကို ပြန်လုပ်မှ နောက်(၅)နှစ်ရဲ့ ဟိုဖက်မှာ ကျွ န်တော်တို့ အကျိုးခံစားရပါမယ်။ ခုနတုန်းက တပ်မတော် ဝန်ကြီးဌာန အပါအဝ င်လို့ပြောတာ တပ်မတော်ဆိုတာက အသက် (၁၈)နှစ်အထက် ကျော်မှ သာလျှင် မွေးနိုင် တဲ့အနေအထားမျိုးဖြစ်ပါတယ်။ အားကစားအောင်မြင်နိုင်ဖို့ ဆိုတာ သူရဲ့ Muscle တစ်ခုလုံး Develope ဖြစ်ဖို့အတွက် ၁၂ နှစ် ၁၃ နှစ်ကတည်းက သူကမွေးရတယ်။ ကိုရီးယားမှာဆိုရင် ဘယ်လိုမွေးလဲ ဆိုတော့ မူလတန်းမှာကတည်းက မိမိဘယ်အားကစားကို ဝါသနာပါလဲ၊ ဘောလုံးပါလား၊ ဘော်လီဘော ပါလား၊ဘက်စကက်ဘောပါလား အဲဒီတော့ မနက်နေ့တစ်ဝက်ကို ကျောင်းစာသင်တယ်။ ညနေပိုင်းမှာ မိမိဝါသနာပါတဲ့ အားကစားတစ်ခုကို လေ့ကျင့်ခိုင်းတယ်။ ဒါကြောင့်ကိုရီးယားတွေ ဟာ ကျွန်တော်နဲ့ အရပ်အမောင်းချင်းမကွာပေမယ့် ကြံ့ခိုင်မှုက ကျွန်တော်တို့ထက် အများကြီး သာ ပါတယ်။ ဒါပညာရေးစနစ်ပဲ၊ ဘွဲ့ယူတာတောင်မှ ဒီလိုလေးယူတာမဟုတ်ပါဘူး။ Management ဆိုတဲ့အုပ်ချုပ်မှုပညာနဲ့ သူ့ရဲ့အားကစားနဲ့ကို ဘွဲ့ပေးလိုက်တယ်။ တကယ့်ပြင်ပမှာသုံးလို့ရတယ်။ ကျွန်တော်တို့ဆီမှာ အခု သင်လိုက်တဲ့ ပညာရေးစနစ်က တကယ့် အပြင်ရောက်တော့လည်း ကျွန်တော်တို့ သုံး လို့မရတာတွေက အများကြီးဖြစ်နေတဲ့အတွက်ကြောင့် အဓိကအားဖြင့် ဒီအားကစားမှာသွားပြီး Effect သွားဖြစ်တဲ့ သဘောမျိုးဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ပညာရေးနဲ့ အားကစားနဲ့ ကျွန်တော် လူတော်တော်များများ ခေါ်ဖူးပါတယ်။ ကျွန်တော် ရေကူးအဖွဲ့ချုပ်ကို ကျွန်တော်လုပ်ဖူးပါတယ်။ ကျွန်တော်မွေးလိုက် တယ်။ မွေးလိုက်ပြီးရင် ၉ တန်း ၁၀ တန်းကျရင် အဲဒီကလေးဘယ်လို မှ ကိုင်လို့မရပါဘူး။ မိဘ က လာ ပြန်ခေါ်သွားတယ်။ စာအတင်းကျက်ခိုင်းတယ်။ အဲဒီမှာ ဆုံးရှုံးသွားတယ်။ ဟိုတုန်းက တင်မောင်နီတို့ခေတ်မီစရာမရှိဘူး။ မိုးသူအောင်မွေး တယ်။ အတိုင်းအတာတစ်ခုရောက်တဲ့အချိန်မှာ သူဘယ်လိုမှ မရနိုင်တော့ဘူး။ မိုးသူအောင်လို တင်မောင်နီလို နောက်ထပ်ဘယ် လိုမှ မွေးလို့ မရတော့ဘူးဖြစ်နေတယ်။ ဒီပညာရေး စနစ် အနေအထားနဲ့၊ ဒ့ါကြောင့် ကျွန်တော်တို့ ကစပြီးတော့ မွေးဖို့လိုတယ် ။ အဲဒီလိုဖြစ်နိုင်ဖို့ဆိုရင် ဥပမာ မြွားဆိုရင် ကျွန်တော်တို့ ၁၉၉၅ ကလည်း ပထမ ကျွန်တော် ရဲတွေကိုမွေးတယ်။ ရဲကကုန်သွားတဲ့အချိန်မှာတော့ ချင်းပြည်နယ် တက်ရတယ်၊ တက်ပြီးတော့ သင်တန်းပေးတယ်။

အခု အောင်ငှိမ်း ကမ္ဘာ့အဆင့်ရောက်သွားတယ်။ ဘယ်လိုပစ်ပစ် (၉.၅)အထက်ပဲပစ်တဲ့ အောင်ငှိမ်း ဆိုတာချင်းလေးပဲ၊ ဧရာဝတီမြစ်တောင် သူကမကျော်ဖူးဘူး။ ခေါ်လာတုန်းက တစ်လမ်းလုံး အန်လာခဲ့တယ်။ ဒီရောက်တဲ့အချိန်မှာ ချင်းတွေကို ကျောင်းထားပေးရတယ်၊ ပြီးတော့မှကျူရှင်ထားပေးရတယ်။ ထားပြီးကျင့်တဲ့အတွက်ကြောင့် ဒီနေ့အောင်ငှိမ်းဟာဆိုရင် ရှေ့ကိုပြီးခဲ့တဲ့ Sea Game တုန်းကဆိုရင် (၃)ခုတောင် ရယူပေးတဲ့အနေအထားမျိုးရှိပါတယ်။

ဒီအတိုင်းပဲ ကျွန်တော်ကဘယ်လိုမှ ပညာရေးနဲ့ ဆက်စပ်မှုမရတဲ့အတွက်ကြောင့် ကလေးဝဆရာတော်ကျောင်းမှာ အားလုံးပေါင်း တိုင်းရင်းသားပေါင်း (၁၅၀၀) ရှိတယ်။ အဲဒီအထဲကနေပြီးတော့ သီလရှင်နဲ့ကိုရ င်နဲ့ ကျွန်တော် စိတ်ကြိုက်သွားရွေး လိုက်တယ်။ (၄၀)ရတယ်၊ အဲဒီ (၄၀)ကို ချက်ချင်း သက် န်းချွတ်ပြီးတော့မှ အားကစား ဝတ်စုံလဲပြီးတော့ လေ့ကျင့်ပေးရတယ်။ လေ့ ကျင့်ပေးတဲ့အတွက်ကြောင့် ပြီးခဲ့တဲ့ Sea Game မှာ ဥပမာ ဒိုင်ဗင်ဆိုလို့ရှိရင်လည်း ကိုယ့် သားသမီးသူ့သားသမီး မိတာ (၃၀)ကနေ့တိုင်း ဒီရေထဲကို ထိုးဆင်းတဲ့အလုပ်ကို ဘယ်သူမှပေးမလုပ်ကြဘူး။ ဒါ့ကြောင့် ဦးသက်ဝင်းတို့လို ဒိုင်ဗင်သမားတွေ ကျွန်တော်တို့ဆီမှာ ပျောက်သွားတယ်။ ဒီခေါ်လာတဲ့ ချင်း ကလေးတွေ ဒီတိုင်းရင်းသားလေး တွေကိုပဲ ကျင့်ခိုင်းတဲ့အတွက်ကြောင့် ဒီပြီးခဲ့တဲ့ Sea Game ကဆိုရင် ရွှေပျောက်နေတဲ့ အတိုင်းပဲ၊ ကျွန်တော်တို့ ကြေးတံဆိပ် တစ်ခုပဲရလိုက်တဲ့ အနေအထားမျိုးရှိတယ်။ အဲဒီတော့ အဲဒီအထဲမှာပဲ ကျွန်တော်တို့ မွေးရတယ်။ ဒီနေ့ကျွန်တော်တို့ အားကစားလောက ပြန်ကြည့် ရင်လည်း တကယ့်အဆင့်အတန်းမြင့်တဲ့ Levelကျွန်တော်ပဲဖြစ်ဖြစ် ကျွန်တော့်သားသမီးပဲဖြစ်ဖြစ် ကျွန်တော် တစ်ရက်ပေါ့လေ၊ မြှားကျင့်တဲ့ဆီမှာ ကျွန်တော့်သမီး ခေါ်လာခဲ့တယ်။ သမီးကြည့်ပါ ဆိုပြီး သမီး ကျွန်တော့်ကို မေးခွန်းတစ်ခုမေးလိုက်တယ်။ အဖေ သူကြီးလာရင် ဘာလုပ်မှာလဲတဲ့၊ ဖြေစရာ ကျွန်တော့်မှာမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြှားပစ်လို့ကြီးလာရင် ဘာလုပ်မလဲဆိုတာ အဲဒါကြောင့်လဲ ဒီပညာရေး စနစ်အနေနဲ့က ကြီးလာရင် ဘာလုပ်မယ်ဆိုတဲ့အဖြေကြောင့် ကိုယ့်သားသမီး၊ သူ့သားသမီးကို စာပဲကျက်ခိုင်းတော့တယ်။ စာကျက်ခိုင်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့လူမျိုးတွေ တဖြည်းဖြည်းသေးသေး သေးသေးလာခဲ့တယ်။ နောက်တစ်ခါ ဟိုတုန်းကဆိုရင်ဒါ ဗိုလ်မှူးကြီးအောင်ဒင်လက်ထက်ကဆို Mass၊ ဒီအားကစားကွင်းမှာဆို လတိုင်းတစ်ပတ်ကို အနည်းဆုံး တစ်ကြိမ်လောက်ကို ကျွန်တော်တို့ ဒီမှာ အားကစားပွဲကြီးတွေ မရှိလည်း ကြံဖန်ပြီးတော့ အနည်းဆုံးကို လမ်းလျှော က်ပွဲကအစ လုပ်နေတယ်။ Mass ကြီး ပါ

ပါတယ်။ အခု ဒီနေ့ လုံခြုံရေးကို  အကြောင်းပြချက်နဲ့ Mass ကို မသုံးသလောက်ဖြစ်နေတယ်။ မလုပ်သလောက် သွားဖြစ်နေတယ်။ ဖြစ်နေတဲ့အတွက်ကြောင့် ခုန အားကစားကျသလို တစ်ဖက်ကနေပြီးတော့ ကျွန်တော်တို့ရဲ့ လူတ စ်မျိုးသားတစ်ရပ်လုံးရဲ့ ကျန်းမာရေးအခြေအနေ လည်းကျသွားတဲ့ အနေအထားမှာ သွားရှိပါတယ်။ နောက် အားကစား လုပ်ခိုင်းတယ်ဆိုတာ ဥပမာ ဘောလုံး တစ်ယောက်ရွေးဖို့ရာ အနော က်က လူတစ်ရာ တစ်ထောင်တစ်သောင်းစုမှ တစ်ယောက်ရွေးတယ်။ Talent ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရွေးတယ်။ အခု ကျွန်တော့်မြွားဆိုရင် လူနှစ်ဆယ်မှာ ကျွန်တော် ရှာပြီးတော့မှ camp သွင်းတယ်၊ သူတို့က။ မလေးရှားဆို အခြေခံထဲက မူလတန်းကတည်း ကိုက ကျောင်းတွေမှာ ဒီကျောင်း ဥပမာ လသာလို ကျောင်းမျိုးဆို အမျိုးသမီးအားကစားနဲ့ ပတ်သက်လို့ လသာ (၂) ကို ထည့်ပေး လိုက်တယ်။ အဲဒီအားကစားကို သူ ကစားတော့ အဲကစားပြီး အဲဒီအတွက်ကို အမှတ်တစ်ခုပေ့ါ။ (၁၀)မှတ် (၁၅)မှတ် (၂၅)မှတ်လို့ ပေးလိုက်တယ်။ မလေးရှားဆို မြွား။ ဒါ အမျိုးသားအားကစားအနေနဲ့ အဲဒီကျောင်းထဲက စသင်လာတယ်။ သူ့မှာ ရွေးစရာ အဲဒီကလေး (၁)သိန်းကနေပြီးတော့ တစ်ယောက် နှ စ်ယောက် ထွက်လာတာနဲ့ ဒါတိုင်းပြည်အတွက် အကျိုးရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အခုရှိတဲ့အားကစားနဲ့ ပြန်ကြည့်လိုက်။ လျှော့လျှော်ကအစ ရွေးစရာလူမရှိဘူး။ ကိုယ်မွေးထားတဲ့လူလေး (၂၀) ( ၃၀)နဲ့ နိုင်ငံတကာ သွားပြိုင်နေတဲ့အတွက်ကြောင့် အခု ကျွန်တော်တို့က နံပါတ် (၈)ရတယ်ဆိုတာ အင်မတန်ကံကောင်းပါတယ်။ အခု နံပါတ် တစ်ဖက်က Sea-Game သွားတဲ့အချိန်မှာ ကျွန်တော်လည်း တစ်ခါတလေကျရင် စိတ်ပျက်ပြီး ပြန်လာခဲ့ရတဲ့ အကြိမ်ပေါင်းလည်းများပြီ။ စစ်အေးတိုက်တယ်။ တစ်ယောက်နဲ့တစ်ယောက် ဒါ စီးပွားရေး ပြိုင်ပြီး စီးပွားရေး အရင်တုန်းကလို သေနတ်တွေ၊ ဓားတွေ၊ တုတ် တွေနဲ့ တိုက်စရာ မဟုတ်တော့ဘူး။ အဲဒီ အားကစားကွင်းထဲမှာ သွား ပြီးစစ်တိုက်တာပဲ။ သူရဲ့ ကျန်းမာကြံ့ခိုင်တာ ဘယ်လောက်ရှိလဲ။ သူ့ရဲ့ ခနအင်အား ဘယ်လောက်ရှိလဲ သွားတိုက်တယ်။ သွားတိုက်လို့ ရှုံးလာတိုင်း ကျွန်တော်တို့ စိတ်ဓာတ်ကျ ပေါင်းလည်းများလှပြီ။ ကျ န်တဲ့ ဝန်ကြီးဌာနတွေကတော့ အဲဒီလိုသွားပြီး စစ်မတိုက် ရတဲ့အတွက်ကြောင့် သူဘယ်လောက် ညံ့ညံ့မ ပေါ်ပေမ ယ့် အားကစားဝန်ကြီးဌာနတော့ သူညံ့ တာနဲ့ သူပေါ်ထွက်သွားတာတွေ အများကြီး သွားရှိတဲ့ အတွက်ကြောင့် ဒါမျိုးကိုလည်း ကျွန်တော် အမြဲတမ်း ဒီ Feeling မျိုး ခံစားရတဲ့အတွက်ကြောင့် ဒါကို ကျွန်တော် ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ လုပ်မယ်ဆိုလို့ရှိ ရင်တော့

လာမယ့် Sea-Game အတွက် ဦးလှဆွေ ပြောသလို ပထမရ မှာပါ။ ဒါလည်း ကျွန်တော် ကြားတယ်။ နိုင်ငံတော်ကလည်း တွန်းယူတယ်။ ပထမ ရအောင်။ အဲ ဒီတော့ ရတာနဲ့ ယူတာနဲ့ (၂)ခုရှိတယ်အားကစားမှာ။ ရတယ်ဆိုတာ ထိုက်ထိုက် တန်တန် ရတာ။ ကိုယ့်ပြိုင်ဘက် (၁၀)ယောက်ရှိရင် (၁၀)ယောက်လုံး အသိအမှ တ်ပြုပြီးရတာ။ ယူတယ်ဆိုတာ မ ရရအောင် ယူတာ။

အဲဒီတော့ ကျွန်တော့်အတွေ့အကြုံအရ တချို့နိုင်ငံတွေ ဆိုရင် ရအောင်ယူခဲ့တဲ့ နိုင်ငံတွေရှိသလို နာမည်ပျက်ပြီး ကျန်ခဲ့တယ်။ အဲဒါကို ကျွန်တော်တို့ လွှတ်တော် အနေနဲ့ရော ကျွန်တော်တို့ပြည်သူတွေရောနားလည်ဖို့ရာ ကျွန်တော်တို့ရဲ့ ဒီအားကစားဝန်ကြီးဌာန မင်းတို့ ရတာကို ရသလောက်ယူပါ။ အတင်းအဓမ္မမယူမိဖို့ အရေးကြီးတယ်။ ယူမိရင် ဆုတော့ရပါရဲ့။ နိုင်ငံတော်နာမည်ပျက်ပြီးကျန်ခဲ့တယ်။ ဒါ အိမ်ရှင်နိုင်ငံမဟုတ်တဲ့အတွက်ကြောင့် သူရသင့် ရထိုက်တဲ့ position။ ရသင့်ရထိုက်တဲ့ရွှေရဖို့ပဲ အရေးကြီးတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါ အားကစားလောကမှာ (၁၅)နှစ် အနှစ် (၂၀)နီးပါး လှုပ်ရှားလာတဲ့ ပုဂ္ဂိုလ်၊ နော က် မြား ဆိုလို့ရှိရင်လည်း အဓိက ကလေးတွေကို ကျွန်တော် ပြောတာရှိတယ်။ အခုဆိုရင် ဒေါ်လာဆို (၃)သန်းလောက် ကုန်တယ်။ ဗမာငွေ ဆို သိန်း (၂)သောင်း (၃)သောင်းလောက် ကုန်တယ်။ မြားနဲ့ပတ်သက်လို့။ အဲဒီအတွက်ကို ရွှေလေး ဒါလောက်ပဲရတယ်။ အဲဒီတော့ ကလေး တွေ ပြောနေတယ်။ ငါ့ဒီ ကုန်တဲ့ပိုက်ဆံတွေဟာ ရွှေများလုပ်ပေးရရင် နင်တို့အလေးချိန်လောက် ငါ ရွှေဖြစ်သွားပြီလို့ ပြောတာ။ ရဖို့အရေး မှာ အများကြီးရင်းရတဲ့ အနေအထားမျိုး ဖြစ်တယ်။ အဲဒီတော့ ပြီးခဲ့တဲ့ အနှစ် (၂၀)လုံး အားကစားကဏ္ဍနဲ့ ကျွန်တော်တို့က ဒီ ဝန်ကြီးဌာနက ဘယ်လောက်များ Invest လုပ်တယ်။ လုပ်တဲ့အပေါ်မှာလည်း အများကြီးမှုတည်တယ်။ မလုပ်လာခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားကစားအဖွဲ့ချုပ်ကိုပဲ Depend လုပ်နေရတယ်။ အဖွဲ့ချုပ် ဖွဲ့လိုက်တယ်။ အဖွဲ့ချုပ်ဆိုတာကလည်း ဟိုတုန်းကဆိုရ င် ဒါ ကျွန်တော်တို့ ကျွန်တော် ပထမဆုံးစပြီး ဥက္ကဋ္ဌ ဖြစ်ပါတယ်။ အဲဒီတုန်းကဆိုရင် ဌာနဆိုင်ရာ MD, DG တွေပဲ ဥက္ကဋ္ဌ အနေနဲ့ ရှိပြီး အဲဒီကနေပြီးတော့ ဟာ ဌာနဆိုင်ရာ DG, MD နဲ့တော့ မဖြစ်ဘူး။ ဒါ ဓနအင်အား ပြိုင်တဲ့ပွဲဖြစ်တဲ့အတွက်ကြောင့် တစစ ပထမ ကျွန်တော်က ဒု တိယဥက္ကဋ္ဌ အနေနဲ့ အကုန်ခေါ်။ နောက် တဖြည်းဖြည်းနဲ့ ဥက္ကဋ္ဌ ၊ ဥက္ကဋ္ဌ ဖြစ်ရာကနေ အခု အဖွဲ့ချုပ် အကုန်လုံးက ဥက္ကဋ္ဌ တော်တော်များများ ကျွန်တော်တို့ စီးပွားရေးသမားတွေဖြစ်ကုန်တယ်။ အဲဒီမှာ ဓနအင်အား

ပြိုင်တယ်။ ပြိုင်တဲ့အချိန်မှာလည်း အဲဒီ လုပ်တဲ့လူက လုပ်တဲ့အားကစားက တက်ပြီးတော့ ဒီပေါ်မှာ စိတ်မပါဘူးဆိုရင် အဲဒီ အားကစားဟာ ဘုတ် ဘုတ် နဲ့ ပြုတ်ကျသွားတဲ့ သာဓကတွေ အများကြီးရှိတယ်။ ဒါအားကစားအဖွဲ့ချုပ်တစ်ခုချင်းကို ပြန်ပြီး သုံးသပ်လိုက်ရင် ရတယ်။ ဥပမာ လာမယ့် Sea-Game မှာ မဖြစ်မနေထည့်ရမယ့် ဥပမာ ရေကူးနဲ့ ပြေးခုန်ပစ်၊ ပြေးခုန်ပစ်ဆို ဟိုတုန်းက ကျွန်တော်တို့ လက်ကျန်လေးတွေသုံး၊ မီတုံးနော် တို့ ဘာတို့ ညာတို့ အဲ ဒါတွေက ရွှေ ယူခဲ့တဲ့ သာဓကရှိပေမယ့် အဲဒါ မျိုးဆက်ကြီးက အကုန်ထွက်သွားပြီ၊ အဲဒီတော့ ပြေးခုန်ပစ်မှာ ရွှေက (၅၀)လောက် ပေးတယ်။ ရေကူးမှာဆိုလည်း (၅၀)လောက်ပေးတယ်။ အဲဒါကို ကျွန်တော်တို့နိုင်ငံက မလုပ်လို့လည်း မရဘူး။ သူက အိုလံပစ် အားကစားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့ ထည့်သွင်းပြီး ကျင်းပမှာ ဖြစ်တယ်။ အဲဒီ ရွှေအခု (၁၀၀)မှာ ကျွန်တော်တို့ (၅)ခုရဖို့ဆိုတာ မလွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ မျိုးဆက် ပြတ်နေပြီ။

နောက် အားကစားနဲ့ပတ်သက်လို့ သဘောလေးသိအောင် ကျွန်တော် ပြောရလို့ရှိရင် ကျွန်တော့် မြေးဆိုရင် ပေါင် (၆၀)(၇၀)ဆွဲရတယ်။ ကျွန်တော့်ဆီက ကလေးတွေဟာ သေးသေး လေးတွေ ရှိတယ်။ အဲဒီတော့ ကျွန်တော် လေ့လော့်တဲ့အဖွဲ့၊ ဝိတ်မတဲ့အဖွဲ့ကို ခေါ်ဆွဲကြည့်တယ်။ မဆွဲနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အားကစား တစ်ခုချင်း၊ တစ်ခုချင်း တစ်ခုချင်းမှာ သူ့သက်ဆိုင်ရာ Muscle Develop ဖြစ်ဖို့ လိုတယ်။ အဲဒီ Muscle ရအောင် Develop ဖြစ်အောင် လုပ်ဖို့က (၂)နှစ် (၃)နှစ် စောင့်ရတဲ့အတွက်ကြောင့် တကယ်လို့ ဒီ Sea-Game မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ ရှေ့မှာ တကယ်တမ်း Invest နှစ်ပေါင်း (၃၀)(၄၀) Invest လုပ်ထားတဲ့ ခုန မလေးရှားတို့၊ အင်ဒိုနီးရှားတို့၊ ထိုင်းတို့ ခုနောက်ဆုံးမှ စီးပွားရေးအရ တက်ပြီးတော့ ဒါအရှေ့ကို ထိုင်းတို့၊ အင်ဒိုနီးရှားတို့ကို ခြိမ်းခြောက်နေတဲ့ ဗီယက်နမ် ရှိနေတယ်။ ကျွန်တော်တို့က သူတို့နောက်က နံပါတ်(၅)ရရင်တောင်မှ ကျွန်တော်တို့ ရှိတဲ့အဖွဲ့တွေအားလုံးက ဝန်ကြီးဌာနကို Appreciate လုပ်ပေးဖို့လိုတယ်။ ဒါ ပထမနဲ့တူတယ်။ မင်းတို့နံပါတ် (၅)။ အဲဒီတော့ မင်းတို့ ပထမရအောင် အတင်းလုပ်မယ်ဆိုရင်တော့ ဝန်ကြီးဌာနက မရရအောင် ယူမယ်ဆိုရင်တော့ တိုင်းပြည်နာမည်ပျက်ပြီး ကျန်ခဲ့မယ့် အနေအထားမျိုး သွားရှိပါတယ်။ ဘာလို့ဆိုတော့ ဒီတိုင်းပြည်ကလူတွေ ညစ်တယ်။ ဒီပေါ်မှာ အိမ်ရှင်နိုင်ငံရဲ့ အခွင့်အရေးကို အပြည့်ယူတယ်ဆိုပြီးတော့ အဲဒီမှာ အညစ်ခံရမှာ စိုး တဲ့အတွက်ကြောင့် ကျွန်တော်တို့ အနေနဲ့

သဘောထားကြီးဖို့လိုတယ်။ အဲဒီတော့ ဒီနေ့ ကျွန်တော်တို့ စပါမယ် ။ အားကစားနဲ့ပတ်သက်လို့။ ဒီနေ့စရင် နောက် (၅)နှစ်ရဲ့ ဟိုဘက်မှာ အဖြေထွက်ပါမယ်။ အခု ကျွန်တော်တို့က အဲဒီလို မစခဲ့တဲ့အတွက်ကြောင့် နှစ်ပေါင်းများစွာ တဖြည်းဖြည်း တရွေ့ရွေ့ ကုန်လာတဲ့ ဒီအားကစား လောကကြီးဟာ အခုဆို အဖြေဟာ ထွက်နေပြီ။ ဘယ်လောက်မြှင့်ယူယူ ဘယ်လိုမှ မရနိုင်ဘူး။ အခုပြန်စမှ ရမယ်။ သူ့ရဲ့ဆိုင်ရာ ဆိုင်ရာ Develop။ ကျွန်တော် ခုနပြောတဲ့ အားကစား (၂)ခုတင် ဆုတံဆိပ်(၁၀၀)မှာ ကျွန်တော်တို့ (၅)ခု မရနိုင်တဲ့ အနေအထားမျိုး သွားရှိပါတယ်။ ဒါကြောင့် အိမ်မက်မက်ပြီးတော့ တစ်ခါတစ်လေကျလို့ရှိရင် ကျွန်တော်တို့က ၂၀၁၃ မှာ ငါ ဗိုလ်ဖြ စ်ရမယ် လုပ်ရင်းနဲ့ ကျွ နတော်တို့လည်း စိတ်ဆင်းရဲမယ်။ တာဝန်ယူတဲ့လူလည်း စိတ်ဆင်းရဲမယ်။ ကစားတဲ့လူလည်း စိတ်ဆင်းရဲမှု မဖြစ်အောင်လို့ အခုကတည်းက ကျွန်တော် တို့က Target က ဘယ်နား သွားသင့်တယ်ဆိုတာတော့ Target ပေးထားဖို့ လိုပါတယ်။

နောက်တစ်ခုက ကျွန်တော့်အနေနဲ့ ထပ်ပြီး တင်ပြချင်တာကတော့၊ တင်ပြချင် တာတော့ အများကြီး ပါပဲ။ အဓိကအနေနဲ့တော့ ဒါ ကျွန်တော် ပြီးသလောက်ရှိပါပြီ။ နောက် ကျွန်တော် ပြည်ထောင်စု လွှတ်တော်မှာလည်း ပညာရေးရယ်၊ ကျန်းမာရေးရယ်၊ အားကစားရယ် အဲဒါနဲ့ပတ်သက်လို့ အဲဒါလေးတွေ ဆက်နွှယ်တာလေးတွေကို ကျွန်တော် တင်ဖို့လည်း စီမံကိန်းအနေနဲ့ ပ တ်သက်လို့ရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အားကစားနဲ့ ပတ်သက်လို့တော့ ဒီနေ့ ဒါလေးပဲ ကျွန်တော် တင်ပြပါရစေ။ အဲဒီတော့ ဒီနေ့လုပ်ရင် နောက် (၅)နှစ်မှ အဖြေပေါ်မှာ ဆိုတာလေးလည်း ဒါ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ ကျွ န်တော် တင်ပြခြင်းဖြစ်တဲ့အတွက်ကြောင့် အခု ဦးတင့်ဆန်း ကိုင်တယ်။ နောက်တစ်ခုက ဘတ်ဂျက် ကို ကြည့်လိုက်တဲ့အခါကျရင်လည်း Infrastructure ဖြစ်တဲ့ အားကစားကွင်းတွေပဲ လုပ်ထားတာ တွေ့ပြီး တကယ်တမ်း လူတစ်ဦးချင်းရဲ့ Development ဘာမှလုပ်ထားတာ များများစားစား သုံးထားတာ မတွေ့ဘူး။ သုံးကို သုံးရမယ်။ သုံးမှသာလျှင် ဒါတစ်မျိုးလုံး ကျန်း မာမှာပါ။ ကျွန်တော့် မြွားဆိုလည်း အခု လူ (၂၀)ပေါ်မှာ ကျွန်တော် အခြေခံပေမယ့် လူ (၂)သောင်း၊ လူ(၂)သိန်းပေါ်မှာ အခြေခံရင် ဒီ့ ထက် များမှာဖြစ်တဲ့အတွက်ကြောင့် ကျောင်းတွေ သတ်မှတ်ပေးဖို့လိုတယ်။ မြွားကတော့ ဘယ်ကျောင်းကလုပ်။ ဘောလုံးက ဘယ်ကျောင်းကလုပ်။ အဲဒီလို လုပ်မှသာ လျှင် ဒါကြီး အားကစားတိုးတက်မှာ ဖြစ်ကြောင်း ကျွန်တော် ဒါ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် အားလုံးကို။ (ဩဘာသံများ)

**အချိန်၊ ၁၅:၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၀၆။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များမင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် ခေါင်းစဉ် ကမကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ် ဦးလှဆွေ ဆွေးနွေးသွားတဲ့ ၂၀၁၃ ခုနှစ်၊ Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ ၊ အဆင့်မြင့်ပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကိုပြည်နယ်နှင့်တိုင်းအလိုက် ကျင်းပသလို ဝန်ကြီးဌာနများ၊ ကာကွယ်ရေးဦးစီးဌာနအပါအဝင် ဌာနပေါင်းစုံ၊ အားကစား ပြိုင်ပွဲကို လူရွေးရန်အတွက် ကျင်းပပေးဖို့ လိုအပ်ကြောင်း ပဏာမပြောကြားလိုပါ တယ်။ ထိုသို့ ရွေးချယ်ရာတွင် ဆရာတပည့်မျက်နှာမလိုက်ဘဲ အဂတိကင်းစွာနဲ့ မှန်မှန်ကန်ကန် ရွေးချယ်မှသာ အောင်မြင်မှု ပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ ယခင်က အားကစားသမား တစ်ယောက်အနေနဲ့ အဖေတစ်ယောက် အလုပ်လုပ်ရုံနဲ့ အားကစားကို သက်သာစွာဆောင်ရွက် အားပေးနိုင်ပါတယ်။ ယခုခေ တ် မိသားစုအားလုံးဟာ အလုပ်လုပ်မှ ထမင်းစားရတဲ့ ဘဝဖြစ်တဲ့ အတွက် မိဘများကလည်း အားပေးမှု နည်းသလို ပညာခေတ်ကို ဦးတည်ပြီး ဖြစ်လာတဲ့အတွက် မိဘများကလည်းပဲ အားကစားအတွက် စာမေးပွဲမကျစေချင်လို့ အားကစားကို အားမပေးတော့ပါဘူး။ ဒါကြောင့်မို့လို့ အား ကစားမှာလည်း အရည်အချင်းကျလာတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ဒါကြောင့် အားက စားပညာရှင်ပေါ်များတဲ့ ဝါသနာပါတဲ့ ချင်းတောင်တို့၊ နာဂတောင်တို့ ကရင်ပြည်နယ်တို့၊ ရှမ်းပြည်နယ်တို့ “ဝ” ဒေသတို့အစ အနှံ့အပြားမှာ စတင် လူစုမွေးထားပြီး ၎င်းတို့အတွက် ကျန်းမာရေး ဆေးစစ်မှုကဏ္ဍ၊ လက်တွေ့လေ့ကျင့်မှုကဏ္ဍတွေကို ပေါင်းစပ်လုပ်မှ ဖြစ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ တိုင်းနယ်ပြည်နယ်များကို ယခုအချိန်မှစပြီး အလားအလာရှိသူကို မွေးမြူလေ့ကျင့်စခန်းသွင်းဖို့ လိုအပ်ပါတယ်။ ပြည်နယ်နဲ့တိုင်းဝန်ကြီးဌာန

အနေဖြင့် ပြည်နယ်အဆင့်၊ လူစစ်ရွေးချယ်ပြီး မိမိတိုင်းကလူ၊ မိမိပြည်နယ်ကလူသာ ပဓာနထားပြီး လေ့ကျင့်ပေးသွားဖို့ လိုပါတယ်။ တချို့ဒေသမှာ ဆိုလို့ရှိရင် အားကစားသာကူး သမားတွေဆို ငွေကုန်ရုံပဲ ရှိပါတယ်။ နောက်ပြီး ပြည်နယ်အဆင့် တိုင်းဒေသကြီးမှာ Sea Game အတွက် လေ့ကျင့်ပေးပြီးလို့ရှိရင် ထိုအောင်မြင်တဲ့လူတွေကိုလည်း ပြည်နယ်အလိုက်၊ တိုင်းအလိုက် ဒါ ပထမ ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သလို နိုင်ငံတော်အတွက်အောင်မြင်တဲ့ အနည်းဆုံးတော့ ကားတစ်စီးဖြန့်ပြီး ဒါ ကြော်ငြာထားပေးဖို့ လို ပါတယ်။ ယခင် ကျွန်တော်တို့ အီရတ်နိုင်ငံမှာ အာရှဖလားရ တဲ့ ဗိုလ်ဆွဲခဲ့စဥ်က ဘောလုံးသမား တစ်ယောက်ဆိုလို့ရှိရင် အီရတ်နိုင်ငံက မာစီးဒီးတစ်စီး ဆုချတယ်ဆိုတာ ကျွန်တော် ဖတ်ဖူးပါ တယ်။ Sea Game မှာ လည်းပဲ မြန်မာ့ဘောလုံးနို င်ရန် ဘောလုံးသမားတစ်ယောက်စီကို အနည်းဆုံးတော့ မာစီးဒီးကားတစ်စီးထက် မနိမ့် တဲ့ဆု ချီးမြှင့်ဖို့ နာယကကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို တိုက်တွန်းအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရလို့ရှိရင် ငယ်ငယ်က ကျောင်းသားဘဝမှာ ကြားခဲ့ဖူးတဲ့ ဗဟာဒူးခေတ်တုန်းက သီချင်းလေးကို မကြားရတာကြာပါပြီ။ ဒါကတော့ တို့ မြန်မာနိုင်ပြီ ဟေ့ တို့ မြန်မာနိုင်ပြီ ဆိုတဲ့သီချင်းပါ။ ဒါပေမယ့် ဒီခေတ် မှာ အဲဒီ သီချင်းခေတ် ပေါ်ပြီးတဲ့နောက်ပိုင်းမှာ မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမယ်ဆိုတဲ့ သီချင်းနဲ့ ခေတ်စား လာပြန်ပါတယ်။ ဒါပေမယ့် ကျွန်တော် တင်ပြလိုတာကတော့ မြန်မာ့အားကစား ကမ္ဘာကို မလွှမ်းရင်နေပါစေ။ လာအိုလောက်ကိုတော့ ဘောလုံးကစားနိုင်ရင် ကျေနပ်ပါပြီလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစောထွန်းမြအောင် က သီချင်းနဲ့ပြောသွားလို့ သီချင်းတစ်ပုဒ် သွားသတိရတယ်။ အားကစားမှာ လူရည်ချွန် တိုင်းပြည်ဝန်ကို ထမ်းရမည် ဆိုတဲ့ သီချင်းကို ကြားဖူးလားမသိဘူး။ စစချင်းမှာ တိုးတိုးလေး။ အားကစား ဆိုတဲ့။ တိုးတိုးပြောရမလိုဖြစ်နေ တယ်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၁၁။**

**ဒေါက်တာဇော်ညွှန့်အောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစား

အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များတို့ကို လေးစားစွာ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်ညွှန့်အောင်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ အိမ်ရှင်အဖြစ် လက်ခံကျင်းပ မည့် ၂၀၁၃ Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ၊ တိုင်းနဲ့ ပြည်နယ်အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေး ဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာ နပေါင်းစုံ အားကစား ပြိုင်ပွဲများအား နိုင်ငံတစ်ဝန်း ကျင်းပ လျက် မျိုးဆက်သစ် ရွှက်ပုန်းသီး အားကစားသမားများ ကို မွေးထုတ်ကာ ကြိုတင် ရွေးချယ် စခန်းသွင်း လေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့တောင်အာရှမှာ ကျွန်တော်တို့ နိုင်ငံဟာ တစ်ချိန်တုန်းကဘာလဲဆိုတော့ အားကစား လောကမှာ ထိပ်တန်း ရောက်ခဲ့တယ်။ နောက်ပြီးတော့ ဘောလုံးနဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံဟာ တစ် ချိန်တုန်းက အာရှမှာလည်းပဲ ထိပ်တန်းကို ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ တက္ကသိုလ် ကျောင်းသားဘဝတုန်းကဆိုရင် ကျွန်တော်တို့ ဟိုမှာ တီဗွီမရှိသေးဘူး။ အဲဒီအချိန်က အဲဒီတော့ ရေဒီယိုပဲ နားထောင် ရတယ်။ အဲဒီတော့ ဟိုမှာ ဗိုလ်လုပွဲရောက်နေပြီ။ ပတ်ချုံဟီး ဖလား၊ ဘာဖလား အာရှမှာ ထိပ်တန်းဖလားတွေ အဲဒီတော့ ဒီကလည်း အာရုံစိုက်၊ အဲဒီတော့ အခြားအလုပ်ကိစ္စ လုပ်ရင်တောင်မှ သီချင်းက ထွက်လာတယ်။ ဗမာနိုင်ပြီ တို့ ဗမာနိုင်ပြီ။ သတင်းမထွက်သေးဘူး။ သီချင်းအရင်ထွက်လာတယ် ဆို ဒါရပြီ။ ကျွန်တော်တို့က လက်ခုပ်ဝိုင်းတီးနေတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ နိုင်ငံရဲ့ အခြေအနေ ဟာ အားကစားလောကမှာဆိုရင် အာရှမှာ ဘောလုံးဆိုလည်း အာရှမှာ ထိပ်တန်း၊ နောက် တင်မောင်နီ တို့ ဆိုရင်လည်းပဲ ကျွန်တော်တို့ တက္ကသိုလ်မှာ ရောက်နေတဲ့အချိန်မှာ အာရှမှာ ရေကူးချန်ပီယံ။ အဲဒီတော့ နောက် ဒီ အရှေ့တောင်အာရှဆိုရင်တော့ ယနေ့ လွန်ခဲ့တဲ့ (၃)(၄)(၅)နှစ်ကအထိ ကျွန် တော် သတင်းမှာ ကြားရတယ်။ ဒီ Sea Game မှာ ဟိုတုန်းက ဘယ်လောက် ဆုတံဆိပ်တွေ ရထားလဲတော့ မသိဘူး။ Sea Game မှာ ကျွန်တော်တို့

ဗမာပြည်က အားကစားသမားတင်ထားတဲ့ စံချိန်ကို လွန်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ပြိုင်ပွဲရဲ့သမိုင်း၊ စံချိန်တွေရဲ့ သမိုင်း ကို ပြောတဲ့သတင်းမှာ နိုင်ငံခြား သတင်းမှာ ကျွန်တော် ကြားရတာ အဲဒီ ဗမာ ကျွန်တော်တို့ နိုင်ငံက အား ကစားသမားရဲ့စံချိန်ကို ဒီကနေ့ အဲဒီအချိန်တုန်းကအထိ မကြာသေးတဲ့ ဒီပွဲ လွန်ခဲ့တဲ့ တစ်ပတ် နှစ်ပတ်ကပဲ ဖြစ်မယ်။ ဒီကနေ့မတို င်ခင် လွန်ခဲ့တဲ့ပြိုင်ပွဲ Sea Game ပြိုင်ပွဲမှာ အဲဒီမှာ သူတို့ထုတ်လွှင့်ခဲ့တာ။ ကျွန်တော်တို့ နိုင်ငံရဲ့ အားကစားသမား တင်ထားတဲ့ စံချိန်ကို ချိုးမနိုင်တာ (၂)မျိုးလောက် ရှိသေးတယ်တဲ့။ အဲဒီတော့ တော်တော်ကြာပြီ။ အထပ်ထပ်အခါခါ ကျင်းပလာခဲ့တာ ချိုးမနိုင်သေးတဲ့ စံချိန်တွေ အရှေ့တောင်အာရှ အားကစား သမားတွေ ချိုးမနိုင်သေးတဲ့စံချိန်တွေ ရှိတယ်။ ကျွန်တော်တို့ နိုင်ငံကတော့ လုံးဝကပ်လို့မရဘူး။ ကိုယ်တင်ထားတဲ့စံချိန်၊ ကျွန်တော်တို့နိုင်ငံက တင်ထားတဲ့စံချိန်ကို ကျွန်တော်တို့က လုံးဝကပ်လို့ မရဘူး။ အခြားနိုင်ငံကလည်း ချိုးမနိုင်သေးတဲ့စံချိန် ရှိပါတယ်ဆိုပြီးတော့ ကြားရတယ်။

ဒါတော့ ဘာကြောင့် အဲဒီအချိန်တုန်းက ကျွန်တော်တို့ နိုင်ငံရဲ့ အားကစား ဘာကြောင့် အဲဒီလို ဖြစ်သလဲဆိုတော့ ဒီမှာ ဦးလှဆွေ တင်ပြထားတဲ့အတိုင်းပဲ ကျွန်တော်တို့ တစ်ချိန်တုန်းက ကျွန်တော်တို့ ငယ်ငယ်တု န်းကဆိုရင်လည်းပဲ မူလတန်းကျောင်း မှာကတည်းက အတန်းမှာ ကျောင်းမှာ အသင်းတွေ၊ ဘုရင့်နောင်အသင်းတို့ ရာဇာဓိရာဇ်အသင်း တို့၊ အနော်ရထာ အသင်းတို့ အဲဒီတော့ အသင်းတွေ ဖွဲ့ထားတယ်။ အသင်းတွေဖွဲ့ပြီးတော့ အားကစားကို ပြိုင်ပွဲလုပ်ပေးတယ်။ အဲဒီကျောင်းတွင်းအားကစားပြိုင်ပွဲအပြင်ကို ကျောင်းပေါင်းစုံ အားကစား ပြိုင်ပွဲ ဒါလည်း လုပ်ပေးတယ်။ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ အပြင်ကို ဘာလဲဆိုတော့ ရပ်ကွက်ကျေးရွာအလိုက် အား ကစားပြိုင်ပွဲလုပ်ပေးတယ်။ နောက် ပြီးတော့ ဒီ ကျော င်းပေါင်းစုံ လုပ်တဲ့နေရာမှာ သက်ငယ်၊ သက်လတ်၊ သက်ကြီးတန်းကျောင်းသား ဆိုတော့ အဲဒီလို ခွဲပြီးတော့ လည်းလုပ်ပေးတယ်။ နောက် ဆရာဆိုရင်လည်းပဲ ကျောင်းမှာ ကာယနည်းပြ ဆရာဆိုတာ ရှိတယ်။ ကာယနည်းပြဆရာကတော့ သူ့အလုပ်ကတော့ ကာယနည်းပြ ပဲ။ အားကစားကို သူသတ်မှတ်တဲ့အချိန်မှာ ကျောင်းသားတွေကို သူက ပြပေးတယ်။ နောက် အထူးသဖြင့် လွတ်လပ်ရေးနေ့လိုဟာမျိုးဆိုရင် ရပ်ကွက် အလိုက်၊ ကျေးရွာအလိုက်၊ မြို့နယ် အလိုက် အားကစားပြိုင်ပွဲတွေ ကျင်းပတယ်။ အဲဒီတော့ အားကစားပြိုင်ပွဲကို ဒီလိုကျင်းပပေးတဲ့အတွက်ကြောင့် လူတွေဟာ ဒီ အားကစားဘက်မှာ ကျောင်းသားတွေကအစ စိတ်ဝင်စားပြီးတော့ အားပေးမှု ကလည်းရှိတယ်။ ပျော်ရွှင်မှုကလည်းရှိတယ်။ အဲဒီတော့ စိတ်ဝင်စားပြီးတော့ လေ့ကျင့်ကြတယ်။

ဆုသိပ်မများဘူးဆိုပေမယ့် လူတွေဟာ ဒီလိုမှန်မှန်ကျင်းပပေးတဲ့အတွက် ကြောင့် ဒီအားကစား ဘက်မှာ ပိုပြီးတော့ စိတ်ပါလာတယ်။ ဒီအားကစားကြောင့် ရရှိတဲ့ အခြား အကျိုးတရားတွေတော့ အများကြီးရှိပါတယ်။ ဒါကိုတော့ မပြောလိုသေးပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ နိုင်ငံက တော်တဲ့အားကစားသမားတွေဟာ ငယ်ငယ် ကတည်းက လေ့ကျင့်မှုတွေများများရလာတာ၊ ဥပမာ ပြည်နယ်၊ မြို့နယ်ပေါင်းစုံ ခရိုင်မှာ မြို့နယ်ပေါင်းစုံ ပြည်နယ်မှာ ပြည်နယ်ပေါင်းစုံ နောက် ပြည်နယ်တိုင်းဒေသကြီး နိုင်ငံတော်အဆင့်ရောက် ပြည်ထောင်စု အဆင့်ရောက်လာတဲ့အခါမှာ တိုင်းနဲ့ပြည်နယ်ပြိုင်ပွဲ အဲဒီလို ပြိုင်ပွဲတွေ အဆင့်ဆင့် လုပ်ပေးတဲ့အခါမှာ ခုန ဦးလှဆွေ ဆိုလိုတဲ့ အဲဒီရွက်ပုန်းသီးတွေဟာ အားလုံးပေါ်လွင်တယ်။ အားလုံးပေါ်လွင်ပြီးတော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွား သလို ဘက်မလိုက်ဘဲ နဲ့ ကောင်းတာကို ကျွန်တော်တို့ ရွေးပြီးတော့ ကောင်းကောင်းလေ့ကျင့်ပေးမယ်ဆိုရင် လေ့ကျင့်ခဲ့တဲ့အတွက်ကြောင့် အဲဒီ အချိန်တုန်းက ကျွန်တော်တို့ ကောင်းကောင်းအောင်မြင်ခဲ့တယ်။

နောက် ကျွန်တော်တို့ တက္ကသိုလ်ရောက်တဲ့နှစ်တောင်မှ တက္ကသိုလ်ပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွေ ရှိကြတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံ အားကစား တိုးတက်လာအောင် ကျွန်တော်တို့ဟာ ပြန်လုပ် ဖို့သင့်ပြီ။ ဒါကိုကျွန်တော် လေးလေးနက်နက် မြင်ပါတယ်။ အားကစားဆိုတာ ဒီကနေ့ ကမ္ဘာမှာ အင်မတန်မှ ဂုဏ်ရှိတဲ့ တံဆိပ် ဥပမာ ကမ္ဘာ့အိုလံပစ်မှာ ရွှေတံဆိပ်တစ်ခု ရပြီဆိုရင် ကမ္ဘာမှာ ကိုယ့်နိုင်ငံရဲ့ အလံက ထိပ်၊ ဒုတိယ ငွေတံဆိပ်ရတဲ့ အလံက တစ်ဖက်မှာ နည်းနည်းနိမ့်တယ်။ နောက်ပြီးတော့ တစ်ဖ က်မှာ တတိယရတဲ့၊ ကြေးတံဆိပ်ရတဲ့ အလံက တစ်ဖက်မှာ နည်းနည်းနိမ့်တယ်။ ကိုယ့် အလံက အမြင့်ဆုံး၊ အဲဒီ အလံတင်တဲ့ အချိန်မှာ ကိုယ့်နိုင်ငံတော်ရဲ့ သီချင်းနဲ့ တင်ရတ ယ်။ အဲဒီတော့ ရွှေတံဆိပ်ကို ရတဲ့ နိုင်ငံကလည်း အင်မတန်မှပျော်တယ်။ နောက်သူများကလည်း ချီးကျူးတယ်။ ကိုယ့်နိုင်ငံရဲ့ နာမည်လည်း၊ ကိုယ့်နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း အင်မတန် တက်တယ်။ ဒါကြောင့် ကျွန်တော်တို့ကြည့်တော့ အားကစားဆိုတာ ဘာမှမဟုတ်သလို၊ ဒါပေမယ့် ကမ္ဘာမှာ အားကစား ဆိုတာ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို အင်မတန်မှ မြှင့်ပေးတယ်။ အင်မတန်မှ ထုတ်ဖော် ပေးတယ်ဆိုတာ ကျွန်တော်တို့လည်း အလေးအနက် ထားပြီးတော့ ကျွန်တော်တို့ တစ်မျိုးသားလုံးအနေနဲ့ ယခင်ကလို အားကစားကို တစ်မျိုး သားလုံး လှုပ်ရှားမှုပုံစံနဲ့ လုပ်ခဲ့တာ၊ ပင်ပင်ပန်းပန်းမဟုတ်ဘူး။ အားကစားလုပ်တာ ပျော်ပျော်ရွှင်ရွှင်နဲ့ တစ်မျိုးသားလုံး ပုံစံနဲ့

ယခင်က လုပ်ခဲ့သလို ကျွန်တော်တို့ ရတဲ့အချိန်လေးမှာ လုပ်မယ်။ ရွက်ပုန်းသီးတွေကို ကျွန်တော်တို့ ထပ်တွေ့ ထပ်ရလျှင် ထပ်ပြီးတော့ အချိန် တိုတိုအတွင်းမှာ လေ့ကျင့်ရင်၊ အလားအလာကောင်းတယ်ဆို လေ့ကျင့်ပြီးတော့ ဝင်ပြိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ အတွက်လည်း ဒီအကြိမ် Sea Game မှာလည်း အကျိုးရှိမယ်၊ ရေရှည် ကျွန်တော်တို့ ဆက်လုပ်သွားမယ်ဆိုရင် ခုနတု န်းက ဒေါက်တာခင်ရွှေ ပြောသွားတဲ့အတိုင်း ကျန်းမာရေး အပိုင်းအနေနဲ့ ကိုယ်ကာယကြီးထွားမှုကအစ ဆက်လက်ပြီးတော့ ကျန်းမာရေးဌာနရဲ့ အမြင်နဲ့ ဆက်လက်ပြီးတော့ လုပ်သွားမယ်ဆိုရင် ကျွန်တော်တို့ ဒီနေရာမှာ အဲဒီအပိုင်းတော့ မဆွေးနွေး တော့ဘူး။ အဲဒီလို ကျွန်တော်တို့ ဘက်စုံဆက်လုပ်သွားမယ်ဆိုရင် ကျွန်တော်တို့ဟာ အားကစားနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာကို အများကြီး တင်နိုင်ပါတယ်ဆိုတဲ့အတွက် ကြောင့် ဦးလှဆွေရဲ့ အဆိုကို ကျွန်တော်အလေးအနက် ထောက်ခံပါတယ်လို့ ပြောဆိုရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၂၀။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့ ဆုတောင်း အပ်ပါတယ်။ ကျွန်တော် ဒီအားကစားကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အကျယ်တဝင့် လေးလေးနက်နက် ကျွန်တော် မကျွမ်းကျင်လှပါဘူး။ ပညာရေးလောကမှာ နှစ် (၄၀)လောက် ဆောင်ရွက်ခဲ့တာကို အခြေခံပြီးတော့ ဒီဟာကို ကျွန်တော်အလွန် စိတ်ဝင်စားမိပါတယ်။ ဦးလှဆွေ ရဲ့ တင်ပြချက်ဟာ လောလောဆယ် အင်မတန်နီးကပ်နေတဲ့ Sea Game အတွက် အချိန်တိုတောင်းလှပေမယ့် အင်မတန်ကြီးမားပြီးတော့ မြန်မာ့အားကစားတစ်ခေတ် ဆန်းသစ်ဖို့ အတွက် မီးမောင်းထိုးပြရင်းနဲ့ လှုံ့ဆော်လိုက်တာပဲလို့ ကျွန်တော် မြင်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အခုဆွေးနွေး သွားချက်များ ကိုလည်း ပြန်သုံးသပ်ကြည့်မယ်ဆိုရင် ဦးလှဆွေ ဟာ မထောက်မညှာဘဲနဲ့ ပြတ်ပြတ်သားသား လက်ရှိရှိနေတဲ့ အခြေအနေ မှန်များကိုသော်လည်းကောင်း၊ ကျွန်တော်တို့ ဒေါက်တာခင်ရွှေ ကလည်း အလားတူ ဆွေးနွေးသွားချက်များဟာ အင်မတန်မှ သတိပြု စရာ ကောင်း လှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သည် ပညာရေးဘက်တော်သား တစ်ယောက်အနေနဲ့ ကျန်းမာ ကြံ့ခိုင်ပြီး ပညာရည်မြင့်မားရမယ်ဆိုတဲ့ ရည်ရွယ်ချက်အပေါ်မှာ အခြေခံပြီးတော့ ယနေ့ ဆွေးနွေးချက်ဟာ အခြေခံပညာ နယ်ပယ်ထဲမှာ ရှိတဲ့အချက်အလက်များကိုသာ အထူး အလေးထားပြီးတော့ ဆွေးနွေးခွင့် ပြုပါလို့ အလေးအနက်ပန်ကြားလိုပါတယ်။ ကျွန်တော်တို့ဟာ ကျန်းမာ၊ကြံ့ခိုင်ပြီးတော့ ပညာရည်မြင့်မား ရမယ်လို့ နိုင်ငံက မျှော်လင့်ပေမယ့် ကျန်းမာတာ၊ ကြံ့ခိုင်တာတွေဟာ အားလုံး ပျောက်ကွယ်နေပြီးတော့ ပညာရည်မြင့်အောင်ဆိုပြီး ကလေးတွေ ဘာသာစုံဂုဏ်ထူးထွက်ဖို့ တစ်ယောက် တစ်ယောက်အသာ စီးရဖို့ တစ်ယောက်နဲ့ တစ်ယောက် ပညာတော်ပါတယ်ဆိုပြီးတော့ ကလေးတစ်ယောက် ရဲ့ အရည်အချင်းကို စာမေးပွဲနဲ့သာ ဆုံးဖြတ်ရင်းနဲ့ အဆုံးသတ်နေတဲ့လောကကတော့ အခြေအနေကတော့ ကြီးမားသော အပြောင်းအလဲ တစ်ခုကို မျှော် လင့်နေပြီ ပြောင်းသင့်နေပြီ ဆိုတဲ့အချက်ကို ဦးတည်နေပါတယ်။ ကနေ့ ဆွေးနွေးချက်သည် ပညာရေးနဲ့ များစွာဆက်စပ်နေကြောင်း ဖော်ညွှန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးလှဆွေ ကတော့ ၂၀၁၃ ခုနှစ် Sea Game မှာ အခြေခံပညာ၊ အဆင့်မြင့်ပညာ အားကစားပြိုင်ပွဲတွေကို ကျောင်းအဆင့် တက္ကသိုလ်အဆင့်တွေမှာ လုပ်ပြီးတော့ တိုင်းနဲ့ပြည်နယ်တွေမှာလည်း ကျင်းပပေးပြီးတော့ ဝန်ကြီး ဌာနပေါင်းစုံလည်းလုပ် မျိုးဆက်သစ် ရွက်ပုန်းသီးတွေ ပေါ်ထွက်ဖို့ ကြိုးပမ်းမယ်ဆိုတဲ့ အချက်အလက်များနဲ့ အခြေခံပညာနဲ့ အဆင့်မြင့်ပညာနဲ့တိုင်းတွေ ပြည်နယ်တွေအဆင့်ကတော့ အချိန် အလွန်တိုတောင်းသွားပါပြီ၊ ဒေါက်တာခင်ရွှေ ဆွေးနွေးသွား သလို အားကစားကိစ္စက ခုထ လုပ်လို့ရတဲ့ ကိစ္စမျိုး မဟုတ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ အနာဂတ်အတွက် ပြင်ဆင်ရပါ တော့မယ်။ သ မိုင်းဆိုတာ အတိတ်ကဖြစ်ရပ်တွေကို သင်ခန်းစာယူပြီးတော့ မျက်မှောက်ခေတ်နဲ့ ထင်ဟပ်ပြီးတော့ အနာဂတ်ကို အကောင်းဆုံးချီ တက်ရမှာ သမိုင်း လို့ဆိုတဲ့ စကားအတိုင်း အားကစားရဲ့ သမိုင်းတစ်ခေတ်ကိုဆန်းသစ်ဖို့ ကျွန်တော်တို့ ပြင်ရပါတော့မယ်။ ကြီး မားတဲ့ အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ အားကစားဝန်ကြီးဌာနကပဲ ဦးဆောင်၍ ဖြစ်စေ၊ ရေးဆွဲပြီးတော့

ပြည်သူတစ်ရပ်လုံး ပါဝင်လာတဲ့ အမျိုးသားရေးအားကစား တစ်ခေတ် ဆန်းသစ်မယ့် အမျိုးသားရေးတာဝန်တစ်ရပ်ကို ရေးဆွဲဖော်ထုတ်ကြဖို့ လိုအပ်ပြီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာမှုနဲ့ကြံ့ခိုင်မှုကို အလေးအနက်မထား ဘဲနဲ့ စာမေးပွဲစစ်ဆေးတဲ့ ပညာရည်နောက်ကိုသာ တစ်ကောက်ကောက်လိုက်နေကြတဲ့ မိဘတွေနဲ့အဲဒီ တစ်ကောက်ကောက်လိုက်နေတဲ့နောက်ကိုပဲ သဘောတူရင်းလိုက်နေတဲ့ ဆရာတွေရဲ့အခန်းကဏ္ဍ၊ ကနေ့လူကြီးတွေ နေရာမှာအသီးသီး ရောက်နေတဲ့ပုဂ္ဂိုလ်တွေဟာ ကိုယ်သေသွားရင် ချန်ထားခဲ့ကြမယ့် သားတွေ၊ သမီးတွေရဲ့ အနာဂတ်အရေးမှာ စာမေးပွဲနောက်တစ်ကောက်ကောက်လိုက်ရင်းနဲ့ သူ့ကလေးရဲ့ သက်တမ်းစေ့ မနေရမယ့် ဘဝကို ဦးတည်လျှော က်လှမ်းနေသလားဆိုတဲ့ အတွေးအသိကို မစဥ်းစား ဘဲ နေကြလေရော့သလားဆိုတဲ့ ပူပင်မှုတစ်ခု ကျွန်တော်ဖြစ်မိပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးတွေရဲ့ အနာဂတ်ကို လုံးဝတာဝန်ယူ ထားကြတာကတော့ ကနေ့မိဘတွေ၊ ကနေ့ ဆရာတွေ၊ ကနေ့လူကြီးနေရာမှာ ရောက်နေကြတဲ့ ပုဂ္ဂိုလ်အသီးသီး၏ အားလုံးရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဒီကလေးတွေကို လူ့လောကမှာ နိုင်ငံသားကောင်းတွေ လူတစ်လုံးသူတစ်လုံးနဲ့ ထားခဲ့ရစ်ရင်းနဲ့ ကျွန်တော်တို့ လူ့ လောကက ထွက်ခွာသွားကြရမယ့်တာဝန်ဟာ လူ့ဘဝခရီးစဥ်ရဲ့ ဖြစ်စဥ်ပဲ ဖြစ်ပါ တယ်။ ဒီကလေးတွေဟာ ခေတ်ကာလ သတ်မှတ်ချက်အရ စာတွေတော်ပြီးဘာသာစုံဂုဏ်ထူးတွေထွက်တာနဲ့ ကျေနပ်ပြီးတော့ သက်တမ်းစေ့မနေရမယ့် သားတွေသမီးတွေမြေးတွေ ချန်ရင်းနဲ့ ကျွန်တော်တို့ ဒီလူ့ လောကကို ထွက်ခွာသွားမယ်ဆိုရင် အလွန်တာဝန်မကျေတဲ့ မိဘတွေနဲ့လူကြီးတွေအဖြစ်နဲ့ မှတ်ယူရမည့်အထိ တွေးမိပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့အခါမှာ အနာဂတ်ကို ကျွန်တော်တို့ကို ပခုံးပြောင်းတာဝန် ယူကြရမယ့်ကလေးတွေဟာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အခြေခံပညာကျောင်းများနဲ့ တက္ကသိုလ် အားလုံးမှာ စုဝေးစုစည်းမိနေကြပါပြီ။ ဒီကလေးတွေ အားလုံးစုဝေးနေကြတဲ့ ကလေးတွေကို သူ့အဆင့်အချိန်အရွယ်အလိုက် ကျွန်တော်တို့ ဘာလုပ်ပေးနိုင်မလဲ၊ ဘာလုပ်ပေးမလဲဆိုတဲ့အချက်က ကျွန်တော်တို့ လက်ဆင့်ကမ်းမယ့် အရေးကြီးဆုံးသော အချက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သူ့အသက်အရွယ်အပိုင်းအခြားနဲ့ လူ့ခန္ဓာကိုယ်ဟာကြီးထွားရတာဖြစ်တဲ့အတွက်ကလေးအရွယ်၊ မူလတန်းအရွယ်မှာ လေ့ကျင့်ရမယ့်

ကျန်းမာရေးဆိုင်ရာအခြေအနေနဲ့ အလေ့အကျင့် များကို မလုပ်ဘဲနဲ့ အရွယ်လွန်မှ လုပ်ရင် အလယ်တန်း၊ အထက်တန်းအလားတူ လုပ်ရင် ကလေးတွေရဲ့ ခန္ဓာ ကိုယ်လိုအပ်ချက်နဲ့ ပြည့်စုံမှာမဟုတ်တဲ့အတွက်ကြောင့် ကျောင်းတွေမှာ အဆင့်ဆင့် အဆင့်ဆင့် သူ့အရွယ်အစား အလိုက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်မှာ အသီးသီးလေ့ကျင့်ပျိုးထောင် ပေးသွားရမှာ ကျွန်တော်တို့ရဲ့ အဓိကတာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ သတင်းစာ၊ စာစောင်တွေ ကြည့်တိုင်းကြည့်တိုင်း ကျွန်တော်တို့နိုင်ငံက ခေါင်းဆောင်ကြီးများနှင့်တကွ၊ တာဝန်ရှိပုဂ္ဂို လ်တွေဟာ နိုင်ငံခြား တိုင်းပြည်က ပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံတဲ့အခန်းမှာ ဓာတ်ပုံမြင်လိုက်တိုင်းမြင် လိုက်တိုင်း ရင်ထဲမှာ ပူမိပါတယ်။ အနာဂတ် မှာ ကျွ န်တော်တို့ထက်အရပ်အမောင်းမြင့်မားပြီးတော့ ကြံ့ခိုင်နေတဲ့ ခေါင်းဆောင်တွေနဲ့ ကျွန်တော်တို့ ဘက်က အခုအချိန်အရွယ်အထိ အများကြီး ထွားကျိုင်းသန်မာ သေးတယ်ဆိုတဲ့ ကျွန် တော်တို့ခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ ကကြည့်ရင်ပင် အနာဂတ် အတွက် ရင်လေးသလို ဖြစ်ရမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျန်းမာရေးကို အလေးပေးပြီးတော့ ကလေးတွေကြားထဲမှာ လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုပဲ ဦးတည်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက် ဝန်းကျင်လောက်မှာ ဆိုရင် ဂျပန်တွေကို ငပုလို့ ခေါ်ခဲ့ကြတယ်။ အဲဒီတုန်းက ကျွန်တော် တို့ထက် အရပ်ပုပြီးတော့ ကျွန်တော်တို့ ခန္ဓာကိုယ်တည်ဆောက်မှုကို မမီ လောက်တဲ့အနေအထားကို တွေ့ခဲ့ကြတဲ့ အတွက်ကြောင့် ဒီအမည်ကို ခေါ်ခဲ့တယ်လို့ ကျွန်တော် မှတ်ယူမိပါတယ်။ ခေတ်ကာလ ပြောင်းလဲသည်နှင့်အလျှောက် အခုအခါမှာ ဂျပန်တွေဟာ ကျွန်တော်တို့ ထက် အရပ်အမောင်း မြင့်ချင်မြင့်မမြင့်ရင် ခိုင်မာတဲ့ကြံ့ခိုင်တဲ့ ခန္ဓာ ကိုယ်တည်ဆောက်မှုတွေ ကျန်းမာကြံ့ခိုင်တဲ့ တည်ဆောက်မှုကို ရနေကြပြီးတော့ နိုင်ငံအတွက်ကြီးစွာသော အလုပ်အကျွေး ပြုနေနိုင်တဲ့ အနေအထားကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ငယ်စဉ်ဘဝမှာ စာပြီးစာနဲ့တစာစာနဲ့နားချိန် အားချိန်တောင် ပျော် ရွှင်ချိန်တောင် မရလောက်အောင် စာနဲ့စာကိုသာ ကလေးတွေ ဘဝထဲမှာ ပေးသွင်းထားကြတဲ့ ကနေ့ ကျွန်တော်တို့ မိဘတွေ၊ လူကြီးတွေရဲ့ အခန်းကဏ္ဍဟာ အလေးအနက် ပြန်စဉ်းစားရမယ့် အချိန်ကို ရောက်ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးလှဆွေ ရဲ့ Sea Game ကိုသာ ဦးတည်တဲ့ အချက် ဟာ အခုလုပ်ရမယ့်လုပ်ငန်း မဟုတ်ဘဲနဲ့ ရေရှည်မျှော် မှန်းရမယ့် လုပ်ငန်းတစ်ရပ် ဖြစ်နေတဲ့ အတွက်(၅)နှစ်စီမံကိန်းတစ်ခု ရေးဆွဲမယ်ဆိုရင်တောင် (၁၃)နှစ်သား အရွယ်ရောက်နေတဲ့ အလယ်တန်းကျောင်းသားတစ်ယောက်ဟာ(၁၈)နှစ်သား ဖြစ်ပြီးတော့ မဲပေးနိုင်တဲ့ လူကြီးဘဝ ကို ဥပဒေအရ ကူးပြောင်းတဲ့ အချိန်မှာ ဘယ်လိုအရွယ်အစားနဲ့ ဘယ်လိုကိုယ်ခန္ဓာမျိုးနဲ့ ဘယ်လို အသိအတွေးရှိနေမယ့် လူသားအရွယ်မျိုး ဖြစ်နေသလဲဆိုတဲ့ အချက်ကိုထည့်ပြီးတော့ ထည့်သွင်း မစဉ်းစားပဲ မသင့်တော်ကြောင်းကို ကျွန်တော်အကြံပြုလိုပါတယ်။ အလားတူပဲ ကနေ့ မူလတန်း အရွယ်မှာရှိနေတဲ့ (၈)နှစ်အရွယ် သမီး /သားတို့ဟာ နောက် (၁၀)နှစ်အကြာမှာ (၁၈)နှစ် သမီး/သားအရွယ်ရောက်လို့ရှိရင် နိုင်ငံအတွက် ဘယ်လိုခြေလှမ်းမျိုးနဲ့ ဆက်လက်ခြေလှမ်းနိုင်ဖို့ အတွက်ဥပဒေဘောင်က လူကြီးဘဝကို တွန်းပို့လိုက်ပြီ လဲဆိုတဲ့ အခြေအနေကို ဆန်းစစ်ရမယ့် အခြေအနေလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့ ကျွန်တော်တို့ပညာရေးမှာ တကယ့် ကျွန်တော်တို့ ချီးကျူး ရမယ့် လူရည်ချွ န်တွေ၊ အတိတ်ဘဝက ပညာရေးမှာ မြော က်စားခဲ့တဲ့ လူရည်ချွန်တွေ ဘာသာစုံဂုဏ်ထူးရှင်တွေဟာ နို င်ငံရဲ့ ရှေ့တန်းမျက်နှာမှာ စီးပွားရေးမျက်နှာစာ ဦဖြစ်စေ၊ နိုင်ငံတော်အုပ်ချုပ်မှုမျက်နှာစာ မည်၍မည်မျှ ဒီလူရည်ချွန်နဲ့ ဂုဏ်ထူး ရှင်တွေ ရောက်လာသလဲ ဆိုတဲ့အချက်အလက်ဟာလည်း တစ်တွဲတည်း စဉ်းစားရမယ့် အချက် အလက်တွေဖြစ်နေပါ တယ်။ ဒါကြောင့်ကလေးတွေ ပြုစုပျိုး ထောင်တဲ့နေရာမှာ ဒီလိုပညာရေးဆိုတဲ့ နေရာမှာ ကလေးရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကိုပါ အလေးအနက်ထားပြီးတော့ သယ်ဆောင် သွား ရမယ့်အစား စာမေးပွဲကိုအခြေခံရင်းနဲ့ကလေးတွေ ကျန်းမာ ကြံ့ခိုင်မှုကို အလေးအနက် မထားမိရင်နဲ့ ကျွန်တော်တို့ ဖြတ်သန်းနေ မိသလားဆိုတဲ့အချက်ကို စဉ်းစား ရပါလိမ့်မယ်။ နိုင်ငံတော်အဆင့် ဆုပေးပွဲတွေ မြောက်မြားစွာမှာ ကျွန်တော်ဟာစင်မြင့်ပေါ်မှာ နောက်တန်းက ကူညီပေးရင်းနဲ့ ဆောင်ရွက်ခဲ့ဘူးပါတယ်။ အဲဒီအချိန်အခါမှာ အမြင့်ဆုံးဆုကို ဆွတ်ခူးရရှိတဲ့ကလေးဟာ မျက်မှန်အထူကြီးကို တပ်ဆင်ပြီးတော့ သူ့ ကိုဆုချီးမြှင့်မယ့် နိုင်ငံခေါင်းဆောင်ကြီး ဆီကိုတောင် မှန်ဝါးဝါးနဲ့လျှောက်လှမ်းရင်းနဲ့ ဆုယူခဲ့တဲ့ မြင်ကွင်းမျိုး မြော က်မြားစွာ ကျွန်တော် တွေ့ကြုံခဲ့ဖူး ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံအတွက် ဒီသား တွေ၊ သမီးတွေကို ကျွန်တော်တို့ လက်ဆင့်ကမ်းအားကိုးရာမှာ သူတို့မကျန်းမမာပဲနဲ့ သက်တမ်းစေ့မနေနိုင်ပဲနဲ့

ပညာတော်ပါတယ်ဆိုတဲ့ဂုဏ်တစ်ခုနဲ့ ကျွန်တော်တို့ အဆုံးသတ်သွားတော့မလားဆိုတာအရေးကြီး လှပါတယ်။ ဒါကြောင့် ဘယ်လိုပြုပြင်ပြောင်းလဲသွားမလဲဆိုတဲ့ အချက်အလက်က အလေးအနက် စဉ်းစားကြရပါတော့မယ်။ အခုလက်ရှိပညာရေးမှာ ကာယဆရာ /ဆရာမများ ရှိနေကြပေမယ့် သင်ကြားရေးဘက်ကိုသာ ကူးပြောင်းပြီးတော့ ပညာနောက်ကိုပဲ တကောက်ကောက်လိုက် ရင်းနဲ့ ကာယဆရာတွေ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အလားအလာကနေ လာမည့်ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနကကျောင်းတိုင်းမှာ ကာယကိစ္စကိုအလေးအနက်ဆောင်ရွက်သွားကြတော့မယ် ဆိုတဲ့သတင်းကြားရလို့လည်းဝမ်းမြောက်ပီတိမဆုံးဖြစ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၁၉၈၀ ခုနှစ်ဝန်းကျင်လောက်တုန်းက ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ ကာယအတွဲ (၁)နှင့် (၂)အပါအဝင်၊ ဒီဇင်ဘာအားကစားလမှာ ကျောင်းတွေကပါဝင်ပြီးတော့ အား ကစားလှုပ်ရှားခဲ့ရင်းနဲ့ မြန်မာ့သမိုင်းမှာ တစ်မျိုးသားလုံး အားကစားလှုပ်ရှားခဲ့တဲ့ ကာလကြီးတစ်ခုကို အထူးသတိရမိ ပါတော့တယ်။ ကျွန်တော်ဟာ ဆရာ/ဆရာမများနဲ့အတူ တပည့်တွေနဲ့အတူ ဒီကွင်းကြီးတစ်ခု ထဲမှာကလေးတွေနဲ့ အားကစား လှုပ်ရှားခဲ့ရတဲ့အချိန်ဟာ ပျော်စရာကောင်းလှပါတယ်။ အခုအခါ ကလေးတွေဟာ ဒီလို အားကစားနဲ့ သူ့ကျန်းမာမှု၊ ကြံ့ခိုင်မှု၊ ပညာရည်မြောက်မှု အလေးအနက် အထောက်အပံ့ ဖြစ်စေမယ့် ဖြစ်ရပ်များကို ဦးတည်ရမယ့်အစား မြန်မာ့ယဉ်ကျေးမှုကို ပျက်ယွင်းစေတဲ့ လုပ်ရပ်များနဲ့ ဝတ်စားဆင်ယင်မှု နောက်ကို တကောက်ကောက်လိုက် ပါ သွားကြပါပြီ၊ အသည်းတွေ ကွဲပြီး၊ နှလုံးတွေ ပြုတ်ပြီးတော့ ရစရာမရှိ လောက်အောင် ဒုက္ခတွေကြုံတဲ့ တေးသီချင်းတွေဆိုရင်းနဲ့ အ နောက်တိုင်းဆီ သို့ ဦးတည်ပြီးတော့ တေးသီ ချင်းတွေ မြန်မာ့ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ တေးသီ ချင်းတွေဆိုရင်းနဲ့ အဲဒီနောက်ကို တကောက်ကောက် လိုက်သွားကြပါပြီ၊ အားကစားလောကနဲ့ ကလေးကို ကောင်းစွာဖမ်းစားနိုင်တဲ့အချက်ဟာ ဘယ်သူမှ မငြင်းကွယ်နိုင်တဲ့ အချက်ဖြစ်ကြောင်း အလေးအနက် တင်ပြလို ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အချိန်ကိုငဲ့၍ အနာဂတ်မှာ အားကစားတစ်ခေတ်ဆန်းသစ် လာဖို့အတွက် ကနေ့ ဦးလှဆွေ ကနေ အစပျိုးပြီးတော့ မီး မောင်းထိုးပြလိုက်တယ်လို့ ကျွန်တော် ယူဆမိပါတယ်။ ဒါကြောင့် အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ်များအပါအဝင်အများစု လူငယ်များ စုဝေးရာ၊ စုစည်းလျက်ရှိတဲ့နေရာများမှာ အားကစားမြှင့်တင်နိုင်မယ့် အလားအလာနဲ့ အခွင့်အလမ်းများကို နိုင်ငံတော်အဆင့် ကျွ န်တော်တို့ အမျိုးသားရေးစီမံချက်တစ်ရပ်အနေနဲ့

အလေးအနက်ဆောင်ရွက်သင့်ပါကြောင်းကိုလည်း အကြံပြုလိုပါတယ်။ ဒါကြော င့် ဦးလှဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)ရဲ့ အိမ်ရှင်အဖြစ်နဲ့ လက်ခံ ကျင်းပမည့် ၂၀၁၃ ခုနှစ်၊ Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်ပြီး တော့ အခြေခံပညာ၊ အဆင့်မြ င့်ပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ တိုင်းနဲ့ပြည်နယ် အားကစားပြိုင်ပွဲများ ၊ ကာကွယ်ရေး ဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်း ကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမား များကို ဖော်ထုတ်ကာ ကြိုတင် ရွေးချယ်စခန်းသွင်း လေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက် ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးများစွာ တင်ပါ တယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၄။**

**ဥက္ကဋ္ဌ**။ ။ ခင်ဗျားတို့ စိတ် ပူနေကြတာ ၂၀၁၃ Sea Game အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့အခါမှာ တံဆိပ်တွေ၊ ဆုတွေမရမှာ စိတ်ပူနေကြတယ် မဟုတ် လား။ အဲဒါဆို လွယ်လွယ်လေးပဲ၊ အား ကစားပေါင်းစုံမှာ ကိုယ်ရနိုင်လောက်တဲ့ အချိန်ကျမှ အိမ် ရှင်အဖြစ် လက်ခံလိုက်ရင်ပြီးတာပဲ မဟုတ်လား။ ခုတော့ အလကား ထိုင်ပြီးတော့ စိတ်ပူနေကြတယ်။ အဆိုနဲ့ စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဖြေရှင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၅။**

**ဦးအေးမြင့်ကြူ (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ လို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ တင်သွ င်းတဲ့ အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၁၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ Sea Game ပြိုင်ပွဲမှာ ရည်ရွယ်ပြီးတော့ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းနှင့်ပြည်နယ် အားကစား ပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင်၊ ဝ န်ကြီးဌာနပေါင်းစုံ အားကစားပြိုင် ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများကို မွေးထုတ်ကာ

ကြိုတင်ရွေးချယ် စခန်းသွင်းလေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းလာသည့်အတွက် များစွာကျေးဇူးတင်ရှိပါတယ်။ ကျေးဇူးတင်ရှိကြောင်း ပြောကြားရင်းနဲ့ပဲ ဒီအဆိုကိုဝန်ကြီးရဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီနေ့အဆိုအပြင်ကို ထပ်ဆင့်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်(၄)ယောက်ရဲ့ ဆွေးနွေးချက်များကို နားထောင်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ကဏ္ဍက (၂)ပိုင်း ဖြစ်ပါတယ်။

ပထမ ကျွန် တော့်ရဲ့ ရှင်းလင်းဖြေကြားချက်ကို စာနဲ့ ကျွန်တော် ဖတ်ကြားပြီးတော့မှ ကျန်တာ ကိုတော့ရင် ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုကို ဥက္ကဋ္ဌကြီးက ခွင့်ပြုရင် နည်းနည်းလေး ကျွန်တော် စကားပြောပြဟန်နဲ့လည်း ဆွေးနွေးလိုပါတယ်။ အဲဒီတော့ (၂)ပိုင်းတွေ့ရာမှာ ပထမတစ်ချက် ကတော့ ၂၀၁၃ ခုနှစ်၊ Sea Game ပြိုင်ပွဲမှာ ကျွန်တော်တို့ အောင်မြင်ရေးပေါ့။ ဒုတိယတစ်ချက်ကတော့ အနာဂတ်အားကစားကဏ္ဍဖွံ့ဖြိုးရေးအတွက်ကို ပညာရေးနဲ့ဆက်စပ်တဲ့ ကိစ္စ၊ ဒီ(၂)ချက်ပဲရှိတယ်ဆိုတာကို ကျွန်တော် တွေ့ပါတယ်။ အဲဒီတော့ အားကစား ဝန်ကြီးဌာန အနေနဲ့ ပထမ စာနဲ့ပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြလိုပါတယ်။ အားကစားဝန်ကြီး ဌာနအနေနဲ့ ၂၀၁၃ ခုနှစ်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့်(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲမှာ ထိုက်တန်စွာ အောင်မြင်မှုရရှိစေရေးအတွက် ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ ဒေါက်(၅)ဒေါက်လို့ ကျွန်တော်တို့သုံးထားပါတယ်။ အခြေခံအားဖြင့် ကျင်းပမယ့်ပြိုင်ပွဲ ပုံစံ(၅)မျိုး ဆိုလိုခြင်းဖြစ်ပါတယ်။ ပုံစံဖြင့်ဆောင်ရွက်လျက် ရှိပါတယ်။ ပထမ ဒေါက်တိုင် အဖြစ်နဲ့ကတော့ ပထမဆုံး ကျွန်တော်တို့ရဲ့ မဏ္ဍိုင်ကြီး ကြီးပေါ့လေ။ အားကစားအဖွဲ့ချုပ် အသီးသီးမှ ရွေးချယ်ထားကြတဲ့ ပဏာမလက်ရွေးစင် အားကစားသမားများကို စခန်းသွင်း လေ့ကျင့်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ အားကစားအဖွဲ့ချုပ်ပေါင်း(၄၀)ရှိပါတယ်။ လာမယ့်၂၀၁၃ခုနှစ်အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးကို ကျွန်တော်တို့ သာမန် အားဖြင့် အဖွဲ့ချုပ်(၂၈)ခုက နေပြီးတော့မှ (၃၂)ခုအထိလျာထားလျက်ရှိပါတယ်။ Sea Game ပြိုင်ပွဲမှာ ဟိုတစ်ချိန်တုန်းက ကျွန်တော်တို့ အိမ်ရှင်အဖြစ် ကျင်းပခဲ့သလိုမျိုး (၁၃)မျိုး(၁၄)မျိုး မဟုတ်တော့ဘဲနဲ့၊ Compulsory အနည်းဆုံး (၂၂)မျိုး ကျင်းပရမှာဖြစ်ပြီးတော့ အထက်ကတော့ မိမိတို့ဆန္ဒရှိတဲ့ ပြိုင်ပွဲမျိုးတွေကို ရွေးချယ်ယှဥ်ပြိုင်နိုင်ပါတယ်။ ဒီနေရာမှာ ဒေါက်တာခင်ရွှေ ပြောသွားသလိုပါပဲ။ International Olympic Games တွေဖြစ်တဲ့ ဒီ Sea Game ဖြစ်တဲ့ပြေးခုန်ပစ်နဲ့ ရေကူးအားကစားပြိုင်ပွဲကတော့ Compulsory မပြိုင်မနေရ ပါကို

ပါရပါမယ်။ ဒီဟာတွေဟာ စံချိန်ကို အခြေပြုထားတဲ့ အားကစားနည်း(၂)ရပ်ဖြစ်တဲ့အတွက် ဒိုင်လူကြီးများရဲ့မျက်နှာသာပေးမှု လုံးဝမရနိုင်တဲ့ အားကစားနည်းတွေ၊ လူရဲ့စွမ်းရည်ကိုသာပြတဲ့ အားကစားနည်းတွေ၊ နည်းစနစ်ပြရတဲ့ အားကစားနည်းတွေ ဖြစ်တဲ့ အတွက် ဒီ (၂)ခုကတော့ တကယ်တော်သူများသာ အခွင့် အရေးသာတဲ့ အားကစားနည်း (၂)မျိုးဖြစ်လို့ ဒါကိုထိန်း ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာဆိုရင် ပြေးခုန်ပစ်အားကစားနည်း(၄၆)မျိုး၊ ရေကူးအားကစားနည်း အနေနဲ့(၄၂)မျိုး ၊ ဒီဟာကို ပါပါတယ်။

အဲဒီတော့ ကျွန်တော်တို့က လာမယ့် ၂၀၁၃ မှာ မှန်းထားတာက (၂၈)ခုကနေ (၃၂)ခုအထိ မှန်းထားပါတယ်။ အောင်နိုင်ရေးအတွက် ကတော့ ခုနက ဒေါက်တာခင်ရွှေ ပြောသလိုပါပဲ။ အနိုင်ရဖို့ နဲ့ အနိုင်ယူဖို့ဆိုတဲ့ကိစ္စတွေမှာ အနားနီးတဲ့အခါမှာ အနိုင်လည်းရစေ၊ အနိုင်လည်းယူစေဆိုတဲ့ကိစ္စ မျိုးဖြစ်အောင်လို့ကတော့ သူတို့ရဲ့ By Event , By Number လို့ခေါ်တဲ့ အားကစား အမျိုးအစားနဲ့ အားကစားသမားအရေ အတွက်ကို တောင်းဆိုပြီးတော့မှ ကျွန်တော်တို့က တရား ဝင်ဆုံးဖြတ်ခွင့် ရှိပါတယ်။ ဒါသက်ဆိုင်ရာ နိုင်ငံတွေ အသိပေး ဆုံးဖြတ်ပြီးတော့မှ ကန့်သတ်လို့ ရတာကို ကန့်သတ် ပြီးတော့မှ ခွင့်ပြုလို့ရတာကို ခွင့်ပြုရမ ယ့် ကိစ္စတွေရှိပါတယ်။ ဥပမာ ပြီးခဲ့တဲ့ (၂၆) Sea Game မှာ (၂၆)မတိုင်မီ (၂၅)လာအို Sea Game တုန်းက လာအိုတွေက လှေလှော်မကျွမ်းပါဘူး။ ရေလည်းမရှိဘူး။ အဲ ဒီတော့သူတို့က ဒီရိုးရာလှေကို (၃)မျိုးပဲ ကျင်းပတယ်။ ရိုးရာ လှေကို ထည့်သွင်းမကျင်းပခဲ့ပါဘူး ။ အဲ ဒီတော့ ကျွန်တော်တို့က လှေနဲ့ပတ်သက်ပြီး ရွှေလည်းမရခဲ့ဘူး။ ထိုင်းမှာတုန်းကတော့ (၃)မျိုးပဲ ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့ (၂)ခုထင်တယ်။ ကျွ န်တော်ကတော့ အဲဒီကဏ္ဍကို မယူခဲ့ရလို့ အလွတ်မရလို့ ကျွန်တော့် ကို ခွင့်လွှတ်ပါ။ အင်ဒိုနီးရှား Sea Game ကြတော့ အင်ဒိုနီးရှားတွေက ရိုးရာလှေမှာ သူတို့က တူးမြောင်းကြီးတူးပြီးတော့မှ (၁၀)မျိုးလောက် ထည့်ပါတယ်။ သူတို့လည်း အားသာတော့ ဒီဟာကို သူတို့မှန်းခဲ့ပါတယ်။ နောက် တကယ်ပြိုင်တဲ့အခါကျတော့ မြန်မာက(၉)ခုနဲ့ ဖိလစ်ပိုင်က(၁)ခုယူသွားတော့ အင်ဒိုနီးရှား ဝန်ကြီးက နောက်ကျွန်တော်တို့တွေ့တဲ့အခါမှာတောင် မြန်မာကို ဖိတ်ခေါ်မိတာ မှားပါတယ်လို့ သူကရယ်စရာအဖြစ်နဲ့လည်း ပြောပါတယ်။

ကျွန်တော် တင်ပြလိုတဲ့ သဘောကတော့ ကိုယ်အားသန်ရာကို ပြင်ဆင်ထားပြီးတော့မှ အဲဒါကို လိုအပ်သလို ထည့်သွင်းနိုင်တဲ့ အခွင့်အရေးကတော့ ဒါကျွန်တော်တို့မှာ ရှိပါတယ်။ အဲဒီတော့ ဒီဟာတွေနဲ့ ပတ်သက်လို့ အဖွဲ့ချုပ်တွေဟာ ရန်ကုန်မှာလည်း ပြန်လည်ပြီးတော့ စတင်ပြီးတော့ စခန်းသွင်းနေပါပြီ။ ကျွန်တော် ဒီနေ့မနက်ပဲ ပြ န်ရောက်ပါတယ်။ အားကစား အဖွဲ့ချုပ်တွေကို အစည်းအဝေး ထိုင်နေတာထက် ထိုင်နေတဲ့အပြင်ကို ကို ယ်တိုင်လိုက်ပြီးတော့မှ တွေ့ပါတယ်။ တွေ့ပြီးတော့ သူတို့ရဲ့ အနာဂတ်ကိစ္စ ပြင်ဆင်မှု တွေ၊ သူတို့ရဲ့ လေ့ကျင့်မှုတွေ ၊ လူသစ်စုဆောင်းမှုတွေ၊ သူတို့စီမံခန့်ခွဲမှုတွေ၊ သူတို့ရဲ့အသုံးစရိတ်တွေ၊နောက် Sea Game ကျင်းပတဲ့အခါမှာ သူ တို့အဖွဲ့ချုပ် တစ်ခုချင်းအလိုက် အိမ်ရှင်အဖြစ် လက်ခံဖို့အတွက် စီမံဖို့အတွက်ရော ဒီဟာ အခြေအနေနဲ့ အတွေ့အကြုံရှိပါရဲ့လား။ နောက် အစိုးရက ဘာတွေ ပံ့ပိုးရပါ့မလဲဆိုတာတွေကို လိုက်ပြီးတော့ ကျွန်တော်တို့ဆွေးနွေးလျက် ရှိပါတယ်။ ကျွန်တော်တို့ အားလုံးအဖွဲ့ချုပ် (၁၃)မျိုး ပြီးသွားပါပြီ။ နောက်အပတ်ထဲမှာထပ် ပြီးတော့ တွေ့ရပါအုံးမယ်။ အဖွဲ့ချုပ်တွေရဲ့ ကြိုးပမ်းမှုတွေကို ကျွန်တော်တို့က လစ်လျူရှုထားလို့ မရပါဘူး။ ကျွန်တော်က စာလေးလည်းရေးပြီးတော့မှ မြင့်မြတ်သော ဂုဏ်ရှင်များဆိုပြီးတော့မှ သတင်း စာမှာ ထည့်ပေးခဲ့ပါတယ်။ မနေ့ကဆိုလို့ရှိရင် ကျွန်တော်တို့ ဝူရှူးအတွက် ဒေါက်တာစိုင်း ဆမ်ထွန်းနဲ့ တွေ့တဲ့အခါမှာ ဒေါက်တာခင်ရွှေ တင်ပြခဲ့သလိုပါပဲ မြွားမှာ ဒေါက်တာကြီးအနေနဲ့ များစွာသုံးစွဲ ခဲ့သလို၊ ဒေါက်တာစိုင်း ဆမ်ထွန်းရဲ့ ကုန်ကျစရိတ်ဟာ ဝူရှူးမှာ တစ်လကို သိန်း (၁၂၀)ရှိတယ်။ ဒါပြီးခဲ့တဲ့နှစ်ကဆို ဝူရှူးတစ်ခုပဲ ရပါတယ်။ သမိုင်းမှာဆိုရင် ဝူရှူးဟာ (၃)ခုနဲ့ (၄)ခု အထိပဲ ရခဲ့ဖူးတယ်။ ပြီးခဲ့တဲ့ နှစ်က တစ်ခုပဲ။ ဒါပေမယ့် သူက လာမဲ့ အိမ်ရှင်အဖြစ်မှာတော့ ဗိုလ်ချုပ်ရေ (၆)ခုလောက် အနည်းဆုံး ရအောင် သွန်ရတော့မယ်။ ရလည်းရအောင်လုပ်မယ်။ ယူလည်း ယူနိုင်အောင်လုပ်ရမယ်။ ပြိုင်ယှံတင် မကဘူး၊ ပေါင်းရတာလည်း ရှိပါတယ်လို့ ပြောပါတယ်။ သူတို့စိတ်ချလက်ချ ၂၀၁၃ အထိမှာ ဒါကျွန်တော်တို့ကိုတော့ ယုံကြည်ထားပါလို့ ပြောပါတယ်။ ၂၀၁၃ ပြီးရင်တော့ ကျွန်တော်တို့ ဒီနေရာမှာ လွှတ်တော်မှာ တင်ပြတဲ့အခါ ကျတော့ တိုင်းပြည်ကိုပါ ပြောရတာဖြစ်တော့ နည်းနည်းတော့ Transaction ဥက္ကဋ္ဌကိုတော့ အားနာပါတယ်။ ၂၀၁၃ ပြီးရင်တော့ ကျွန်တော်တို့ လက်ပမ်းကျလာမှုတွေကို ဗိုလ်ချုပ်တို့ဘက် ကလည်း ပြန်စဥ်း စားပေးပါအုံးလို့ ပြောတာရှိပါတယ်။ ကျွ န်တော်တင်ပြလိုတဲ့ သဘောကတော့ အဖွဲ့ချုပ်တွေအနေနဲ့က တော်တော်လေးကို ဂုဏ်ယူချင်ပါတယ်။ လေးလေးနက်နက်လည်း

လုပ်ပါတယ်။ ဥပမာ  အလေးမ၊ အလေးမသည်  အမြင်နဲ့ကြည့်ရင်  ဒိုင်အနေနဲ့က ပုံစံမှန်တယ် မမှန်ဘူး စက္ကန့်ခိုးတယ်မခိုး ဘူး။  ဒီဟာလောက်ပဲရှိတယ် ကျန်တာကတော့ သူ   မနေတဲ့ဥစ္စာကို နည်းစနစ်မှန် မသွားဖို့ဘဲရှိတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ Sea Game မှာ မြန်မာ့အလေးမသမိုင်းမှာ ပထမ ရွှေလွတ်တဲ့ပြိုင်ပွဲပါပဲ၊ အဲဒီတော့ ကျွန်တော်တို့ လိုက်ကြည့်တဲ့အချိန်မျိုးမှာ ကျွန်တော်တို့က အလေးမကို တတိယ ကျွန်တော်တို့ စံချိန်  အကုန်လုံးယူနေတဲ့  အချိန်မှာ  (၈၇)ကီလိုဆိုပါတော့။ အဲဒီမှာ ထိုင်းက အမျိုးသ  မီးက စတင်ကတည်းက   (၈၉)နဲ့ စတင်သွား တယ်။ ပထမအကြိမ်မှာ ကတည်းက ဖြစ်တယ်။သူဟာ လန်ဒန်အိုလံပစ်ကို ပြိုင်မယ့်သူလည်းဖြစ်တယ်။

ကျွန်တော်  တင်ပြလိုတဲ့သဘောက ခုနက လွှတ်တော်  ကိုယ်စားလှယ်များ  ဆွေးနွေး သလိုပါပဲ။   သာမန်အားဖြင့်   ကျွန်တော်တို့ လူ့   စွမ်းအား   အရင်းအမြစ်လျော့ဆင်းလာတဲ့ အချိန်တိုင်းမှာ ကျွန်တော်တို့စံချိန်လျော့ပါးမှုဟာ အလိုလိုတွဲပါနေတယ်ဆိုတာလေးကို ကျွန်တော် တင်ပြလိုခြင်း  ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဖွဲ့ချုပ်များအနေနဲ့   က အဲဒီသူတို့   ပြိုင်ပွဲတွေကို လည်းပဲ ပုံမှန်ကျင်းပနေလျက်   ရှိပါတယ်။ ဒီကြားထဲမှာ သူ  တို့တွေက  Sea  Game  များရဲ့ အလေ့အထအရ Sea Game မတိုင်မီ Pre-Sea Game ဆိုတာလည်းသူတို့ လုပ်ကြရမှာ ဖြစ်ပါတယ်။ အဲဒီ Pre-Sea Game မှာလည်း ကျွန်တော်တို့က ပြင်ဆင်ပေးရဦးမှာပဲ ဖြစ်ပါတယ် လို့ ကျွန်တော်က တင်ပြလိုခြင်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဖွဲ့ချုပ်များအနေနဲ့က အားကစား အသုံးအဆောင်ပစ္စည်း  facility  အပြည့်အစုံလုပ်ပေးရဦးမှာ  ဖြစ်ပါတယ်။  ဒီနေရာမှာထပ်ပြီး တော့ ကျွန်တော်တို့အတွက် Pressure တစ်ခုတွေ့လာတာဆိုတာ ဆွေးနွေးရင်းနဲ့ သိလာပါတယ်။ ဒုတိယအားကစားပြိုင်ပွဲမဏ္ဍိုင်ကြီးကတော့ရင်     နှစ်စဉ်ကျင်းပပေးလျက်ရှိတဲ့     ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲတွေပဲ    ဖြစ်ပါတယ်။ ဝန်ကြီးဌာန  ပေါင်းစုံ  ပါဝင်သောဆိုတာ ခုနကကိုယ်စားလှယ်ကြီး       ရှင်းပြသလို ဝန်ကြီးဌာနတွေက ကစားနေတာကတော့ ဒါစည်းရုံးရေးပါပဲ။ အဲဒါကို ကျွန်တော်  ဆိုလိုတာမဟုတ်ပါဘူး။ အမျိုးသားတံခွန်စိုက် အားကစား ပြိုင်ပွဲဆိုတာ ဝန်ကြီးဌာန အပြင်ကျန်တဲ့ ကလပ်တွေရှိရင်လည်း ပြိုင်လို့ ရတဲ့အတွက် အမျိုးသား တံခွန်စိုက်လို့     ပြောထားတာဖြစ်ပါတယ်။     ပြီးခဲ့တဲ့အပတ်က ရန်ကုန်မှာ အမျိုးသား တံခွန်စိုက်ပြေးခုန်ပစ်အတွက်ကို ဖွင့်ပွဲ   ကျွန်တော်  သွားရပါတယ်။ ပရိ သတ်ဆိုလို့  ကျွန်တော်တို့ ဒီက သွားတဲ့လူ  အားလုံးပေါင်း   အဖွဲ့ချုပ်ကလူအယောက်(၂၀)တောင် မပြည့်ဘူးထင်ပါတယ်။ ပြိုင်ပွဲဝင်အသင်း(၈၇)သင်းပဲ ရှိပါတယ်။ ပြိုင်ပွဲဝင် အားကစားသမားဟာ(၉၀)ကျော်ပဲ ရှိ ပါတယ်။

ပြိုင်နေတဲ့သူတွေကလည်း ကျွန်တော် မြင်နေကျလူတွေပဲ ဖြစ်နေပါတယ်။ အဲဒီတော့ ပြေးခုန်ပစ် သမိုင်းမှာ ပြန်ကြ ည့်တဲ့အခါကျတော့ ဒီကျွန်တော်တို့ မျိုးဆက်သစ်တွေရဲ့ မြန်မာစံချိန်ချိုးနို င်မှု မြန်မာပြည်စံချိန်ပြောတာပါ။ ခုနပဲ ကိုယ်စားလှယ် ဦးမြင့်ထွန်း နဲ့ တိုင်ပင်ပါတယ်။ သူကလည်း ပြေးခုန်ပစ်အားကစားမှာ ဥက္ကဋ္ဌ အဖြစ် လုပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်တို့ ပြေးခုန်ပစ်မှာ ရွှေတွေ အများကြီးယူခဲ့တယ်။ ၁၉၈၀ ခုနှစ် ဟိုဘက်ပိုင်းကတင်ခဲ့တဲ့ ဂျင်မီခရင်တန် တို့၊ ခင်ခင်ထွေး တို့ စသည်ဖြင့် အားလုံးသိပါတယ်။ သန်းသန်းဌေးတို့ ဒီအမျိုးသား အမျိုးသမီးတွေရဲ့ ခေတ်ပေါ့။ ဟိုဘက်က မီတုံးနော် ခေတ်ပြီးရင် ဒီဘက်အလွန်မှာ ကိုကိုတို့ဂျင်မီ ခရင်တန် တို့ခေတ်ပေါ့။ အဲဒီခေတ်တွေမှာ တင်ခဲ့ တဲ့ မြန်မာပြည်စံချိန်ကို ဒီနေ့ ၂၀၀၀ ပြည့်နှစ်လွန်ရဲ့ နောက်ပိုင်းမှာ ချိုးနိုင်တာဟာ ၂၀၀၂ ခုနှစ်က မြန် မာပြည် စံချိန်သစ်တင်ခဲ့တဲ့ ကိုမြင့်ထွန်းခေတ်ပါပဲ။ ယဉ်ယဉ် ခိုင်၊ ကေခိုင်လွင်၊ မြင့်မြင့်အေး စသည်ဖြင့် မီတာ(၄၀၀)ရဲ့မေများရဲ့ ခေတ်တစ်ခေတ် ပဲ မြန်မာပြည် စံချိန်သစ်ကို တင်နိုင် ပါတယ်။ ကျန်တာ တွေဟာ ၂၀၀၀ ခုနှစ် စံချိန်ကို မချိုးနိုင်ကြသေးပါဘူး။ ဒီမှာလည်းတင်ပြ လိုတာက မျိုးဆက်သစ် အားကစားထဲမှာ ပြေး ခုန်ပစ်ဟာ လူစိတ်ဝင်စားမှုနည်းပြီး ခုနက ကိုယ်စားလှယ်များတင်ပြတဲ့ ဆုကြေးလည်း မက်လုံးလည်း နည်းလို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မျိုးဆက်သစ်တွေ ကလည်းပဲ ပြေးရတာကို စိတ်မဝင်စားတော့ဘူး ထင်ပါတယ်။ အရမ်းရှား နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကို လိုက်လံ တွေ့ဆုံတဲ့အခါမှာ ပညာရေးနဲ့ပေါင်းစပ်တဲ့အခါမှာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တွေ့တယ်။ တိုင်းဒေသကြီးက ဝန်ကြီးတွေနဲ့တွေ့တယ်။ ပညာရေးမှူးနဲ့ တွေ့ပြီးတော့ရင် ဒီပြေးခုန်ပစ် အားကစားကို အနည်းဆုံးတော့ (၅၀၀၀)၊ (၁၀၀၀၀) ပြိုင်ပွဲတွေကို မှန်မှန်လုပ်ပေး ကြပါ။ ဒီဟာကလည်း ဆုကြေးကို အား/ကာကော်မတီက လုပ်ပါ။ ကျွန်တော်တို့ဘက်ကလည်းပဲ ကျွန်တော်တို့ ပြန်လည်ဆွေးနွေးပြီးတော့မှ ဒီဟာကို ခုနကလိုပေါ့ တိတိကျကျ မပြောနိုင်သေးတာ တစ်ခုပါပဲ။ အဲဒီတော့ ဒါကို လုပ်သွားဖို့ ရှိတယ်။ အဲဒီတော့ ပြေးခုန်ပစ်ကိုမွေး ပါလို့။ ပြေးခုန်ပစ်ဟာ SOS ပေါ်ရမယ့် အနေအထားမျိုး လေးဖြစ်ပါတယ်။ ဆုတံဆိပ်ပေါင်း (၄၆)ခုမှာ ကျွန်တော်တို့ရနိုင်တဲ့ဆုတံဆိပ်ဟာ ပြီးခဲ့တဲ့ တစ်ခေါက်ကလည်း ရွှေမရခဲ့ဘူး။ အနာဂတ်မှာ စံချိန်တွေကြည့်လိုက်ရင်လည်းပဲ ထိုင်းနိုင်ငံက အလျားခုန်ကို ၇.၈ မီတာလောက် ခုန်နေတဲ့ အချိန်မှာ (၈)မီတာနီးပါး လောက်ခု န်နိုင်ပါတယ်။ ကျွန်တော်တို့က (၇)ရဖို့ အနိုင်နိုင်

ဖြစ်နေပါတယ်။ ဂျနီဖာတင်လေးရဲ့ တစ်ချိန်ကတင်ခဲ့တဲ့ မြန်မာစံချိန်သံလုံးဟာ ဒီနေ့ခေတ် Sea Game Champion နဲ့စာလို့ရှိရင် တစ်မီတာ ပြတ်နေတယ်။ သံလုံးပစ်ကိုတစ်မီတာ လိုက်မီဖို့ဆိုတာ နောက် ခန္ဓာကိုယ်၊ ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့သလိုပဲ ၊ ခန္ဓာကိုယ် အလေးချိန်ဖွံ့ထွားမှုဟာ သံလုံးတစ်လုံးမပြီးပစ်ဖို့ဆိုတာ တော်တော်လေးကို ရှားပါးနေပြီ ဖြစ်ပါတယ်။

ကျွန်တော်ဆိုလိုတာကတော့ ဆင်ခြေတွေပေးခြင်းတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ အနေနဲ့က မျိုးဆက်သစ်ကို လည်းရှာဖွေတယ်။ ပြိုင်ပွဲတွေလည်း လုပ်နေတယ်။ အဖွဲ့ချုပ်တွေ လည်း အားပေးနေတယ်ဆိုတာလေးကိုလည်း ကြားဖြတ်အနေနဲ့ တင်ပြတာဖြစ်ပါတယ်။ တတိယ မဏ္ဍိုင်ဖြစ်တဲ့ ပြိုင်ပွဲကတော့ရင် အားကစားတွေမှာ သာမကပဲနဲ့ ခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးပေးတဲ့ ပညာရေးတွေမှာ ထူးထူးချွန်ချွန်ဖြစ်လာစေရန် ရည်ရွယ်ပြီးတော့ မျိုးဆက်သစ် အားကစားသမားတွေကို စနစ်တကျရွေးချယ်ပြီး အားကစားနဲ့ ကာယပညာသိပ္ပံများမှာအခြေခံနဲ့ ခေတ်မီအားကစားနည်းစနစ်များ၊ နည်းပြဆရာများနဲ့ သင်ကြားခြင်း၊ ပညာရေးသင်ခန်းစာများ ကိုလည်းပဲ သင်ကြားပေးခြင်း (၁၀)တန်း အောင်သည် အထိပေါ့။ ကွန်ပျူတာ၊ Language Lab များစသည်ဖြင့် ခေတ်မီပညာ ရပ်များကိုလည်း တီးမိခေါက်မိအောင် သင်ကြားပေးခြင်းဆိုတာ ရှိပါတယ်။ ဒီကလေးတွေကတော့ (၇)တန်းကနေ (၁၀)တန်းအထိသင်ကြားပေးပြီးတော့မှ (၇)တန်း မတိုင်မီက တော့ သူ့ ရဲ့ဒေသမှာ သင်ကြားလာပြီး ကျွန်တော်တို့တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ အားကစားညွှန်ကြားရေးမှူးတွေက မျိုးဆက်သစ်စုဆောင်း ပြီး တော့မှ သင့်တော်သူများကို မန္တလေးနဲ့ ရန်ကုန်မှာ ရှိတဲ့ သိပ္ပံကို ပို့ပါတယ်။ ဒီနေရာမှာတော့ ကျွန်တော်က အားကစားကျောင်းကြီးများ ကဲ့သို့ပဲ ထားပြီးတော့ လေ့ကျင့် ပေးရာမှာ နည်းစနစ်ပိုင်းဆိုင်ရာ တော့ သူတို့ရပါတယ်။ နည်းပြတွေဟာလည်း နောက်ဆုံးနည်းစနစ် သင်တန်းတွေ တက်ရောက်ပြီးသူများဖြစ်ပါတယ်။ ဒီကလေး တွေကို စံချိန်မီအောင်တက်တဲ့ အခါကျတော့ ကျွန်တော်တို့ နိုင်ငံမှာ လက်ရွေးစင်ဖြစ်တဲ့ သူတွေအများကြီးဖြစ်သွားပါတယ်။ ပြီးခဲ့တဲ့ Sea Game မှာ ရွက်လှေနဲ့ ပတ်သက်လို့ ထူးဆန်းတာတစ် ခုက သိဂီဝင်းရွှေဆိုတဲ့ ကောင်မလေးက သူလာတာက ဘောလုံး ၊ အားလုံးက ဘောလုံးပဲ စိတ်ဝင် စားတော့ အမျိုးသမီးကလည်း ဘောလုံး၊အမျိုးသားကလည်း ဘောလုံး ဟိုမှာသာ ဘောလုံးနဲ့ကန်တော့ သူက ပယ်ကျဖြစ်တဲ့အခါကျတော့ ဒီကလေးမလေးက မပြန်ချင်ဘူး ။ အားကစားသမားဖြစ်တဲ့

အတွက်ကြောင့်မို့လို့၊ အဲဒီတော့ ကျောင်းကကျောင်းအုပ်က ဖယ်ထားလိုက်ပြီးတော့ရင် သူကတော့ အရည်အသွေးရှိတယ်။ သူ့ကို ခဏအရန်လုပ်ထား၊ အဖွဲ့ချုပ်လာရင် ပေးလိုက်မယ် ဆိုတော့ ရွှက်လှေက ဦးမိုက်ကယ်မိုးမြင့် တို့လာတဲ့အချိန်မှာ၊ Federation ဥက္ကဋ္ဌလာတဲ့ အချိန်မှာ ဒီကလေးမကိုပေးလိုက်တယ်။ သူ့ ကို(၂)လခွဲ၊(၃)လလေ့ကျင့်ပြီးတော့မှ Sea Game ကိုခေါ်သွားတာ သူငွေရတယ်။ ဒါပေမဲ့ ပထမရတဲ့စင်ကာပူကနဲ့တော့ မီတာ ၂၀ လောက်ပြတ် နေတယ်။ ဒါလည်း နောင်ကျ ရင် အလားအ လာရှိသွားရင် လေကြောင်းသိရင်၊ ရေအကြောင်း သိရင် ဒါရသွားနိုင်တယ်။ ကျွန်တော်တို့နဲ့ တတိယဖြစ်တဲ့ ထိုင်း ကျတော့ မီတာ (၈၀)လောက် ဖြတ်ပစ်လိုက်တယ်။ ဆိုလိုတာက အားကစား တက်လမ်းဖြစ်တဲ့ကလေးဟာ လေ့ကျင့်မှုနဲ့ နည်းစနစ်ပေါင်းရင် သူ့ကိုယ်ရည်ကိုယ်သွေး ပေါင်းသွားရင်လည်း ဖြစ်နိုင်တယ်။ ဒီလိုကလေးမျိုး အတွက်ကို ကျွန်တော်တို့က သိပ္ပံနှစ်ခုထားပြီးတော့ လေ့ကျင့်လျက်ရှိပါတယ်ဆိုတာကို ပြောကြား လိုခြင်း ဖြစ်ပါတယ်။

ယခု တော်တော်များများ M.N.Legue မှာ ကစားနေတဲ့ ကစားသမား အချို့တွေ၊ ဘော်လီဘောမှာ ကစားနေတဲ့ တ ချို့လက်ရွေးစင်တွေ၊ တ ချို့ ဂျူ ဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို ၊ လက်ဝှေ့စတဲ့ ကစားနည်းတွေမှာ ရှိတဲ့ လက်ရွေးစင် တော်တော်များ များဟာ ကျွန်တော်တို့ အား/ကာသိပ္ပံကအောင်တဲ့ကလေးတွေ၊ ရွေးထားတဲ့ကလေးတွေဖြစ်ပါတယ်။ သို့သော်ငြားလည်း ခုနက လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ပြောသလိုပါပဲ ။ ကျွန်တော်တို့ရဲ့ အားကစား သမား Density ဟာ လူဦးရေသန်း (၆၀)နဲ့မခံဘဲနဲ့။ လူဦးရေ(၅)သောင်း ဒါတောင်များနေမယ် ထင်ပါတယ်။ မပိုတဲ့ လူအရေအတွက်ကနေ ရွေးချယ်ထားတာဖြစ်တဲ့ အတွက် ကျွန်တော်တို့ရဲ့ လူဦးရေနဲ့ တွက်လိုက်လို့ရှိရင် ဒါက တစ်ခြားစီ ဖြစ်နေပါတယ်။ ခုနက စင်ကာပူနိုင်ငံ ဥပမာပေးတဲ့ ကိုယ်စား လှယ်ကြီးပြော သလိုပဲ လာအိုပင်လျှင် Population Density နဲ့ ကြည့်မယ်ဆိုရင် အားကစားသမား အရေအတွက်က များနေတယ်ဆိုတာမျိုးက ကျွန်တော်တို့ စစ်တမ်းတွေအရ တွေ့နေပါတယ်။ နောက် စတုတ္ထ မဏ္ဍိုင်ကတော့ ပညာရေး ဝန်ကြီးဌာနနဲ့ ပေါင်းစပ်ကျင်းပတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများက လက်ရွေးစင်အားကစားသမားများကို ရွေးချယ်စခန်းသွင်း လေ့ကျင့် ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ လုပ်နေပါပြီ ။ လောလောဆယ်မှာ ခုနက

အားလုံးသိတဲ့အတိုင်းပါပဲ ။၂၀၁၃ Sea Game ကို မမီသော်ငြားလည်း အစ ရသွားပါပြီ။ အစရတဲ့အတွက် နောင် (၂၈) Sea Game စင်ကာပူ၊ (၂၉) Sea Game ကမ္ဘောဒီးယား ဒီနေရာတွေမှာတော့ရင် ဒီကလေးတွေဟာ မီသွားနိုင် တယ်။ သူတို့တွေဟာ စဉ်ဆက်မပြတ် ကစားနေဖို့ဆိုတာတော့ ခုနကမိဘများနဲ့ ဒီကလေးများအနာဂတ် သူတို့ကိုယ်သူတို့ ဖန်တီးဖို့ လိုအောင်မူတည် လာပါလိမ့်မယ်။ ဒီနေရာမှာ ပြည်နယ် /တိုင်းတွေကနေ စုစည်းဖို့ဆိုတဲ့ သဘောတရား တစ်ခုကလည်း မှန်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ သူတို့အနေနဲ့က ခေတ်မီပညာရေး ဖွံ့ဖြိုးမှုနည်းစနစ်နဲ့ဆိုလို့ရှိရင် အလှမ်းဝေး နေပြီးတော့ အားကစားကသာလျှ င် သူတို့ဘဝကို မြှင့်တင်နိုင်တဲ့အနေအထားမျိုးတွေဖြစ်ပါ တယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခင်ရွှေ ပြောသွားသလိုပါပဲ။ အောင်ငှိမ်းတို့ အမျိုးသမီးမြှားအသင်း (၃)ယောက်တွဲမှာရတဲ့ (၃)ယောက်စလုံးဟာ မင်းတပ်က ကလေးတွေ ဖြစ်နေပါတယ်ဆိုတာ ဒါတွေဟာ သူတို့အတွက်ကတော့ အနည်းအပါးစည်းရုံး နိုင်ရင်ရမှာပဲ။ ဒါတွေကို ကျွန်တော်တို့ ဆက်လက်လုပ်သွားမယ် ဆိုတာလည်း တင်ပြလိုပါတယ်။

နောက် ပဉ္စမမဏ္ဍိုင်ကတော့ ကျင်းပနေတဲ့ တပ်မတော်ကြည်း၊ ရေ၊ လေ အားကစား အဖွဲ့များမှ အလားအလာရှိသော အားကစားသမားများကို ရွေးချယ်စခန်းသွင်း လေ့ကျင့်ပေး နိုင်ရေးဆိုတာပါ။ တပ်မတော်အနေနဲ့ကတော့စနစ်ရှိတဲ့ အဖွဲ့အစည်းဆိုတော့ ပြောစရာ မလိုပါဘူး။ သူတို့မှာ နည်းစန စ်ပိုင်းဆိုင်ရာက ဒုတိယ နောက်ကျနေ ပေမယ့်လည်း ပုံစံကတော့ အသားဝင်နေပြီဖြစ်ပါတယ်။ အမျိုးသား ၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကာကွယ်ရေးက တော်တော်လေး အနေအထားဖြစ်ပါတယ်။ ကျန်တဲ့ဌာနတွေ အဲဒီလောက်အထိပုံစံနဲ့ မကစားနိုင်ပဲ ကာကွယ်ရေးကတော့ ပုံစံထဲမှာစနစ်တကျနဲ့ ဝင်လာတာဖြစ်ပါတယ်။ သို့သော်ငြား လည်း ပြိုင်ပွဲဝင်အနေအထား ကန့်သတ်ချက်တွေဟာ အခုလာမယ့်နှစ်တွေမှာ ပြန်ပြီးတော့ရင် ကျယ်ပြန့်လာမယ်လို့ ကျွန်တော်တို့ မျှော်မှန်းပါတယ်။ ကျွန် တော်တို့လည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို တွေ့ဆုံပြီးတော့ ဒါကိုတ င်ပြတောင်းခံတဲ့အခါမှာ ဒီအားကစားဘက်ကို ပြန်လည်ပြီးတော့ တပ်မတော်သားတွေ ကစားနေတဲ့အခွင့်အလမ်း တွေ ၊အချိန်ပေးနိုင်တာကို ရောက်လာပါလိမ့်မယ်။ အခု ၂၀၁၁ ခုနှစ်အတွင်းမှာပဲ နိုဝင်ဘာလမှာ ဇေယျာသီရိ အားကစားကွင်းကြီးပြီးသွားရင် ဒီမှာ တပ်မတော်က အားကစားပြိုင်ပွဲတွေကို ခန့်ခန့်ညားညားနဲ့ ထိထိရောက်ရောက် အားကစားသမားများ အားတက်လာအောင် ကျင်းပသွားဦးမယ်လို့လည်း

အကြမ်းဖျင်း သိထားပါတယ်။ အထက်ပါအားကစားပြိုင်ပွဲ မဏ္ဍိုင်ကြီး(၅)ခုနဲ့ ရွေးချယ် စခန်းသွင်းလေ့ကျင့်ထားတဲ့ အားကစားသမားတွေ ကို ရန်ကုန်မြို့မှာရှိတဲ့ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းများနဲ့ သာမက ဒီနေပြည်တော်မှာပါ၊ ကျွန်တော်တို့က Sport Center တစ်ခု လုပ်ပြီးတော့ လေ့ကျင့်လျက် ရှိပါတယ်။ ဒါ နေပြည်တော်မှာကျတော့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အချို့ သိကြပါတယ်။ အဲဒီ ရွှေကြာပင်မှာရှိတဲ့ စည်ပင်သာယာရေး ကော်မတီပိုင်ဝင်းထဲမှာပဲ ကျွန်တော်တို့က ပြန်ပြီးတော့ ပြန်လည်ငှားရမ်းပြီးတော့ အဲဒီမှာ လေ့ကျင့်ရေးစခန်း ဖွင့်လှစ်လျက်ရှိပါတယ်။ အားကစားစခန်းတစ်ခုအသစ် တည်ဆောက် လုပ်တာနဲ့ ငှားရမ်းတာနဲ့ကြည့်မယ်ဆိုရင်တော့ အသစ်က ဆောက်တာကတော့ ရေရှည် ဖြစ်ပြီးတော့ ငှားရမ်းတာကတော့ ရေတိုအတွက်ဖြစ်တယ်ဆို တာ ဒါအပေါ်မှာ ကျွန်တော်တို့က ငှားရမ်းတဲ့ပုံစံနဲ့ပဲ လုပ်နေတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း Sea Game အတွက် မရှိမဖြစ်တဲ့ လေ့ကျင့်ရေးကွင်းရုံတွေကို ပြည့်စုံစေ ဖို့အတွက် လယ်ဝေးမြို့နယ်မှာ Synthtic Track ပြေးလမ်းပါတဲ့ကွင်း၊ ဒီမှာလည်း စကားမစပ် တင်ပြရလို့ရှိရင် ပြေးခုန်ပစ်ဟာ စုစုပေါင်း (၄၆)ခုပေးထားသော်ငြားလည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံး မှာ နိုင်ငံတကာစံချိန်စံညွှန်းနဲ့မီတဲ့ Synthtic Track ပြေလမ်းတစ်ကွင်းမှ မရှိပါဘူးခင်ဗျား။

အဲဒီတော့ ဒါတွေဟာ အလှမ်းကျယ်နေ တဲ့ကိစ္စတွေကို ကျွန်တော်တို့က ပြန်လည် လုပ်ရပါဦးမယ်။ ဒါတွေကို အားကစားဝန်ကြီး ကိုယ်တိုင် တည်ဆောက်ရေးပိုင်းတွေမှာ အသေးစိတ်လိုက်လံကြည့်ပြီးတော့မှ နေ့စဉ်မပြတ်ဆွေးနွေးမှုတွေနဲ့ညွှန်ကြားမှုတွေနဲ့ ဆောင်ရွက် လျက်ရှိပါတယ်။ နောက်ပြိုင်ပွဲကြီး(၂)ခုကိုတော့ရင် ဇမ္ဗူ သီရိမှာ အားကစားကွင်းရုံတစ်ရုံ၊ ဆိုလိုတာက ဘောလုံးကွင်းကြီး ရယ်၊ အားကစား Indoor ကွင်းရုံ (၃)ရုံ တစ်ခုရယ် ၊ ရေကူးကန်တစ်ခု ၊ ဇေယျာ သီရိမှာ တစ်ရုံ၊ ဒါနေရာ ခွဲထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ရင် ကျန်တဲ့ အားကစားကွင်းတွေ၊ မြှားပစ်တို့ ၊ စက်ဘီးတို့စတဲ့ ဥစ္စာတွေကို လည်းသီးသန့်၊ ပြေးခုန်ပစ် တို့ကိုလည်းသီးသန့် အားက စားကွင်းကိုလည်း ဆောက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လေ့ကျင့်ရေး စခန်းအသီးသီးမှာ ခေတ်မီအားကစား နည်းစနစ်များကို ခေတ်မီအားကစား အထောက်အကူ ပစ္စည်းများ၊ ပြည်တွင်း၊ ပြည်ပနည်းပြများ ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးခြင်း၊ အားကစားစိတ်ပညာဖြင့် Sport phychology ကိုပြောတာ ဖြစ်ပါတယ်။ လေ့ကျင့်မှုတိုးတက်စေရန်လည်း ပံ့ပိုးပေးခြင်း၊ လေ့ကျင့်မှုတွေ

အပေါ်မှာမူတည်၍ လုံ လောက်သောအာဟာရ၊ ဆေးဝါး၊ ဝတ်စုံများလည်း ထောက်ပံ့ ငွေ ပေးပြီး တော့ မှ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ လေ့ကျင့်မှုအရှိန်အဟုန်ရလာချိန်မှာတော့ ပြည်ပတွင် သွားရောက် ပူးတွဲလေ့ကျင့်ခြင်း၊ ပြည်ပမှ လေ့ကျင့်မည့် အားကစား သမားများ ငှားရမ်းလေ့ကျင့်ခြင်း၊ လေ့ကျင့် မှုအရည်အသွေး ဆန်းစစ် ခြင်းနဲ့ ပြေးခုန်ပစ် ပြိုင်ပွဲများ ကျင်းပခြင်း ပြည်ပပြိုင်ပွဲများကို သွားရောက် ယှဥ်ပြိုင်ခြင်းများလည်း ဆောင်ရွက်နိုင်ဖို့ဟာ သူ့ calendar အရလည်း ဆောင်ရွက်လျက် ရှိပါတယ်။ အချိန်တန်ရင် တစ်ဖက် ကျွန်တော်တို့ရဲ့ ပြိုင်ပွဲဝင်နိုင်ငံများဟာလည်းပဲ ကျွန်တော်တို့ ပြိုင်ပွဲ မကျင်းပသေးရင်လှမ်းပြီးတော့မေးပါတယ်။ ဒါတွေကိုကျွန်တော်တို့လုပ်ရပါတယ်။ ဒီကြားထဲမှာလည်း ကျွန်တော်တို့က ဦးဆုံးမြှားတို့ ၊ ဘာတို့ဆိုရင်သွားနေပါပြီ။ ရွက်လှေလည်းသွားနေပါပြီ။ ဒီလိုပြိုင်ပွဲတွေကို သွားရောက်ပြီး ယှဥ်ပြိုင်လျက်ရှိပါတယ်။ ထို့အပြင် အားကစားသမားများ စိတ်ဓာတ်မြှင့် ့တင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပက sponsor များ ဖိတ်ခေါ်ပြီး ဆုချီးမြှင့်ရန်၊ ရန်ပုံငွေရှာပြီးဆုကြေးငွေများ ချီးမြှင့်သွားမည်ဆိုတာကို ပြိုင်ပွဲမတိုင်မီ သင့်တော်တဲ့အချိန်မှာလည်း ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးတဲ့အတိုင်းပဲ ကြိုတင်အသိပေးသွားရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ၊ ပြိုင်ပွဲမှအိမ်ရှင်နိုင်ငံအဖြစ် ထိုက်တန်စွာအောင်မြင်မှုရရှိစေဖို့အတွက် အထက်ပါအတိုင်း ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုနည်းတူ ပြိုင်ပွဲကြီးကို ဂုဏ်သိက္ခာရှိရှိ အောင်မြင်စွာလက်ခံ ကျင်းပနိုင်ဖို့ အတွက်ဆိုတာ ကျွန်တော်တို့ကို လမ်းညွှန်ပေး ထားပြီး သား ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ Sea Game လက်ခံမကျင်းပတာ သက်တမ်း (၂)နှစ်ကျော်၊ (၁၀)နိုင် ငံ (၂)နှစ်ကို တစ်ကြိမ်ဆိုတေ ာ့ သက်တမ်းအနှစ် (၄၀)ကျော် ကင်းပြတ်နေပါတယ်။ ဒီ(၄၀)အတွင်း မှာ အိမ်ရှင်အဖြစ် လက်ခံတွေ့ကြုံမှုဟာ အတွေ့အကြုံနည်း သော်လည်း အသိပညာအားဖြင့် ့တော့ တင်ပြပါအတိုင်း စီစဥ်ထား လို့ ကျွန်တော်တို့မှာ အဆင်သင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲကြီးကိုအစစအဆင်ပြေအောင်၊ ဂုဏ်သိက္ခာရှိရှိ အိမ်ရှင်အဖြ စ် ဆောင်ရွက်နိုင်အောင် ဒုတိယသမ္မတ(၂) ဒေါက်တာ စိုင်းမောက်ခမ်းက နာယက အဖြစ်ပါဝင်ပြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများဖြင့် ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကြိုတင်ပြင်ဆင်ရေး ဦးဆောင်မှုကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်း ပေးထားပြီး ဆပ်ကော်မတီအသီးသီးနဲ့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စတင်

ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပခြင်းမှာ အဆင့်မီဒို င်တွေ၊ ဂျူရီတွေပါဝင် ရရှိတာလည်း အရေးပါတဲ့အခန်းကဏ္ဍ ဖြစ်ပါတယ်။ ဒီဟာအတွက်လည်း ဒိုင်၊ ဂျူရီတွေ မွေးထုတ်ပေးရေး၊ ရွေးချယ် ဆောင်ရွက်ပေးရေးကို စတင်ဆောင်ရွက် နေပြီဖြစ်ပါတယ်။ ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အထောက်အကူပြုမယ့် အရည်အချင်းမီ ဆက်ဆံရေး Liaison များ၊ လုပ်အားပေး လူငယ်များကို Volunteer များကို မွေးထုတ်ပေးနိုင်ရေးအတွက် လျှောက်လွှာခေါ်ပြီး အရည်အချင်းစစ် စာမေးပွဲတွေ ပြုလုပ်ပေးပြီးတော့ အခုဆိုရင် မတ်လမှာ သင်တန်းဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ဒီဟာကလည်းပဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့အခါမှာ မလွဲမသွေ invisible Structure တစ်မျိုးလိုပါပဲ။ အရေးပါတဲ့အခန်းကဏ္ဍဖြစ်ပါတယ်။ ဒါတွေကိုတော့ လူငယ်တွေနဲ့ လေ့ကျင့်သွား ရပါမယ်။ ဒီလိုအခါမှ ကျွန်တော်တို့ နှစ်မှာပဲ စတင်ပြီးတော့ ဒီကိစ္စမှာ လုပ်ငန်းစဉ် စတာကတော့ရင် ကျွန်တော် တို့ အိမ်ရှင်နိုင်ငံအနေနဲ့တင် မကဘဲနဲ့ ကျွန်တော်တို့ရဲ့ ပြိုင် ဘက်မိတ်ဆွေ နိုင်ငံများကပါ ဒီလိုမျိုး Volunteer ကို သတ်မှတ်တဲ့အချိုးအစား၊ အ ရေအတွက်နဲ့ ခေါ်ယူပြီးတော့မှ အပြန်အလှန် ဆောင်ရွက်ကြဖို့ ဆိုတဲ့ လုပ်ငန်းစဉ်ကိုလည်းပဲ ပြီးခဲ့တဲ့ ဒီဇင်ဘာလက ကျင်းပတဲ့အရှေ့ တောင်အာရှ အားကစားဝန်ကြီးများ အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချပြီး ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ အနေနဲ့ ဥက္ကဋ္ဌကြီးကို တင်ပြခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ပြင်ဆင်လာခဲ့တဲ့ အပိုင်းမှာ(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးနှင့်ပတ်သက်လို့မကွေးတိုင်းဒေသကြီးက အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ တင်ပြချက်အပေါ်မှာ အပိုင်း (၁)အနေနဲ့ ကျွန်တော် ဖြေကြားတာ ဖြစ်ပါတယ်။

ကျန်တဲ့အဆိုရှင်များ ဝိုင်းဝန်းဆွေးနွေးတဲ့ကိစ္စကတော့ အနာဂတ်ကိစ္စပါ။ ဒီမှာလည်းပဲ ပြီးခဲ့တဲ့အပတ်က ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးတုန်းက ဒီကိုယ်စားလှယ်ကြီး များ တင်သွင်းတဲ့ အားကစားနဲ့ပ ညာရေးမှာကာယချိန်မှာ အားကစားများကို သင်ကြားဖို့၊ စနစ်တကျ ဆောင်ရွက်ဖို့ အစီအစဉ်ဆိုတာ ကျွန်တော်တို့က မူလပေါ်လစီပေါ်မှာလည်း ကျောင်းများနှင့် ပညာရေးနှင့် အား ကစားပူးပေါင်းဆောင်ရွက်ဖို့ဆိုတာ ကျွန်တော်တို့ အကောင်အထည် ဖော်လျက်ရှိတဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အဆိုပြု၊ အတည်ပြုခဲ့တဲ့ လုပ်ငန်းစဉ် တွေကိုလည်းပဲ ကျွန်တော်တို့လိုက်လံ ဆောင်ရွက်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကိုယ်တိုင်ပဲ သွားပါတယ်။ သွား ပြီးတော့ ကျောင်းတွေမှာ ကစားတဲ့အခါမှာ ပထမဆုံးအချက်ကတော့

ကျောင်းသားများကို ကာယအချိန်မှာ ကစားဖို့၊ ကစားတဲ့အခါမှာလည်း ငယ်ရွယ်စဉ်တွေအ ခါမှာ ဦးဆောင်မှုတွေမလိုအပ်ဘဲနဲ့မပေးဘဲနဲ့ သူတို့ကိုယ်တိုင် Let them Do နဲ့ ကစားဖို့ အခွင့်အရေး Right ကိုပဲ Chanceကိုပဲပေးဖို့ဆိုတာကို ကျွန်တော်ပြောပါတယ်။ကျောင်းတိုင်းမှာလည်းပဲ တစ်ဦးချင်း ဝီရိယထုတ်ရတဲ့ကြိုးတက်ခြင်းတွေ၊ တန်းဘားလွဲခြင်းတွေ၊ Thrash Bar လွဲတာတွေ ဒါမျိုးလေးတွေကို စရိတ်စက သက်သာစွာနဲ့ မြေနေရာနည်းနည်းလိုတဲ့ကိစ္စတွေကိုလည်း ကျောင်းအုပ်ကြီးများနဲ့ ပညာရေးမှူးများက ကျောင်းကော်မတီများက လုပ်သင့်တယ် လို့ လုပ်လည်းလုပ်ပေးပါလို့ တိုက်တွန်းထားပါတယ်။

ဒုတိယအကြိမ်မှာဆိုရင် ပညာရေးဝန်ကြီးဌာန ကတစ်ဆင့် ပြန်လည်ပြီး တော့ စစ်တမ်း စစ်ဖို့တော့ ကျွန်တော်တို့ ဆက်လုပ်သွားပါမယ်။ ကစားတဲ့အခါမှာလည်းပဲ ကလေးများကို ယှဉ်ပြိုင်သွားရမယ့် အားကစားနည်းတွေဖြစ်ဖို့ ယှဉ်ပြိုင်သွားတဲ့နေရာ မှာတော့ Individual ဆိုရင်တော့ ခုန ပြေးခုန်ပစ်တို့၊ လက်ဝှေ့တို့၊ ဝူရှူးတို့၊ကရာတေးတို့ စသည်ပေါ့လေ။ ဒီအေရိုးဗစ်ကစားနည်းတို့ကို လျှော့ဖို့၊ နောက်ပြီးတော့ Group လိုက် ကစားတဲ့ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော မြေနေရာပေးရင်ပေးသလို ကစားဖို့ ဆိုပြီး ကျွန်တော်လိုက်လံ မေတ္တာရပ်ခံ ထားပါတယ်။ ကစားတဲ့အချိန်မှာအခြေခံ Principle ကတော့ (၁)ကတော့ စိတ်ဝင်စား အောင်လုပ်ပေးဖို့ ကလေးတွေကို (၂)ကတော့ စိတ်အားတက်ကြွလာအောင် သူတို့ကိုယ်တိုင် စိတ်အားတက်ကြွလာအောင် လုပ်ဖို့ဘယ်လိုဘယ်အခါမှာ စိတ်အားတက်ကြွ လာမလဲဆိုတော့ ကျွန်တော်တို့ရဲ့ ကိုယ်တွေ့ အတွေ့အကြုံတွေကို ပြောပြပြီးတော့မှ သူတို့ကို ပြိုင်ပွဲဝင်ချင်စိတ် ဖြစ်ရင် သူတို့ စိတ်အားထက်သန်လာမှာပဲ၊ စိတ်အားထက်သန်ရင် ပြိုင်ပွဲဝင်ချင်စိတ်ပေါ်မှာပဲလို့ The Way to Compete ပေါ့လေ။ ကျွန်တော်တို့စစ်သားစကား The Way to Fight ပေါ့။ ဒီဟာပြီးတဲ့ အခါကျမှ ပြိုင်ပြီဆိုရင်တော့ နိုင်ရဖို့ဆိုတာ The Way to Win အနိုင်ရချင်တဲ့စိတ်ကို သူတို့ ကိုသွင်းရပါမယ်။ နိုင်ချင်ပြီ ဆိုရင်တော့ဖြင့်ဘယ်လိုနိုင်အောင် လုပ်မလဲဆိုတဲ့ နောက်ဆုံး Tactic ဖြစ်တဲ့ How to Win မှာတော့ရင်၊ ကလေးများကို ငယ်စဉ်ကတည်း ကသာလျှင် သူ့ဟာသူခေါင်းဆောင်မှု Let them Do လုပ်ပါစေ။အနာဂတ်မှာ သူဟာ အကြောင်းအကျိုး ဆီလျော်ပြီးတော့ ဆုံးဖြတ်နိုင်တဲ့ အတွေ့အကြုံ တစ်ခု ရယူသွားစေမှာ ဖြစ်ပါတယ်လို့ ကျွန်တော်လိုက်လံပြီးတော့ ဆွေးနွေးထားပါတယ်။ သူတို့ဘက်ပိုင်းအနေနဲ့ ပညာရေးဘက်အပိုင်းအနေနဲ့ ဒီဘက်မှာ လူကြီးများဆွေးနွေးသလို ပညာရေးကဏ္ဍဦးစားပေးရန်

မိဘရှိသလို No Choice ဖြစ်နေတဲ့မိဘများ အားကစားဘက်လှည့်လာရင် ကောင်းမှာပဲလို့ ကျွန်တော် တွေးရင်းနဲ့ သူတို့ တွေ တကယ်များ ကျွန်တော်တို့ရဲ့ လိုက်လံ ဆွေးနွေးချက်တွေမှာ အလေးထားပြီး လိုက်လုပ်၊ မလုပ်ဆိုတာတော့ ပြန်လည်စစ်ဆေးမှု နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းသော အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည့် ၂၀၁၃ ခုနှစ် Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ ၊ အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံအားကစား ပြိုင်ပွဲများ၊ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေးချယ်စခန်းသွင်း လေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုဟာ ကျွန်တော်တို့ အားကစားဝန်ကြီးဌာန အနေဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိနေတဲ့ လုပ်ငန်းများလည်း ဖြစ်နေတဲ့အတွက် အဆိုကို လွှတ်တော် မှမှတ်တမ်းတင်ပေးနိုင်ပါရန်နှင့် ကျွန်တော်တို့ကလည်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အထူးကျေးဇူးတင်စွာဖြင့် လေးစားစွာနဲ့ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅:၅၉။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးလှဆွေ က သဘောထားပြန်ပြောပါ။

**ဦးလှဆွေ၊မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့သဘောတူညီချက်အရ ဒီအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အကြောင်းကြားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆း၀၀။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါမြင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၆း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]